# ဂုဏ်တော်ကျော်တန်ခိုး

နှင့်

# အံ့ဖွယ်ကိုယ်တွေ့ဖြစ်ရပ်များ

မောင်ခိုင်ခန့်



တိယအကြိမ်

၂၃၄၄၇

# ဂုဏ်တော်တန်ခိုး

# နှင့်

# အံ့ဖွယ်ကိုယ်တွေ့ဖြစ်ရပ်များ

[illegible]

စာမူခွင့်ပြုချက်အမှတ် - ၇၄/၉၆ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၉ /၉၆ (၉)
ဒုတိယအကြိမ်
၁၉၉၅ - ခုနှစ်၊
အုပ်ရေ (၁၀၀၀)
တန်ဖိုး (၆၀) ကျပ်

ထုတ်ဝေသူ

ဦးအောင်ကြီး (မြ - ၀၉၈၆)
ရွှေပုရပိုက်စာပေ၊ (၅) တင့်ဆန်းလမ်း၊ ဗဟန်းလစ်
ဗဟန်း၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းရိုက်

ဦးကျော်မိုးစိန် (မြ - ၀၃၁၃၇)၊ အောင်သာအောင်ဖ်ဆက်
အမှတ် (၁၇၂)၊ (၃၁) လမ်း၊ ရန်ကုန်မြို့။

ဖြန့်ချိရေး
ကြည်လှမောင်စာပေ

အမှတ် (၁၇)၊ မဟာမြင်းမိုရ်လမ်းထောင့်
ဆရာစံတောင်ရပ်ကွက်၊ ဗဟန်း၊ ရန်ကုန်မြို့။

၂၃၄၄၇

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စာရေးသူ၏အမှာ | |
| ၁။ | (၃၄)သိန်း(၅)သောင်းဆုအပါအဝင် ထီ(၉)ကြိမ်ပေါက်သူတစ်ဦး၏အမိဋ္ဌာန်နှင့် ကျင့်စဉ်ဂါထာတော်များ | ၁ |
| ၂။ | ကြီးကိုးကြီးအဓိဋ္ဌာန်ကျင့်စဉ်နှင့် ဂုဏ်တော်တန်ခိုး | ၂၄ |
| ၃။ | အဆောက်အအုံကောင်းဖြင့်နေရစေသည့် ဂါထာကော် | ၃၆ |
| ၄။ | သူတစ်ပါးစိတ်အကြံအစည်သိစေသည့် ဂါထာတော် | ၄၁ |
| ၅။ | သက်ကယ်ဂါထာတော် | ၄၈ |
| ၆။ | စမ္မခဏ်ဂါထာတော်နှင့်ကိုယ်တွေ့ဖြစ်ရပ် | ၅၀ |
| ၇။ | မိခင်များအားထားရာပရိတ်တော် | ၅၆ |
| ၈။ | သမ္ဗုဒ္ဓေရွတ်၍ သေဘေးမှလွတ်ခဲ့သူ | ၆၁ |

| | | |
|---|---|---|
| ၉။ | ဓာရကာပရိတ်တော်အဓိဋ္ဌာန်တန်ခိုး | ၆၉ |
| ၁၀။ | ဂုဏ်တော်(၉)ပါး (၆)လပုတီးစိပ်<br>အဓိဋ္ဌာန်နှင့် ကိုယ်တွေ့ဖြစ်ရပ် | ၇၈ |
| ၁၁။ | သားသမီးအဖတ်တင်စေသည့်သစ္စာအဓိဋ္ဌာန် | ၈၇ |
| ၁၂။ | မရဏာနုဿတိပွားများအားထုတ်ခြင်းနှင့်<br>ဗောဇ္ဈင်သုတ်တော်ရွတ်ဆိုအဓိဋ္ဌာန်ပြုခြင်း<br>အကျိုးကျေးဇူး | ၉၅ |
| ၁၃။ | မောရသုတ်ရွတ်ဆိုခြင်းအကျိုးကျေးဇူး | ၁၀၂ |
| ၁၄။ | ဦးလှတင်နှင့်မျက်နှာသစ်ကျင့်စဉ်ဂါထာ | ၁၁၂ |
| ၁၅။ | သဝေမပါကိုးဂါထာနှင့်ကိုယ်တွေ့ဖြစ်ရပ် | ၁၂၀ |
| ၁၆။ | အာနာပါနအားထုတ်ခြင်းအကျိုးကျေးဇူး | ၁၂၇ |
| ၁၇။ | ဝေဒနာနုပဿနာမျက်စဉ်း | ၁၃၆ |
| ၁၈။ | အသုဘကမ္မဋ္ဌာန်းစီးဖြန်းခြင်း | ၁၄၉ |

## စာရေးသူ၏အမှာ

ယခုအခါ လူပုဂ္ဂိုလ်အချို့သည် လောကီအကျိုးတစ်ခု တည်းအတွက်သာ ရည်ရွယ်၍ အမိဋ္ဌာန်ပင် ပုတီးစိပ်ခြင်း၊ ဂါထာရွတ်ဖတ် သရဇ္ဈာယ်ခြင်း စသည့်ကိစ္စများကို ဆောင် ရွက်လျက် ရှိကြရာ အောင်မြင်သူများ ရှိသကဲ့သို့ မအောင်မြင် သူများလည်း ဒုနှင့်ဒေးရှိသည်။

အမိဋ္ဌာန်အောင်မြင်သူများမှာ မိမိ ကြိုက်နှစ်သက်ရာ ပုတီးစိပ်နည်းကို ယုံယုံကြည်ကြည်နှင့် သမာဓိရအောင် ကြိုး စားအားထုတ်ခြင်းကြောင့် ဖြစ်သည်။ မအောင်မြင်သူများမှာ ပုတီးစိပ်နေဆဲကာလတွင် သမာဓိအားနည်း၍ မိမိ လိုလား တောင့်တသော အကျိုးတရားကို မျှော်လင့်သည့် လိုချင်စိတ် လောဘကြောင့် ဖြစ်ပေသည်။

ပုတီးစိပ်ခြင်း အကြောင်းကြောင့် အကျိုးတရားများ ရရှိ မည်မှာ အမှန်ပင် ဖြစ်သည်။ ပုတီးစိပ်နည်းအပေါ် မူတည်၍

လောကီ၊ လောကုတ္တရာ နှစ်ဖြာတို့၏ အကျိုးထူးများ ရရှိနိုင်ပေသည်။ သို့သော် မိမိတို့၏ ကံ, ဉာဏ်, ဝီရိယတို့ အပေါ်မူတည်၍ အလုပ်နှင့်လုပ်အားတန်ဖိုးအပေါ် မူတည်၍သာ အကျိုးတရားကို ခံစားကြရသည်။ မြင့်မြတ်သာလွန်သော ဂုဏ်ရည်ထူးကို ရရှိကြသည်။

ပုတီးစိပ်ခြင်းသည်ကား ဗုဒ္ဓဂုဏ်တော်များ၊ ဂါထာတော်များကို နှလုံးသွင်း ဆင်ခြင်ပွားများ၍ ပုတီးစေ့ ချမှတ်ရေတွက်ခြင်းပင် ဖြစ်ပေသည်။ ထို့အတူ မိမိ၏ ပြေးလွှား ဆောကစားနေသည့် စိတ်ကို ထိန်းချုပ်ခြင်းဟုလည်း ဆိုနိုင်ပေသည်။

အာရုံရ၍ သမာဓိအားကောင်းသော ပုတီးစိပ်ခြင်းသည် ထက်မြက်သော အရည်အချင်း ရှိသဖြင့် အရေအတွက်ကယက် အကျိုးထူး သာလွန်သည်။ သမာဓိအားနည်း၍ အရေအတွက်များသော ပုတီးစိပ်ခြင်းကား အကျိုးထူး ရနိုင်မည် မဟုတ်ပေ။

ပုတီးစိပ်ရာတွင် သာမန်ပုတီးစိပ်ခြင်းနှင့် အဓိဋ္ဌာန် ပုတီးစိပ်ခြင်းဟူ၍ နှစ်မျိုးရှိသည်။ သာမန်ပုတီးစိပ်ခြင်းသည် နေရာ၊ အချိန်ကာလမရွေး ပုံစံအမျိုးမျိုးဖြင့် ပုတီးစိပ်ခြင်း ဖြစ်သည်။ ကုသိုလ်ရနိုင်သည့် အခွင့်အရေးကို လက်တွေ့ အသုံးချခြင်းပင် ဖြစ်သည်။

အဓိဋ္ဌာန်ပုတီးစိပ်ခြင်းကား ထိုသို့မဟုတ်။

‘အဓိဋ္ဌာန်ပြုမှ ထူးမည်’ဆိုသကဲ့သို့ ထူးခြားစွာ ဆောင်ရွက်ရသည်။ မိမိရွတ်ဆိုပုတီးစိပ်မည့် ဂုဏ်တော်၊ ဂါထာတော်

များ၏ အနက်အဓိပ္ပာယ်ကို သိရှိနားလည်၍ လောကီ၊ လောကုတ္တရာ တရားဓမ္မ အနှစ်သာရများနှင့် ၎င်းဂုဏ်တော်၊ ဂါထာတော်များ၏ စွမ်းရည်ကို ကြိုတင် သိရှိထားရသည်။

အထူးသဖြင့် အဓိဋ္ဌာန်ပုတီးစိပ်သူသည် ပုတီးစိပ်ခြင်း လုပ်ငန်းကို သီးခြားအချိန်ပေး၍ အဓိဋ္ဌာန်ဝင်ခြင်းပင် ဖြစ်ပေသည်။ သို့အတွက် အဓိဋ္ဌာန်ဝင် ပုတီးစိပ်သူများသည် မိမိနှင့် သင့်လျော်သည့် အချိန်ကို ရွေးချယ်ခြင်း၊ စနစ်တကျ နေရာယူခြင်း၊ သရဏဂုံသီလ ခံယူဆောက်တည်ခြင်း၊ အနန္တော အနန္တငါးပါးအား ရှိခိုးကန်တော့ခြင်း၊ မေတ္တာပို့ခြင်း၊ ဘုရားပင့်ခြင်း၊ မြတ်စွာဘုရားအား ရည်မှန်း၍ မိမိခန္ဓာကိုယ်ကို လှူဒါန်းခြင်း၊ ဖြစ်နိုင်သည့်ကိစ္စအတွက် အဓိဋ္ဌာန်ပြု ဆုတောင်းခြင်း (နိဗ္ဗာန်ဆုပါတောင်းရန်) စသည်တို့ကို ပြုကျင့်ဆောင်ရွက်ရသည်။

ဘုရားဂုဏ်တော်ကို အာရုံပြု၍ ပုတီးစိပ်လျှင် ဂုဏ်တော်ပွားများရသော အကျိုးကို ရရှိစေသည်။ ထို့အတူ 'ဗုဒ္ဓါနုဿတိ' ကမ္မဋ္ဌာန်းတရားကို ပွားများအားထုတ်ပြီး ဖြစ်ပေသည်။

အန္တရာယ်ကင်း ဂါထာများကို အာရုံပြု၍ ရွတ်ဖတ်သရဇ္ဈာယ်ပါက အန္တရာယ်ကင်းခြင်း အကျိုးတရားများကို ရရှိစေနိုင်ပေသည်။

ဗုဒ္ဓမြတ်စွာဘုရား၏ ဂုဏ်တော်၊ ဂါထာတော်များကို စွဲစွဲမြဲမြဲ ဆင်ခြင်ပွားများသူတို့မှာ မဆုံးနိုင်သော၊ မရေတွက်နိုင်သော အကျိုးတရားများကို မုချမသွေ ခံစားရရှိစေနိုင်ပါသည်။ အထူးသဖြင့် ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်များကို ကိုးစားယုံကြည်ပွားများသူမှာ ယခုဘဝ မျက်မှောက်ကာလ၌ပင် လောကီ၊ လောကုတ္တရာ နှစ်ဖြာ၏ ကောင်းကျိုးအနန္တ ခံစားရရှိစေနိုင်သည်။ သို့ပါ၍ စာရေးသူအနေဖြင့် **'ဂုဏ်တော်တန်ခိုးနှင့် အံ့ဖွယ်ကိုယ်တွေ့ဖြစ်ရပ်များ'** စာအုပ်ကို ရေးသားတင်ပြလိုက်ရပေသည်။

မောင်နိုင်ခန့်

◆ ◆ ◆

နမောတဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

# ထီကိုးကြိမ်ပေါက်သူတစ်ဦး၏ အဓိဋ္ဌာန်နှင့် ကျင့်စဉ်ဂါထာတော်များ

ထီကိုးကြိမ်တိုင်တိုင် ပေါက်ခဲ့သည့် မင်္ဂလာဒုံစစ်ဆေးရုံမှ တပ်ကြပ်ကြီး အုန်းခင်နှင့် ဇနီးဒေါ်စန်းမြင့်တို့ထံ သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည်။

တပ်ကြပ်ကြီးအုန်းခင်သည် သူ၏ဘဝတစ်သက်တာတွင် ထီ ကိုးကြိမ်တိုင်တိုင် ပေါက်ခဲ့သူတစ်ဦးဖြစ်သည်။ နှစ်ကျပ်တန်ထီမှ တစ်ဆယ်ကျပ်တန်ထီအထိ ကိုးကြိမ်ပေါက်ခဲ့သည့် အနက် (၄၇) ကြိမ်မြောက်မှ စ၍ (၄၈) ကြိမ်၊ (၄၉) ကြိမ်၊ (၅၀) ကြိမ်၊ (၅၁) ကြိမ် အထိ ထီဆက်တိုက်ပေါက်ခဲ့သည်။ (၅၁) ကြိမ်မြောက်တွင် အထူးမင်္ဂလာစုံတွဲမှ တ – ၅၈၆၆၆၂

နံ့ပါတ်ဖြင့် သုံးသိန်းဆု ဆက်ပေါက်ပြီး စုစုပေါင်း ဆုငွေကျပ် ၃၄၅၁၅၀၀/– (ကျပ် သုံးဆယ့်လေးသိန်းငါးသောင်းတစ်ထောင့်ငါးရာ) ကို ဆွတ်ခူးရရှိခဲ့သည်။

တပ်ကြပ်ကြီးအုန်းခင်သည် ထီစတင် ထိုးစဉ်ကပင် မိဘများ ထောက်ပံ့ရန်နှင့် လှူဒါန်းရန်အတွက် အဓိဋ္ဌာန်၍ ထီထိုးသည်။ ဆုကြီးပေါက်လျှင် မိဘများကို တစ်သိန်းစီ ထောက်ပံ့ လှူဒါန်းမည်။ စေတီပုထိုး ဘုရားများကို ကျပ်ငါးသောင်းစီ လှူဒါန်းမည်ဟု ဓိဋ္ဌာန်ထားသည်။ ထီထိုးသည့်အခါတိုင်း အဓိဋ္ဌာန်ဝင်သည်။ ထီစတင်ထိုးစဉ်ကပင် ထီပေါက်လျှင် တစ်ဝက်ကို လှူဒါန်းမည်ဟု ရည်ရွယ်ချက်ထားသည်။ ထို့အတူ မိခင်ကြီးအား ပေးကမ်းထောက်ပံ့ လှူဒါန်းမည်ဟု အမြဲ စိတ်ကူးထား၏။ ဓိဋ္ဌာန်သည့်အတိုင်းလည်း ပေါက်သည်။ (၅၁) ကြိမ်မြောက်တွင် ထူးထူးခြားခြား ဓိဋ္ဌာန်လိုက်သည်မှာ ဆုကြီးပေါက်လျှင် သုံးပုံနှစ်ပုံကို လှူဒါန်းမည်ဟု ဓိဋ္ဌာန်၍ ထီထိုးခဲ့၏။ အဓိဋ္ဌာန်ဝင်၏။ (၄၅) ရက်တိုင်တိုင် သက်သတ်လွတ်စား၍ နိစ္စဓူဝ ပြုကျင့်ရမည့် ပုတီးစိပ်ခြင်း၊ ဂါထာတော်များကို ရွတ်ဆိုခြင်း၊ မေတ္တာပို့ခြင်း၊ အမျှအတန်းဝေခြင်းတို့ကို ဝတ်မပျက် တိကျစွာ ဆောင်ရွက်နိုင်ခဲ့သည်။ တပ်ကြပ်ကြီးအုန်းခင်၏ အဆိုအရ အဓိဋ္ဌာန်အောင်ခြင်းသည် သူ၏မိခင်ကြီးအပေါ် မေတ္တာထားခြင်း၊ စိတ်ချမ်းသာစေရန် ဆောင်ရွက်ခဲ့

ခြင်းတို့ကြောင့် ဆုကြီးပေါက်သည်ဟု ပြောပြသည်။ (တပ်ကြပ်ကြီးအုန်းခင်၏ မိခင်ကြီးအပေါ် ထားရှိသည့် စိတ်နေသဘောထားနှင့် မိဋ္ဌာန်ဝင်နည်း၊ ပုတီးစိပ်နည်း၊ ရွတ်ဆိုသည့် ဂါထာတော်များကို အောက်တွင် သီးခြား ဖော်ပြပါမည်)

ထိုဆုကြီးပေါက်သဖြင့် တပ်ကြပ်ကြီးအုန်းခင်နှင့် ဇနီးဒေါ်စန်းမြင့်တို့သည် ထူးထူးခြားခြား စိတ်ဓာတ်ပြောင်းလဲမှု မရှိ သကဲ့သို့ ဝမ်းသာဝမ်းနည်းမဖြစ်ကြောင်း သိရပါသည်။ မိဋ္ဌာန်ထားသည့်အတိုင်း လှူဒါန်းရန်သာ စိတ်အားထက်သန်နေခဲ့ကြသည်။

ဆုကြီးပေါက်လျှင် သုံးပုံနှစ်ပုံ လှူဒါန်းမည်ဟု မိဋ္ဌာန်ခဲ့ပြီးနောက် တကယ်ဆုကြီးပေါက်လာသည့်အခါ အမိဋ္ဌာန်ထားသည့် ရည်ရွယ်ချက်အပေါ် ထားရှိသည့် စိတ်နေသဘောထားကို စာရေးသူက မေးကြည့်သည်။ ထိုစဉ် တပ်ကြပ်ကြီးအုန်းခင်က "လူလူချင်းကတော့ လိမ်လို့ရပါတယ်ဗျာ၊ ဒါပေမယ့် ဘုရားကိုတော့ လိမ်လို့မရဘူး။ အဲဒီတော့ မိဋ္ဌာန်ထားတဲ့အတိုင်း လှူဒါန်းပါတယ်" ဟု ပြောပြသည်။

ဆရာကြီးအုန်းခင်နှင့် ဇနီးဒေါ်စန်းမြင့်တို့သည် ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့သည့် 'လင်နတ်သား၊ မယားနတ်သမီး' နှင့်တူသော ဇနီးမောင်နှံ ဖြစ်ပါသည်။ နှစ်ဦးစလုံး ဗုဒ္ဓဘာသာဖြစ်၍ ဘာသာရေးကို လိုက်စားသည်၊ ကိုင်းရှိုင်း

သည်၊ ဆရာကြီးအုန်းခင် ဆောင်ရွက်နေကျ နိစ္စဓူဝ ဓမ္မအလုပ်များကို ဇနီးဖြစ်သူက ဖြည့်ဆည်းသည်၊ ကူညီသည်။

ဆရာကြီးအုန်းခင်၏ အသက်မှာ ၄၂-နှစ်ခန့်ရှိ၍ ဇနီးဖြစ်သူမှာ ၃၅-နှစ် ပတ်ဝန်းကျင်ခန့်သာ ရှိသေး၏။ သမီးသုံးယောက်နှင့်သားတစ်ယောက် ရှိသည်။ ဒေါ်စန်းမြင့်သည် ငယ်ရွယ်သူတစ်ဦး ဖြစ်သော်လည်း ထီပေါက်သဖြင့် စိတ်လှုပ်ရှားမှု တစ်စုံတစ်ရာ မဖြစ်ခဲ့သည်ကို ပြောပြသည်။ အထူးသဖြင့် အလှအပကို လိုက်စားသည့်အရွယ်၊ လိုက်စားနိုင်သည့်အရွယ် ဖြစ်သော်လည်း ချမ်းသာ၍ မတုန်လှုပ်ခဲ့သည်ကို သိရသည်။

ဒေါ်စန်းမြင့်က 'ဆရာရယ် ဒီလောက်များတဲ့ငွေကို ကျွန်မတို့ မကိုင်ခဲ့ဖူးပါဘူး၊ ကိုင်ရလိမ့်မယ်လို့လည်း မမျှော်လင့်ခဲ့ပါဘူး။ အခုလို ထီဆုကြီးပေါက်လို့ ငွေတွေ ရလာပေမယ့်လည်း ဝမ်းနည်းဝမ်းသာ မဖြစ်ခဲ့ပါဘူး။ ကျွန်မတို့ ထီပေါက်တော့ ထီဆိုင်က ကျွန်မကို စိန်တွေ၊ ရွှေတွေ ဆယ်သိန်းဖိုးလောက် ထုတ်ပြတယ်၊ ကျွန်မ မမြင်ဘူးပေမယ့် မမက်မောခဲ့ပါဘူး။ မိဋ္ဌာန်ထားတဲ့အတိုင်း လှူဖို့တန်းဖို့ပဲ စိတ်ထဲမှာ ရှိပါတယ်' ဟု စာရေးသူအား ပြောပြသည်။

ချိုးကျူးဂုဏ်ယူဖွယ်ကောင်းသော စံပြုလောက်သည့် ဇနီးမောင်နှံ ဖြစ်ပါသည်။ ဒေါ်စန်းမြင့်သည် ဝိဇ္ဇာ (မြန်မာစာ) ဘွဲ့ရတစ်ဦးဖြစ်သည့် အားလျော်စွာ ငွေတည်းဟူသော အရာကို

ပညာချွန်းနှင့် အုပ်ထားနိုင်ခဲ့သည်မှာလည်း အံ့ဩဖွယ် ကောင်းလှသည်။

တပ်ကြပ်ကြီးအုန်းခင်နှင့် ဇနီးဒေါ်စန်းမြင့် တို့သည် ဘုရားတရားကို လိုက်စားသကဲ့သို့ မိဘဆရာသမားအပေါ်တွင် အားကိုး ယုံကြည်မှုရှိသည်။

အထူးသဖြင့် ဆရာကြီးအုန်းခင်သည် မိခင်ကြီးအပေါ်တွင် အထူးဂရုစိုက်သည်။ သူ ၁၀ – နှစ်သားခန့်အရွယ်၊ မိခင်ကြီး ၂၈ – နှစ်အရွယ်တွင် ဖခင်မှာ ကိမ်းပါးခဲ့သည်။ ဖခင်ကွယ်လွန်ချိန်က မိခင်ကြီးသည် အရွယ်ကောင်းဆဲအချိန် ဖြစ်သည်။ တစ်ပင်လဲ၍ တစ်ပင်ထူလိုက ထူနိုင်သော်လည်း မထူဘဲ သားသမီးငါးယောက်ကို ဆင်းရဲပင်ပန်းကြီးစွာဖြင့် လုပ်ကိုင်ကျွေးမွေးခဲ့သည်။ သားသမီးများ ရှေ့ရေးကို ကြည့်ကာ လောကဓံကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ခဲ့သည်။

တပ်ကြပ်ကြီးအုန်းခင်သည် အကြီးဆုံးသား ဖြစ်သည့်အားလျော်စွာ အစ်ကိုကြီး အဖရာဆိုသကဲ့သို့ မိခင်ကြီးနှင့် ညီငယ်များအား သမ္မာအာဇီဝနည်းလမ်း အမျိုးမျိုးဖြင့် ဆင်းရဲပင်ပန်းကြီးစွာ လုပ်ကိုင်ကျွေးမွေးခဲ့သည်။ မိမိကိုယ်တိုင်လည်း အလုပ်လုပ်ရင်း ပညာသင်ခဲ့သူတစ်ဦး ဖြစ်သည်။ မိခင်ကြီးအား စိတ်ချမ်းသာစွာထားခဲ့သည်။

လူအများစုသည် ဆင်းရဲသည့်ဒဏ်ကို ခံနိုင်ကြသော်လည်း ချမ်းသာသည့် ဒဏ်ကို မခံနိုင်ကြပေ၊ တပ်ကြပ်ကြီးအုန်းခင် ကမူ ထီပေါက်၍ ကျပ်ငွေ ၃၅ – သိန်းခန့်ကို ရရှိသော်လည်း တုန်လှုပ်ချောက်ချားမှုမရှိ၊ အေးဆေးတည်ငြိမ်စွာဖြင့်ပင် မိခင်ကြီးအား ထောက်ပံ့ခြင်း၊ ဘုရားကျောင်းကန် စသည်တို့တွင် လှူဒါန်းခြင်းအမှုတို့ကို ပြုအံ၏။ ထို့အတူ ငွေ ရှိလာ၍ မာနမကြီး၊ စိတ်ထားပြောင်းလဲမှု မရှိဘဲ၊ လုပ်ဖော် ကိုင်ဖက်၊ လက်အောက် ငယ်သားများကို ယခင်ကအတိုင်း ဆက်ဆံသည်။ ငင်းပြင် လုပ်ဖော်ကိုင်ဖက်၊ လက်အောက်ငယ်သား ၆၀ – ခန့်ကို တစ်ဦးစီအတွက် ကျပ်တစ်ထောင်ကျော်မျှ အကုန်အကျခံကာ စစ်ဝတ်စုံ တစ်စုံစီ ချုပ်၍ ဒါနပြုခဲ့သည်။

ထို့အပြင် စာရေးသူသည် တပ်ကြပ်ကြီးအုန်းခင်နှင့် ဇနီးဒေါ်စန်းမြင့်ထံ သွားရောက်တွေ့ဆုံစဉ်က အဓိဋ္ဌာန်ကြောင့် ထီပေါက်သဖြင့် အဓိဋ္ဌာန်နည်းကို မေးလျှင် ပြောမှ ပြောပါ့မလားဟု သံသယ ရှိခဲ့သည်။ စာရေးသူ၏ အထင်နှင့်အမြင် တက်တက်စင်အောင် လွဲခဲ့သည်။ စာရေးသူက သူတို့ဇနီးမောင်နှံ၏ အဓိဋ္ဌာန်နည်းကို မေးစဉ် နှစ်ဦးစလုံးက 'ဘာမျှ လျှို့ဝှက်စရာ မရှိပါဘူးဆရာရယ်၊ ကျွန်တော်တို့လို ဓိဋ္ဌာန်ပြီး လူတိုင်းထီပေါက်ပါစေဆိုတဲ့ စေတနာအပြည့် ရှိပါတယ်၊ ကျွန်တော်က နီးစပ်ရာလူလောက်သာ သိအောင် ပြောပြနိုင်ပေ

မယ့် ဆရာတို့က စာနဲ့ ရေးပြရင် ကျယ်ကျယ်ပြန့်ပြန့် ပိုပြီး သိနိုင်တာပေါ့၊ အဓိဋ္ဌာန်တဲ့အခါတုန်းက ပထမ နှစ်ပုံတစ်ပုံ လျှုမယ်လို့ အဓိဋ္ဌာန်တယ်၊ ပေါက်တော့ ပေါက်ပါတယ် ဆု သေးတယ်။ သုံးပုံနှစ်ပုံ လျှုမယ်လို့ ဆုတောင်းဓိဋ္ဌာန်တော့ ဆု ကြီးပေါက်တယ်။ ဒါကို အားလုံးသိဖို့တော့ လိုတယ်ဆရာ' ဟု ပြောပြခဲ့သည်။

ရိုးသား၍ စေတနာပါသော စကားဖြစ်သည်ကို စာရေးသူ ကောက်ချက်ချမိပါသည်။ ထို့နောက် ဆရာကြီးအုန်းခင်က ထီပေါက်စေနိုင်သော အဓိဋ္ဌာန်ဝင်နည်းကို အောက်ပါအတိုင်း ပြောပြခဲ့သည်။

## ဆရာကြီးအုန်းခင်၏ ထီပေါက်စေနိုင်သော အဓိဋ္ဌာန်ဝင်နည်းနှင့် လက်တွေ့ကျင့်စဉ်များ

**မှတ်ချက်**

အဓိဋ္ဌာန်ဝင်လျှင် သက်သတ်လွတ်စား၍ အဓိဋ္ဌာန် ၄၅ - ရက်တိတိ ဝင်ရမည်။ နေ့စဉ် ဝတ်မပျက် အောက်ပါအတိုင်း ပုတီးစိပ်ခြင်း (သို့မဟုတ်) ဂါထာရွတ်ခြင်း ပြုရမည်။ ထီ ပေါက်လျှင် သုံးပုံနှစ်ပုံ လျှုဒါန်းပါမည်ဟု ဓိဋ္ဌာန်ရမည်။

**နံနက်ပိုင်း**

(၁) ယုံကြည်စွာဖြင့် ဗုဒ္ဓမြတ်စွာဘုရားကို ရှိခိုးကန်တော့သည်။

(၂) ငါးပါးသီလ ခံယူသည်။

(၃) နမော ဗုဒ္ဓါယ သိဒ္ဓံ (၁၀၈) ခေါက် ရွတ်ဖတ်သည်။

(၄) အနန္တောအနန္တငါးပါး ပုတီးတစ်ပတ်စိပ်သည်။

၁။ ဗုဒ္ဓဂုဏော အနန္တော

၂။ ဓမ္မဂုဏော အနန္တော

၃။ သံဃဂုဏော အနန္တော

၄။ မာတာပိတုဂုဏော အနန္တော

၅။ အာစရိယဂုဏော အနန္တော

(၅) ကံပွင့်ဂါထာတော် တစ်ပတ်စိပ်သည်။
(၁၀၈ - ခေါက် မိမိနေ့နံအလိုက် သက်ဆိုင်သည့် ဂါထာတော်ကိုသာ ရွတ်ဆိုရပါသည်။)

## တနင်္ဂနွေသားသမီးများ ကုသိုလ်ကံပွင့်စေရန် ဘုရားရှိခိုးဆုတောင်းဂါထာ

မေတ္တေယျော သောဘိတော စ၊
ပီယဒဿီ သိဒ္ဓိဓိဇော။
ရဝိဝါရေ အဘိဇာတာ၊
တေ နမဿာမိ သာဒရံ။
နဝေနာနေန ကမ္မေန၊
ပေါရာဏကံ ဝိနဿတု။

စတုန္နံ ဗုဒ္ဓ တေဇေန၊
သဒါ သုခီ ဘဝန္တုမေ။

## တနင်္လာသားသမီးများ ကုသိုလ်ကံပွင့်စေရန် ဘုရားရှိခိုးဆုတောင်းဂါထာ

သရဏင်္ကရာ နောမာ စ၊
အတ္ထဒဿီ စ ဝေဿဘူ။
စန္ဒဝါရေ အဘိဇာတာ၊
တေ နမဿာမိ သာဒရံ။
နဝေနာနေန ကမ္မေန၊
ပေါရာဏကံ ဝိနဿတု။
စတုန္နံ ဗုဒ္ဓ တေဇေန၊
သဒါ သုခီ ဘဝန္တုမေ။

## အင်္ဂါသားသမီးများ ကုသိုလ်ကံပွင့်စေရန် ဘုရားရှိခိုးဆုတောင်းဂါထာ

ဒီပင်္ကရော ပဒုမော စ၊
ဓမ္မဒဿီ နိရတ္တမော။
ကကုသန္ဓော ဘောမဇာတာ၊
တေ နမဿာမိ သာဒရံ။
နဝေနာနေန ကမ္မေန၊

ပေါရာဏကံ ဝိနဿတု။
စတုန္နံ ဗုဒ္ဓ တေဇေန၊
သဒါ သုခီ ဘဝန္တု မေ။

## ဗုဒ္ဓဟူးသားသမီးများ ကုသိုလ်ကံပွင့်စေရန် ဘုရားရှိခိုးဆုတောင်းဂါထာ

ကောဏ္ဍညော နရဒေါ သတ္ထာ၊
သိဒ္ဓတ္ထ ကောဏာဂမနာ။
ဗုဒ္ဓဝါရေ အဘိဇာတာ၊
တေ နမဿာမိ သာဒရံ။
နဝေနာဝနေနု ဥပဲမ္ဗနု၊
ပေါရာဏကံ ဝိနဿတု။
စတုန္နံ ဗုဒ္ဓ တေဇေန၊
သဒါ သုခီ ဘဝန္တု မေ။

## ကြာသပတေးသားသမီးများ ကုသိုလ်ကံပွင့်စေရန် ဘုရားရှိခိုးဆုတောင်းဂါထာ

မင်္ဂလော ပဒုမုတ္တရော၊
တိဿော နာရဒော စ ကဿပေါ။
ဂုရုဝါရေ အဘိဇာတာ၊
တေ နမဿာမိ သာဒရံ။

နဝေနာဂနေန ကမ္မေန၊
ပေါရာဏကံ ဝိနဿတု။
စဟုန္နံ ဗုဒ္ဓ တေဇေန၊
သဒါ သုခီ ဘဝန္တုမေ။

## သောကြာသားသမီးများ ကုသိုလ်ကံပွင့်စေရန် ဘုရားရှိခိုးဆုတောင်းဂါထာ

သုမနော သုမေဓာ ဗုဒ္ဓေါ၊
ဖုဿ ဇိနော စ ဂေါတမော။
သုက္ကဝါရေ အဘိဇာတာ၊
တေ နမဿာမိ သာဒရံ။
နဝေနာဂနေန ကမ္မေန၊
ပေါရာဏကံ ဝိနဿတု။
စတုန္နံ ဗုဒ္ဓ တေဇေန၊
သဒါ သုခီ ဘဝန္တုမေ။

## စနေသားသမီးများ ကုသိုလ်ကံပွင့်စေရန် ဘုရားရှိခိုးဆုတောင်းဂါထာ

တဏှင်္ကရော ရေဝတော စ၊
သုဇာတော စ ဝိပဿီကော။

၃၉၊၆၀

သောရိဝါရေ အဘိဇာတာ၊
တေ နမဿာမိ သာဒရံ။
နဝေနာနေန ကမ္မေန၊
ပေါရာဏကံ ဝိနဿတု။
စတုန္နံ ဗုဒ္ဓ တေဇေန၊
သဒါ သုခီ ဘဝန္တု မေ။

(၆) ဂုဏ်တော်တစ်ထောင် ပုတီးစိပ်သည်။

၁။ သော ဘဂဝါ ဣတိပိ အရဟံ
၂။ သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ
၃။ သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော
၄။ သော ဘဂဝါ ဣတိပိ သုဂတော
၅။ သော ဘဂဝါ ဣတိပိ လောကဝိဒူ
၆။ သော ဘဂဝါ ဣတိပိ အနုတ္တရောပုရိသ ဒမ္မသာရထိ
၇။ သော ဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ
၈။ သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ
၉။ သော ဘဂဝါ ဣတိပိ ဘဂဝါ

(ဂုဏ်တော်တစ်ပါးကို ၁၀၈-လုံး ပုတီး တစ်ပတ်စိပ်လျှင် ဂုဏ်တော်ကိုးပါး၊ ကိုးပတ်ပြည့်သည့်အခါ ဂုဏ်တော်တစ်ထောင် ပုတီးစိပ်နည်း ပြည့်စုံပါသည်။ ၉၇၂ -ကိုပင်

ဂုဏ်တော်တစ်ထောင်ဟု သတ်မှတ်ပါသည်)

(၇) **သမ္ဗုဒ္ဓေ ၁၁၀ – ခေါက်** (ပုတီးတစ်ပတ်နှင့် နှစ်လုံး) စိပ်သည်။

၁။ သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတ သဟဿာနိ၊ နမာမိ သိရသာ မဟံ။

၂။ အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။

၃။ နမက္ကာရာ နုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ၊
အနေက အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

(၈) **ရှင်အရဟံပုတီးစိပ်နည်းဖြင့်** သက်စေ့စိပ်သည်။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။
ဓမ္မံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။
သံဃံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။
အနန္တံ ဗလဝံ ဗုဒ္ဓံ၊ အနန္တံ ဂေါစရံ ဓမ္မံ၊ အနန္တံ အရိယာ သံဃံ၊ အနန္တံ ဗောဓိ မုတ္တမံ။

(၉) **မဟာဝေဒဗ္ဗမန္တာဒန်** ကိုးခေါက်ရွတ်ဖတ်ပူဇော်သည်။

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဣတိပိ သော ဘဂဝါ အရဟံ၊

သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော
သုဂတော၊ လောကဝိဒူ၊ အနုတ္တရော
ပုရိသ ဒမ္မသာရထိ၊ သတ္ထာဒေဝ မနုဿာနံ၊
ဗုဒ္ဓေါ၊ ဘဂဝါတိ။
နတ္ထိ မေ သရဏံ အညံ၊ ဗုဒ္ဓေါ မေ သရဏံ ဝရံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာပုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။

၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ။
သွာက္ခာတော ဘဂဝတာ ဓမ္မော
သန္ဒိဋ္ဌိကော အကာလိကော
ဧဟိပဿိကော ဩပနေယျိကော
ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူ ဟီတိ။
နတ္ထိ မေ သရဏံ အညံ၊ ဓမ္မော မေ သရဏံ ဝရံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတုမေ သုခဝဍ္ဎနံ။

၃။ သံဃံ သရဏံ ဂစ္ဆာမိ။
သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။

ယံ ဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ၊
ဧသ ဘဂဝတော သာဝက သံဃော။
အာဟုနေယျော၊ ပါဟုနေယျော၊
ဒက္ခိနေယျော၊ အဉ္ဇလိကရဏီယော၊
အနုတ္တရံ ပုညက္ခေတ္တံ လောကဿာတိ။
နတ္ထိ မေ သရဏံ အညံ၊ သံဃော မေ သရဏံ ဝရံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတုမေ သုခဝဍ္ဎနံ။
၄။ သမာဒိယိံ ပဉ္စသီလံ၊ အဋ္ဌင်္ဂမ္ပိ သုဒေသိတံ
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတုမေ သုခဝဍ္ဎနံ။
၅။ န ဇီဝိတန္တရာယောပိ၊ ကာတုံ ဗုဒ္ဓဿ ကေနစိ၊
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတုမေ သုခဝဍ္ဎနံ။
၆။ န ဉာဏန္တရာယောပိ၊ ကာတုံ ဗုဒ္ဓဿ ကေနစိ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတုမေ သုခဝဍ္ဎနံ။
၇။ န ရသ္မိအန္တရာယောပိ၊ ကာတုံ ဗုဒ္ဓဿ ကေနစိ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတုမေ သုခဝဍ္ဎနံ။

၈။ ဗုဒ္ဓေါ အဘိဇ္ဈကာယောပိ၊ နတ္ထိ လောဟိတသူဒနံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတုမေ သုခဝဍ္ဎနံ။

၉။ သဒ္ဓါ မေ ဗုဒ္ဓသေဋ္ဌမှိ၊ သံသယော နတ္ထိ သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတုမေ သုခဝဍ္ဎနံ။

၁၀။ သဒ္ဓါ မေ ဓမ္မသေဋ္ဌမှိ၊ သံသယော နတ္ထိ သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတုမေ သုခဝဍ္ဎနံ။

၁၁။ သဒ္ဓါ မေ သံဃသေဋ္ဌမှိ၊ သံသယော နတ္ထိ သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတုမေ သုခဝဍ္ဎနံ။

၁၂။ နတ္ထိ မေ သရဏံ အညံ၊ ဗုဒ္ဓေါ မေ သရဏံ ဝရံ။
ဧတံ သရဏံ ဥပေမိ၊ မယိ ကင်္ခါန ဝိဇ္ဇတိ။
ဧတေန သစ္စဝဇ္ဇေန၊ ပဝဿန္တု သတ္တရတနာ။
နတ္ထိ မေ သရဏံ အညံ၊ ဓမ္မော မေ သရဏံ ဝရံ။
ဧတံ သရဏံ ဥပေမိ၊ မယိ ကင်္ခါ န ဝိဇ္ဇတိ။
ဧတေန သစ္စဝဇ္ဇေန၊ ပဝဿန္တု သတ္တရတနာ။
နတ္ထိ မေ သရဏံ အညံ၊ သံဃော မေ သရဏံ ဝရံ။
ဧတံ သရဏံ ဥပေမိ၊ မယိ ကင်္ခါ န ဝိဇ္ဇတိ။

ဧတေန သစ္စဝဇ္ဇေန၊ ပဝဿန္တု သတ္တရတနာ။

(၁၀) **ကုသွာပူရာဏဂါထာ** ပုတီးတစ်ပတ်စိပ်သည်။

ကုသ္စန္တော သာသပဂမ္ဘော၊ စန္ဒမန္တော ကုတောစိတော။
စက္ကဝါဠမ္ပိ သကလံ၊ အတ္တဘာဝေန ဆာဒယေ။
ဧဝံ ကုဿေန သမ္ပန္နံ၊ လောကဇေဋ္ဌံ နမာမဟံ
ဧတေန သစ္စဝဇ္ဇေန၊ ကုသွာ ပူရေတု မေသဒါ။

(၁၁) **ထိပေါက်သော ရဟန်းဂါထာ** ပုတီးတစ်ပတ်စိပ်သည်။
(အရှင်ကောဏ္ဍာနာ၏ ဇေတဒဂ်ရဂုဏ်ထူးဂါထာ)

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သဝကာနံ၊
ဘိက္ခူနံ ပထမံ သလာကံ၊
ဂဏှာန္တာနံ ယဒိဒံ အယံယော ကောဏ္ဍာနော၊
ဧတေန သစ္စဝဇ္ဇေန ဧဝံ မေ ဟောဟု။

(၁၂) **ပုဏ္ဏကဘီလူး၏ဂါထာ** ပုတီး(၉)ပတ်စိပ်သည်။
(ဝိဒူရဇာတ်တော်တွင် ပါရှိသည့် ပုဏ္ဏကဘီလူးမင်း၏ ဂါထာ)

ဥုံ-ပုဏ္ဏကော ပုဏ္ဏက ယက္ခရာဇာ။

(၁၃) **အမျှအတန်း** ဝေပါ။ (မင်းကွန်းဆရာတော်ကြီး၏ မေတ္တာပို့နည်းနှစ်မျိုးဖြင့် မေတ္တာပို့ပေးသည်။)

## ဒိသာဖရဏ မေတ္တာပို့နည်း

(၁) အရှေ့အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့ -

- ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ
- ဒေါသခပ်သိမ်း ငြိမ်းကြပါစေ
- ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ
- နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။

(၂) အနောက်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့ -

- ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ
- ဒေါသခပ်သိမ်း ငြိမ်းကြပါစေ
- ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ
- နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။

(၃) မြောက်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့ -

- ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ
- ဒေါသခပ်သိမ်း ငြိမ်းကြပါစေ
- ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ
- နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။

(၄) တောင်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့ -

- ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ
- ဒေါသခပ်သိမ်း ငြိမ်းကြပါစေ

- ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ
- နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။

(၅) အရှေ့တောင်ထောင့်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့ –

- ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ
- ဒေါသခပ်သိမ်း ငြိမ်းကြပါစေ
- ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ
- နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။

(၆) အနောက်မြောက်ထောင့်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့ –

- ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ
- ဒေါသခပ်သိမ်း ငြိမ်းကြပါစေ
- ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ
- နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။

(၇) အရှေ့မြောက်ထောင့်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့ –

- ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ
- ဒေါသခပ်သိမ်း ငြိမ်းကြပါစေ
- ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ
- နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။

(၈) အနောက်တောင်ထောင့်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့ –

- ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ
- ဒေါသခပ်သိမ်း ငြိမ်းကြပါစေ
- ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ
- နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။

(၉) အောက်အရပ်၌ရှိသော ထက်ဝန်းကျင် အနန္တစကြဝဠာ အနန္တသတ္တဝါတို့ –

- ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ
- ဒေါသခပ်သိမ်း ငြိမ်းကြပါစေ
- ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ
- နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။

(၁၀) အထက်အရပ်၌ရှိသော ထက်ဝန်းကျင် အနန္တစကြဝဠာ အနန္တသတ္တဝါတို့ –

- ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ
- ဒေါသခပ်သိမ်း ငြိမ်းကြပါစေ
- ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ
- နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။

## မေတ္တာသုတ်တော်လာ မေတ္တာပွားနည်း (၁၁) နည်း

(၁) လုံးစုံများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၂) ကြောက်တတ်၊ မကြောက်တတ်၊ နှစ်ရပ်များစွာ သတ္တဝါ၊
ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၃) မြင်အပ် မမြင်အပ်၊ နှစ်ရပ်များစွာ သတ္တဝါ၊ ချမ်းသာ
ကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၄) ဝေးနေ နီးနေ၊ နှစ်ထွေများစွာ သတ္တဝါ၊ ချမ်းသာ
ကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၅) ဘဝဇာတ်ဆုံး၊ မဆုံးများစွာ သတ္တဝါ၊ ချမ်းသာကိုယ်
စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၆) ရှည်, တို, အလတ်၊ သုံးရပ်ခန္ဓာ သတ္တဝါ၊ ချမ်းသာ
ကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၇) ကြီး, ငယ်, အလတ်၊ သုံးရပ်ခန္ဓာ သတ္တဝါ၊ ချမ်းသာ
ကိုယ်စိတ် မြဲပါစေ။

၂၇၄၄၃

ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၈) ဆူ, ကြုံ, အလတ် သုံးရပ်ခန္ဓာ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။

ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၉) လူအချင်းချင်း၊ လှည့်ပတ်ခြင်း၊ ကင်းရှင်းကြပါစေ။

(၁၀) အထင်သေးခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။

(၁၁) ဆင်းရဲလိုခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။

နေ့ခင်းပိုင်း

၁။ ဂုဏ်တော်တစ်ထောင်ပုတီးစိပ်သည်။

၂။ ကံပွင့်ဂါထာ ၁၀၈–ခေါက် ပုတီးစိပ်သည်။

ညပိုင်း

၁။ ဂုဏ်တော်တစ်ထောင်ပုတီးစိပ်သည်။

၂။ ကံပွင့်ဂါထာ ၁၀၈–ခေါက် ပုတီးစိပ်သည်။

၃။ မဟာဝေဒဗ္ဗမန္တာန် ကိုးခေါက် ရွတ်ဖတ်ပူဇော်သည်။

အမိအဖများ ကျေးဇူးကို တတ်သိနားလည်ခြင်း၊ အလှူဒါနအတွက် ရည်ရွယ်၍ အဓိဋ္ဌာန်ခြင်း၊ အထက်ပါကျင့်စဉ် ပုတီးစိပ်နည်းနှင့် ဂါထာတော်များကို ယုံယုံကြည်ကြည်ဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် လာဘ်လာဘရွှင်ခြင်း၊ ထီပေါက်စေခြင်းတို့ကို လက်တွေ့ခံစားနိုင်ပါသည်။ သို့ပါ၍ တပ်ကြပ်ကြီး

အုန်းခင်နှင့် ဇနီးဒေါ်စန်းမြင့်တို့ကဲ့သို့ သိန်းဆု၊ သန်းဆုကြီးများ ပေါက်နိုင်ကြပါစေဟု ဆုတောင်းမေတ္တာ ပို့သလိုက်ရပေသည်။

အဓိဋ္ဌာန်ပြု ...... ထူးမည်။

## ထီ (၉) ကြိမ် ပေါက်ခဲ့သည့် အကြိမ်နှင့်ဆုငွေများ

| စဉ် | အကြိမ် | ဆုငွေ | နံပါတ် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | နှစ်ကျပ်တန်ထီ | ၁၅၀၀ိ/- | - | နှစ်ဆုပေါက်သည်။ |
| | | ၅၀၀၀ိ/- | - | |
| ၂။ | နှစ်ကျပ်တန်ထီ | ၁၅၀၀ိ/- | - | နှစ်ဆုပေါက်သည်။ |
| | | ၂၀၀၀၀ိ/- | - | |
| ၃။ | (၄၆) ကြိမ် | ၁၅၀၀ိ/- | - | |
| ၄။ | (၄၇) ကြိမ် | ၃၀၀၀ိ/- | - | |
| ၅။ | (၄၈) ကြိမ် | ၁၅၀၀၀ိ/- | - | စုစုပေါင်းဆုငွေ |
| ၆။ | (၄၉) ကြိမ် | ၂၀၀၀၀ိ/- | ပ - ၂၁၇၂၄၄ | |
| | | ၃၀၀၀၀ိ/- | - | |
| ၇။ | (၅၀) ကြိမ် | ၇၄၀၀၀ိ/- | - | ရှယ်ယာမှပေါက်သည် |
| ၈။ | (၅၁) ကြိမ် | ၃၄၅၁၅၀၀ိ/- | ဘ - ၅၈၆၆၆၂ | အထူးမင်္ဂလာစုံတွဲ ပေါက်သည်။ |
| ၉။ | (၅၃) ကြိမ် | ၁၅၀၀ိ/- | သ - ၄၆၆၅၀၅ | |

* တပ်ကြပ်ကြီးအုန်းခင်၏ ပြောပြချက်အရဒုတိယအကြိမ် ၄၅ - ရက် အဓိဋ္ဌာန် ဝင်ရာ ၂၅ ရက်မြောက်နေ့တွင် အဓိဋ္ဌာန်ပျက်သဖြင့် ၅၃ - ကြိမ်မြောက် ထီဖွင့်ပွဲ ဆယ်သိန်းဆုပေါက်ဂဏန်းတွင် ပေါက်ဂဏန်းမှာ ဖ - ၂၀၂၀၅၆ ဖြစ်ပြီး ထိုးထားသည့်ဂဏန်းမှာ ဋ - ၂၀၂၀၅၆ ဖြစ်သောကြောင့် ဂဏန်း အားလုံးတူ၍ အက္ခရာလွဲခဲ့ရကြောင်း သိရှိရပါသည်။

# ကြီးကိုးကြိုးအဝိဋ္ဌာန်လက်တွေ့ကျင့်စဉ်
# နှင့်
# ဂုဏ်တော်တန်ခိုး

စာရေးသူသည် ကြိုးကိုးကြိုး အဝိဋ္ဌာန်ကျင့်စဉ်ကို ၁၉၈၆ - ၈၇ ခုနှစ်ခန့်ကပင် ကြားဖူးနေခဲ့သည်။ ထိုစဉ်က စာရေးသူသည် ရန်ကုန်မြို့တွင် အစိုးရဝန်ထမ်းဘဝဖြင့် တာဝန်ထမ်းဆောင်နေသည်။ စာရေးသူနှင့် ရင်းနှီးကျွမ်းဝင်ပေါင်းသင်းဆက်ဆံနေသည့် လက်နှိပ်စက်စာရေး ဦးဝင်းအောင်ထံမှ "ကြိုးကိုးကြိုး အဝိဋ္ဌာန်၊ ကြိုးလေးကြိုး အဝိဋ္ဌာန်ဝင်နေလို့" ဟူသော လက်သုံးစကားကို မကြာခဏ ကြားနေရသည်။ သို့သော် ဦးဝင်းအောင်မည်သို့မည်ပုံ အဝိဋ္ဌာန်ဝင်သည်ကိုလည်း မမေးမိ၊ ထို့အတူ သူ၏ အဝိဋ္ဌာန်ဆုတောင်း အောင်မြင်မှု ရှိမရှိကိုပင် စာရေးသူ မေးမြန်းမကြည့်မိခဲ့သည်ကို စာရေးသူဝန်ခံပါသည်။

စာရေးသူနှင့် ရင်းနှီးစွာ ပေါင်းသင်းနေထိုင်သည့် တိုင်းတာဝန်ခံ အရာရှိ ဦးခင်မောင်စန်းသည် သူ၏ ဆရာသမားများ၊ ဆရာတော်ကြီးများ၊ လမ်းညွှန်သည့်အတိုင်း ကြိုးကိုးကြိုးအဝိဋ္ဌာန် မကြာခဏ ဝင်လေ့ရှိသည်၊ အထူးသဖြင့် ဆရာဦးခင်မောင်စန်းသည် အစိုးရတာဝန်ဖြင့် နိုင်ငံခြား တိုင်းပြည်များသို့ ပညာတော်

သင်ကြားနိုင်ရန် အတွက်လည်းကောင်း၊ လေ့လာရေးသွားရန် အတွက်သော်လည်းကောင်း၊ သင်တန်းတက်ခွင့်ရရန်အတွက် သော်လည်းကောင်း ကြီးကိုးကြီး အဓိဋ္ဌာန်ဝင်လေ့ရှိသည်။

နိုင်ငံခြားသို့ သွားခွင့်ရရန် အခွင့်အရေးပေါ်လာတိုင်း ကြီးကိုးကြီး အဓိဋ္ဌာန်ဝင်လေ့ရှိပါသည်။ ဆရာဦးခင်မောင်စန်း သည် ဖိလစ်ပိုင်နိုင်ငံသို့ ပထမအကြိမ် သွားရောက်၍ သင်တန်း တက်ခဲ့ပြီးသူဖြစ်သဖြင့် နောက်တစ်ကြိမ်နိုင်ငံခြားသို့ သွားရန် အခွင့်အရေး အလွန်နည်းသည်၊ သို့သော် နိုင်ငံခြားစေလွှတ်ရန် အခွင့်အရေးပေါ်လာတိုင်း သွားခွင့်မရနိုင်သော်လည်း မလျှော့သော ဇွဲလုံ့လဖြင့် ဘုရားဂုဏ်တော်တန်ခိုးကို ယုံကြည်လျက် ကြီးကိုးကြီး အဓိဋ္ဌာန်ဝင် ဆုတောင်းခဲ့သည်။ ထိုစဉ်က ဆရာ ဦးခင်မောင်စန်း သည် ကြီးကိုးကြီး အဓိဋ္ဌာန်အောင်မြင်၍ ထိုင်း၊ စင်္ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် နီပေါ နိုင်ငံများသို့ လေ့လာရေးခရီး သွားခွင့်ရခဲ့သည်။ ဆရာဦးခင်မောင်စန်း၏ ကြီးကိုးကြီး အဓိဋ္ဌာန် ကို အားကျသော်လည်း စာရေးသူသည် အဓိဋ္ဌာန် မဝင်ဖြစ်ခဲ့ပါ။

ယခုအခါ ၁၉၉၃–ခုနှစ်၊ ဇွန်လထုတ် သီလဝဘာသာရေး မဂ္ဂဇင်းတွင် စာရေးဆရာမ ဝင်းလဲ့ဖြူ၏ ဓမ္မနိုးဆော်မှု ကြီးကိုး ကြီး အဓိဋ္ဌာန်ဆောင်းပါးကြောင့် ရန်ကုန်မြို့မှ လူပုဂ္ဂိုလ်အသီးသီး တို့သည် ကြီးကိုးကြီး အဓိဋ္ဌာန်ကျင့်စဉ်ကို အထူးစိတ်ဝင်စား လာကြသည်၊ ထို့အတူ ကြီးကိုးကြီး အဓိဋ္ဌာန်ကို ယုံကြည်ချက်

အပြည့်နှင့် အဓိဋ္ဌာန်ဝင်လာကြသည်၊ စာရေးဆရာမ ဝင်းလဲ့ဖြူသည် ကြီးကိုးကြီး အဓိဋ္ဌာန်ကို သူအောင်မြင်သလို အခြားပုဂ္ဂိုလ်များ အောင်မြင်စေလိုသဖြင့် စေတနာထား၍ ရေးသားခဲ့သည်။ သူ့စေတနာအတိုင်း ကြီးကိုးကြီး အဓိဋ္ဌာန်ဝင်ကြသည့် ဓမ္မမိတ်ဆွေအသီးသီးလည်း အဓိဋ္ဌာန်အောင်မြင်ခဲ့ကြသည်။

ထို့အတူ ကြီးကိုးကြီး အဓိဋ္ဌာန်အောင်မြင်သူများအနက်မှ စာရေးဆရာရွှေဥဩသည်လည်း သူ၏ အောင်မြင်မှုကို စာဖတ်ပရိသတ်များ သိရှိစေရန် ၁၉၉၄ – ခုနှစ်၊ ဇူလိုင်လထုတ် သီလဝ ဘာသာရေး မဂ္ဂဇင်းတွင် ရေးသားဖော်ပြခဲ့သည်။ စာရေးဆရာရွှေဥဩ၏ အဆိုအရ ကြီးကိုးကြီး အဓိဋ္ဌာန်ဝင်ပြီး နှစ်လခန့်အကြာတွင် အဓိဋ္ဌာန်ဝင်စဉ်က ဆုတောင်းထားသည့်အတိုင်း အမှတ်မထင် ငွေနှစ်သောင်းနီးပါး ရရှိခဲ့သည် ရေးသားတင်ပြခဲ့သည်။

စာရေးသူလည်း ကြီးကိုးကြီး အဓိဋ္ဌာန်အောင်မြင်သူ အများအပြား၏ သတင်းစကား၊ ဓမ္မမိတ်ဆွေများ၏ တိုက်တွန်းနှိုးဆော်မှုကြောင့် ကြီးကိုးကြီး အဓိဋ္ဌာန်ဝင်ခဲ့သည်။ စာရေးသူ၏ အဓိဋ္ဌာန်ဆုတောင်းမှာ ကြီးကိုးကြီးအဓိဋ္ဌာန် လက်တွေ့ကျင့်စဉ်နှင့် ဂုဏ်တော်တန်ခိုး ဆောင်းပါးကို ရေးသားလျက် စာဖတ်ပရိသတ်များ လက်ဝယ်သို့ ချောမောအောင်မြင်စွာ ရောက်ရှိရေးပင် ဖြစ်ပါသည်။ ဤဆောင်းပါး ပါရှိသည့်စာအုပ် စာဖတ်

ပရိသတ်များ လက်ဝယ်သို့ ရောက်ရှိလာလျှင် စာရေးသူ အဓိဋ္ဌာန်အောင်မြင်ကြောင်း သိရှိပြီး ဖြစ်ပေလိမ့်မည်။

သို့ပါ၍ စာရေးသူ အနေဖြင့် ဆရာတော်ကြီးများနှင့် ဆရာသမားများ ဓိဋ္ဌာန်အောင်မြင်ခဲ့သည့် ဓမ္မမိတ်ဆွေအများအပြား၏ ကြီးကိုးကြီး အဓိဋ္ဌာန်လက်တွေ့ ကျင့်စဉ်နှင့် ဂုဏ်တော်တန်ခိုး အကျိုးအဖြာဖြာတို့ကို အသေးစိတ် ရေးသားတင်ပြလိုက်ရပါသည်။

# ကြီးကိုးကြီးအဓိဋ္ဌာန်လက်တွေ့ကျင့်စဉ်

(က) အဓိဋ္ဌာန်ဝင်ရမည့် နေ့မှာ "တနင်္လာနေ့ နံနက်(၉)နာရီ" ဖြစ်ပါသည်။

(ခ) ကြီးကိုးကြီး အဓိဋ္ဌာန်ဝင်ရမည့် အစီအစဉ်

၁။ ကိုးထပ်ကြီးဘုရား၊

၂။ ခြောက်ထပ်ကြီးဘုရား၊

၃။ ငါးထပ်ကြီးဘုရား၊

၄။ မဟာမင်္ဂလာဆုတောင်းပြည့်ဘုရားကြီး၊
(ရွှေဂုံတိုင်မှတ်တိုင်အနီး ဓီဝိတာဒါန သံဃာ့ဆေးရုံရှေ့ ညောင်တုန်းကျောင်းတိုက်တွင် ရှိပါသည်။)

၅။ မဟာဇေယျအတုလမာရဇိန် ကြေးသွန်းဘုရားကြီး၊
(ရွှေတိဂုံစေတီတော်ကြီး၏ အရှေ့ဘက်မုခ်ဗဟန်းဈေး အနီးတွင် ရှိသည်။)

၆။ ရွှေခေါင်းလောင်းကြီး၊
(ရွှေတိဂုံစေတီတော်ကြီး၏ အရှေ့ဘက်မုခ်မှတက်လျှင် ရင်ပြင်တော်ပေါ်သို့ ရောက်သည်နှင့် ဝဲဘက်တွင် ကပ်လျက်၌ တည်ရှိသည်။)

၇။ နောင်တော်ကြီး၊
(ရွှေတိဂုံဘုရား ရင်ပြင်တော်အရှေ့ဘက်မုခ်နှင့် မြောက်ဘက်မုခ်အကြား၌ တည်ရှိပါသည်)

၈။ ဆုတောင်းပြည့်ချမ်းသာကြီးဘုရား၊
(ရွှေတိဂုံဘုရား မြောက်ဘက်မုခ်ဓာတ်လှေခါး အဆင်း လက်ဝဲဘက်တွင် ရှိသည်။)

၉။ ရဟန္တာသိမ်တော်ကြီး၊
(ရွှေတိဂုံဘုရား တောင်ဘက်မုခ် ကားမှတ်တိုင်အနီး တွင် ရှိပါသည်။)

ကြီးကိုးကြီး အမိဋ္ဌာန်ဝင်စဉ် ဂုဏ်တော်ပုတီးစိပ်ရပါမည်။

**ဂုဏ်တော် (၉)ပါးအဓိပ္ပါယ်**

**(၁) အရဟံ**

ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား ပါတကား။

**(၂) သမ္မာသမ္ဗုဒ္ဓေါ**

အလုံးစုံသော တရားတို့ကို မဖောက်မပြန် ကိုယ်တော် တိုင် သိတော်မူပြီးသော မြတ်စွာဘုရားပါတကား။

**(၃) ဝိဇ္ဇာစရဏသမ္ပန္နော**

ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏတစ်ဆယ့်ငါးပါးတို့ နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားပါတကား။

**(၄) သုဂတော**

ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာ ဘုရားပါတကား။

(၅) လောကဝိဒူ

လောကသုံးပါးကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော မြတ်စွာဘုရားပါတကား။

(၆) အနုတ္တရောပုရိသ ဒမ္မသာရထိ

မယဉ်ကျေးသော သတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမရာဝယ် အတုမရှိ မြတ်တော်မူသော မြတ်စွာဘုရားပါတကား။

(၇) သတ္ထာဒေဝမနုဿာနံ

နတ်လူတို့၏ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားပါတကား။

(၈) ဗုဒ္ဓေါ

သစ္စာလေးပါးတို့ကို ကိုယ်တော်တိုင် သိ၍ သူတစ်ပါးတို့ကိုလည်း သိစေတော်မူတတ်သော မြတ်စွာဘုရားပါတကား။

(၉) ဘဂဝါ

ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားပါတကား။

(ဃ) ဘုရားသို့ ရောက်လျှင် မိမိသဒ္ဓါတတ်အားသရွေ့ အလှူခံပုံးတွင် ငွေထည့်၍ ပန်းဆီမီး အမွှေးတိုင်နှင့် ပူဇော်ပါ။ ထို့နောက် အနန္တေအနန္တ ငါးပါးအား ရှေးဦးစွာ ကန်တော့

၍ ဘုရားရှိခိုးရပါမည်။

(င) **ဝန်ချတောင်းပန်ခြင်း**

ဘဝသံသရာအဆက်ဆက်မှ တော်စပ်သိကျွမ်းခဲ့သော အရိယာသူတော်စင်များနှင့်တကွ အမိအဖ ဆရာသမား ကျေးဇူးရှင်များအားလုံးတို့အား ကာယကံ၊ ဝစီကံ၊ မနောကံ အားဖြင့် ပြစ်မှားကျူးလွန်ခဲ့မိသည်ရှိသော် ရှိခိုး တောင်းပန်အပ်ပါသည်ဘုရား။ မိမိအား ပြစ်မှားကျူးလွန်သူတို့ ကိုလည်း ကျေနပ်သည်းခံ ခွင့်လွှတ်ပါ၏ ဘုရား။

(စ) **အဓိဋ္ဌာန်ပြုဆုတောင်းခြင်း**

ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား တပည့် တော်, တပည့်တော်မသည် ယနေ့ယခု အချိန်မှစ၍ တစ်နေ့တည်းတွင် ဘုရားကိုးဆူတို့၌ ဂုဏ်တော်ပုတီး ကိုးပတ်စီစိပ်ရန် ဓိဋ္ဌာန်ပါ၏ဘုရား။ ဤကဲ့သို့ ဂုဏ်တော် ဓိဋ္ဌာန်ပုတီးစိပ်ရသည့် ကုသိုလ်ကံ စေတနာတို့ကြောင့် ဘုရားတပည့်တော်သည် (..........................) တို့နှင့် ပြည့်စုံရပါလို၏ ဘုရား။

**မှတ်ချက်** ။ ။ အဓိဋ္ဌာန်ဆုတောင်းရာတွင် ဖြစ်နိုင် ဖွယ်ရာရှိသည့် ဆုတစ်မျိုးတည်းကိုသာ တောင်းရပါမည်။

(ဆ) ဂုဏ်တော်ပုတီးစိပ်နည်း

(၁) သော ဘဂဝါ ဣတိပိ အရဟံ

(၂) သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ

(၃) သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော

(၄) သော ဘဂဝါ ဣတိပိ သုဂတော

(၅) သော ဘဂဝါ ဣတိပိ လောကဝိဒူ

(၆) သော ဘဂဝါ ဣတိပိ အနုတ္တရောပုရိသ ဒမ္မသာရထိ

(၇) သော ဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ

(၈) သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ

(၉) သော ဘဂဝါ ဣတိပိ ဘဂဝါ

(ဘုရားတစ်ဆူသို့ရောက်တိုင်း ပုတီးကိုးပတ်စိပ်ရပါမည်။ ဘုရား ကိုးဆူ၊ ကြီးကိုးကြိမ် အဓိဋ္ဌာန်အတွက် ပုတီး ၈၁ – ပတ် စိပ်ရ မည် ဖြစ်ပါသည်။)

(ဇ) မေတ္တာပို့အမျှဝေခြင်း

- ၃၁ – ဘုံ၌ ကျင်လည်နေကြကုန်သော လူ, နတ်, ဗြဟ္မာသတ္တဝါအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေ။
- ဘေးအန္တရာယ်အပေါင်းမှ ငြိမ်းအေးကြပါစေ။
- သက်တော်ရာကျော် ရှည်ကြပါစေ။
- သက်ရှင်ကျန်းမာစွာဖြင့် သူတော်ကောင်းတရားများကို ဆတက်ထမ်းပိုး နာယူပွားများအားထုတ်နိုင်ကြပါစေ။

မိမိကြိုက်နှစ်သက်သည့် မေတ္တာပို့နည်း၊ အမျှဝေနည်းတို့ကို အသုံးပြုနိုင်ပါသည်။)

ဈ) **ဘုရားဂုဏ်တော်ပုတီးစိပ်ခြင်းနှင့် ရွတ်ဖတ်ပူဇော်ပွားများခြင်း၏ အကျိုးကျေးဇူးများ**

(၁) မြတ်စွာဘုရားအပေါ် ကိုင်းညွတ်သောစိတ် အမြဲရှိလာခြင်း၊

(၂) ယုံကြည်မှု လေးနက်လာခြင်း၊

(၃) သတိပိုင် ကောင်းလာခြင်း၊

(၄) ပညာဉာဏ် ထက်မြက်လာခြင်း၊

(၅) ကောင်းမှု (စီးပွားဥစ္စာ) တိုးပွားလာခြင်း၊

(၆) စိတ်ညစ်မှုကင်းပြီး နှစ်သက်ကြည်နူးစွာနေရခြင်း၊

(၇) ကြောက်ရွံ့ထိတ်လန့်ဖွယ် ကြုံလျှင် မကြောက်မလန့်စိတ် တည်တံ့ခြင်း၊

(၈) မတော်တဆ ဆင်းရဲဒုက္ခတွေ့ရလျှင်လည်း ခံနိုင်ရည်ရှိခြင်း၊

(၉) မြတ်စွာဘုရားနှင့်အတူ နေရသကဲ့သို့ စိတ်တွင် ထင်မှတ်လျက်ရှိခြင်း၊

(၁၀) ဗုဒ္ဓါနုဿတိဘာဝနာ အစွမ်းကြောင့် မိမိကိုယ်သည် စေတီထိုက်၍ သူတစ်ပါးတို့၏ ပူဇော်မှု၊ ချီးမြှောက်မှုကို ကောင်းစွာ ခံယူနိုင်ခြင်း၊

(၁၁) မိမိစိတ်သည် သမ္မာသမ္ဗောဓိဉာဏ်၌ ကိုင်းညွတ်လာခြင်း၊

(၁၂) မကောင်းမှုကို ကျူးလွန်ရန် ပက်ပင်းကြုံရသောအခါမျိုးတွင် မိမိကိုယ်ကို ကောင်းစွာ စောင့်စည်းနိုင်ခြင်း၊

(၁၃) သေလျှင် အပါယ်လေးပါးမှကင်း၍ လူ့ပြည်နတ်ရပ် ကောင်းမြတ်သော သုဂတိဘုံ၊ သုဂတိဘဝကို ရရှိခြင်း စသည့်အကျိုးကျေးဇူးများကို ခံစားရရှိစေပါသည်။ (ဝိသုဒ္ဓိမဂ်၊ ပ။ ၂၀၆)

(ည) ဂုဏ်တော်တစ်ပါးစီကို သီးခြားပုတီးစိပ်ခြင်း၊ ရွတ်ဖတ်ခြင်းဖြင့် ရရှိစေသည့် အကျိုးကျေးဇူးများ

(၁) ဘုန်းတန်ခိုး ကျက်သရေ တိုးတက်စေလိုလျှင် သော ဘဂဝါ ဣတိပိ အရဟံ ဂုဏ်တော်ကို ပုတီးစိပ်ပါ။

(၂) အကြံဉာဏ်ကောင်းများ ပေါ်စေလိုလျှင် သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ ဂုဏ်တော်ကို ပုတီးစိပ်ပါ။

(၃) အကြံအောင်စေလိုလျှင် သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော ဂုဏ်တော်ကို ပုတီးစိပ်ပါ။

(၄) ပြောဆိုသမျှစကား အောင်စေလိုလျှင် သော ဘဂဝါ

**ဣတိပိ သုဂတော** ဂုဏ်တော်ကို ပုတီးစိပ်ပါ။

(၅) ကျော်စောထင်ရှားစေလိုလျှင် **သော ဘဂဝါ ဣတိပိ လောကဝိဒူ** ဂုဏ်တော်ကို ပုတီးစိပ်ပါ။

(၆) ဆိုးဝါးသော လူ၊ နတ်၊ တိရစ္ဆာန်တို့ကိုနိုင်၍ ချစ်ခင်စေလိုလျှင် **သော ဘဂဝါ ဣတိပိ အနုတ္တရောပုရိသ ဒမ္မသာရထိ** ဂုဏ်တော်ကို ပုတီးစိပ်ပါ။

(၇) တစ်ပါးသူ၏ အလိုဆန္ဒကို ဖြည့်စွမ်းကယ်ဆယ်လိုလျှင် **သော ဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ** ဂုဏ်တော်ကို ပုတီးစိပ်ပါ။

(၈) အရာရာကို ကြိုဆသိရှိစေလိုလျှင် **သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ** ဂုဏ်တော်ကို ပုတီးစိပ်ပါ။

(၉) တစ်ပါးသူတို့ မတုပြိုင်ဝံ့ ကြောက်ရွံ့ရိုသေစေလိုလျှင် **သော ဘဂဝါ ဣတိပိ ဘဂဝါ** ဂုဏ်တော်ကို ပုတီးစိပ်ပါ။

မိမိကြိုက်နှစ်သက်ရာ ဂုဏ်တော်ကို သက်စေ့ဖြစ်စေ၊ အဓိဋ္ဌာန်ဖြင့်ဖြစ်စေ၊ ဆိတ်ငြိမ်၍ အာရုံကောင်းသည့် နေရာဒေသ အသီးသီးတွင် ပုတီးစိပ်ခြင်းဖြင့် အထက်ပါ ဂုဏ်တော်တို့၏ အကျိုးကျေးဇူးများကို ရရှိစေနိုင်ပါသည်။

အဓိဋ္ဌာန်ပြုမှ .......... ထူးမည်။

# အဆောက်အအုံကောင်းဖြင့် နေရစေသည့် မင်္ဂလာဂါထာတော်

ဗုဒ္ဓမြတ်စွာဘုရား ဟောကြားခဲ့သည့် ဂါထာတော်များ အနက် ကျွန်ုပ်တို့ ပုထုဇဉ်လူသားတို့သည် မိမိတို့ အလိုရှိရာ နှစ်သက်ရာ ဂါထာတော်များကို ရွေးချယ်ပူဇော်ကြ၏။ ဗုဒ္ဓမြတ်စွာဘုရားသခင်၏ ဂါထာတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ပူဇော်ခြင်းဖြင့် မိမိတို့ အလိုရှိရာ အကျိုးစီးပွားကို ခံစားကြရ၏။ အကျိုးစီးပွားဟူရာ၌ လောကီအကျိုးစီးပွားနှင့် လောကုတ္တရာအကျိုးစီးပွားကို ဆိုလိုခြင်းဖြစ်ပေသည်။ လောကီအကျိုးစီးပွားသည် လက်ရှိဘဝအတွက် သိသာထင်ရှားပေ၏။ လောကုတ္တရာအကျိုးစီးပွားသည်ကား လက်ရှိအတွက်မှ သိသာထင်ရှားမှု အားနည်းမည်။ မမြင်အပ်သော၊ မမြင်နိုင်သော လောကုတ္တရာအကျိုးစီးပွားကို ခံစားရခြင်းသည် ပို၍ ထူထည်ကြီး၏။ ခိုင်ခံ့၏။ သို့သော် အကျိုးခံစားလိုသူများကလည်း ယင်းအကြောင်းကို သိသူနည်းပါးလှပေ၏။ သိမြင်နိုင်ရန် ကြိုးစားသည့် ဦးရေက နည်းပါးသည်။

မည်သို့ပင်ဖြစ်စေ ဗုဒ္ဓဂါထာတော်များကို ရွတ်ဖတ် ပူဇော်ခြင်း၊ သရဇ္ဈာယ်ခြင်းဖြင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားကို မလွဲမသွေ ခံစားရမည်မှာ သေချာပေ၏။ အနည်းနှင့်အများသာ ကွာခြားမည်ဖြစ်၏။

လာဘ်ကိုမျှော်၍ နိုးဆော်ခြင်း မဟုတ်သော်လည်း 'မနုဿတ္တဘာဝေါ ဒုလ္လဘော' ဆိုသည့်အတိုင်း ရခဲလှသည့် လူ့ဘဝတွင် ဆင်းရဲချမ်းသာမရွေး အကြောင်းခြင်းရာ အမျိုးမျိုးကြောင့် ခံစားမှုအသီးသီးဖြင့် မွန်းကျပ်စွာ ခံစားနေကြရ၏။ ထိုသူတို့အတွက် ဗုဒ္ဓမြတ်စွာဘုရားသခင်၏ တရားတော်များ၊ ဂါထာတော်များသည် ထွက်ပေါက်တစ်ခုသဖွယ် ဖြစ်ခဲ့ရသည်။

ယုံကြည်စွာဖြင့် ရွတ်ဖတ်သရဇ္ဈာယ်သူများ၊ ပူဇော်သူများ၊ ကျင့်ကြံအားထုတ်သူများသည်လည်း ကျင့်ကြံအားထုတ်မှုအလိုက်၊ ဂါထာတော်များ အမျိုးအစားအလိုက် မိမိတို့၏ ရည်မှန်းချက်များ အောင်မြင်ခဲ့ကြ၏။ အောင်မြင်သူများလည်း ဒုနှင့်ဒေး ရှိပေ၏။

အစမ်းသဘော လုပ်ကိုင်ဆောင်ရွက်ရင်းဖြင့် အောင်မြင်သူများလည်း ရှိ၏။ ယုံကြည်စွာ ထိထိရောက်ရောက် ဆောင်ရွက်ရင်းလည်း အောင်မြင်ကြ၏။ အောင်မြင်မှု အနည်းနှင့်အများသာ ကွာခြားပေမည်။

**'ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ နကမ္ပတိ၊**
**အသောကံ ဝိရဇံ ခေမံ၊ ဧတံမင်္ဂလမုတ္တမံ။**

အထက်ပါဂါထာတော်ကို လူတိုင်းကြားဖူးကြပေလိမ့်မည်။ အခါတစ်ပါးတွင် အမျိုးအမည် မထင်ရှားသော နတ်သားတစ်ဦး၏ တောင်းပန် လျှောက်ထားချက်အရ ဟောကြားတော်မူခဲ့

သော ဗုဒ္ဓဘုရားသခင်၏ ၃၈ – ဖြာ မင်္ဂလာတရားတော်၊ မင်္ဂလာ ၁၀ – ဂါထာအနက် နောက်ဆုံးဂါထာတော် ဖြစ်ပေ၏။ အဓိပ္ပာယ်အားဖြင့် 'အကြင်ရဟန္တာ ပုဂ္ဂိုလ်၏စိတ်သည် ကောင်းဆိုးနှစ်တန် လောကဓံရှစ်ပါးတို့နှင့် တွေ့ထိရသော်လည်း မတုန်လှုပ်၊ စိုးရိမ်ခြင်းလည်း မရှိ၊ ကိလေသာတည်းဟူသော မြူအညစ်အကြေးလည်း မရှိ၊ ဘေးလည်းမရှိ၊ ဤလေးပါးသော တရားသည်လည်း မြတ်သောမင်္ဂလာ မည်ပါပေ၏' ဟု သိရပေ၏။

ဗုဒ္ဓဘုရားရှင်လက်ထက်တော်မှစ၍ ဉာဏ်ပညာရှိသူ အပေါင်းတို့သည် မိမိတို့ အလိုရှိရာအတွက် ဂါထာတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ကြပေသည်။ ဤဂါထာတော်၏ တန်ခိုးအာနုဘော်ကြောင့် ခေတ်ဆိုး ခေတ်ကျပ်များကို ကျော်လွှားနိုင်ခဲ့ခြင်း၊ မြန်မာသမားတော်များ အနေဖြင့် ဆီမန်းမန်း၍ အနာရောဂါများကို နေရာရွှေ့ကုသစေနိုင်ခြင်း၊ သစ္စာပြုဆုတောင်းခြင်းကြောင့် အန္တရာယ်ကင်းခြင်း၊ အနှောင်အဖွဲ့မှ လွတ်မြောက်ခြင်း၊ အခက်အခဲများ ကျော်လွှားနိုင်ခြင်း စသည့် အကျိုးထူးများကို ခံစားခဲ့ကြရ၏။အထူးသဖြင့် ဤဂါထာတော် ရွတ်ဆို၍ ရေကို သက်စေ့မန်းကာ သောက်ခြင်းဖြင့် သောကကင်းစေပါသည်။ ထိုနည်းအတူ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားတို့အား ရည်မှန်း၍ သောက်တော်ရေ ငါးခွက်ဖြင့် ကပ်လှူကာ တစ်ခွက်ကို ဤဂါထာရွတ်ဖတ် သရဇ္ဈာယ်၍

သောက်သုံးခြင်းဖြင့် အကြံအစည်အားလုံးကို ပြီးမြောက်စေပါသည်။ မိမိဉာဏ်ရှိသ၍ အလိုရှိရာအတွက် ရွတ်ဖတ်ပူဇော်နိုင်သော ဂါထာတော် ဖြစ်ပါသည်။

ဤဂါထာတော်နှင့် ပတ်သက်၍ လက်တွေ့အကျိုးခံစားရသည့် ဆရာတော်တစ်ပါး ရှိပေ၏။ ယင်းဆရာတော်မှာ ရန်ကုန်တိုင်း သုံးခွမြို့နယ်မှ ကန်ဦးကျောင်းဆရာတော် ဖြစ်ပါသည်။ ဆရာတော်သည် ဤဂါထာတော်ကို စွဲစွဲမြဲမြဲ ရွတ်ဖတ်ပူဇော်လာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်ပါ၏။

ကန်ဦးကျောင်းဆရာတော်သည် ဤမင်္ဂလာဂါထာတော်ကို သူ၏ ပျက်စီးယိုယွင်းလျက်ရှိသော ကျောင်းကြီးပြုပြင်နိုင်ရန်အတွက် ရည်ရွယ်၍ ရွတ်ဆိုခဲ့ဟန် ရှိသည်။ ဗုဒ္ဓ၏ မင်္ဂလာဆယ်ဂါထာအနက် နောက်ဆုံး ဖုဋ္ဌဿဂါထာတော်ကြီးကို စွဲမြဲစွာ ရွတ်ဆိုခဲ့ခြင်း ဖြစ်သည်။ ပထမ ဆရာတော်ပျံလွန်တော်မူပြီးသည်အထိ လက်ရှိကျောင်းကြီးမှာ ချို့ယွင်းပျက်စီးလုနီးပါး ဖြစ်နေခဲ့သော်လည်း ဆရာတော်၏ လက်ထက်တွင် ကျောင်းကြီးအား ပြုပြင်ရန် ဒကာ၊ ဒကာမများ ပေါ်ပေါက်ခဲ့၏။ ဆရာတော်သည် ကျောင်းပြုပြင်ရေးထက် ကျောင်းအတွင်းရှိ စေတီတော်ကို ပြုပြင်ရန် အားသန်ခဲ့သည်။ ရည်မှန်းချက်အတိုင်းပင် စေတီတော်ကြီးကို ဒကာ၊ ဒကာမများ ပထမဦးစွာ ပြင်ဆင်ခဲ့ကြသည်။ ထို့နောက် ပျဉ်ခင်း၊ ပျဉ်ကာဖြင့် ဆောက်လုပ်ထားသည့် ကျောင်းအိုကြီးအစား ဧသသပ်ခိုင်ခံ့ လှပသည့် အုတ်ကျောင်း

ကြီးကို တည်ဆောက်၍ လှူဒါန်းခြင်းခံရသည်။

ဆရာတော်နှင့် စာရေးသူ တွေ့ဆုံစဉ်က နေ့စဉ်ရွတ်ဆို ပူဇော်ရန် လမ်းညွှန်သင်ကြားပေးခဲ့သည့် ဂါထာနှစ်ခုအနက် ဒုတိယဂါထာ ဖြစ်သည်။ ဖုဋ္ဌသဿမင်္ဂလာဂါထာတော်ကို ရွတ်ဆိုရန် လမ်းညွှန်သင်ကြားပေးစဉ်က စာရေးသူအား ဆရာတော် ပြောပြသည်မှာ 'ဒကာ သည်မင်္ဂလာဂါထာကို အမြဲမပြတ်ရွတ်ပေးသည်၊ နေ့စဉ်အချိန်မှန်မှန် ခေါက်ရေမှန်မှန် ရွတ်ပေးရင် နေထိုင်ဖို့ အဆောက်အအုံအတွက် ပူစရာမလိုဘူး၊ သူ့အလိုလို ဖြစ်လာလိမ့်မယ်။ ယုံယုံကြည်ကြည်နဲ့သာ ရွတ်ဖတ်ပူဇော်'ဟု စာရေးသူအား လမ်းညွှန်သင်ကြားပေးခဲ့၏။

လူ့ဘဝတွင် ဆင်းရဲချမ်းသာမရွေး စား ဝတ် နေရေး ဆိုင်ရာ ကိစ္စရပ်တို့မှာ မလွဲမသွေ လိုအပ်သည့် ကိစ္စရပ်များ ဖြစ်ပေ၏။ စားစရာ၊ ဝတ်စရာနှင့် ပြည့်စုံအောင်နေရသော်လည်း နေထိုင်ရန်အဆောက်အဦ မရှိခဲ့သော် ဘဝအတွက် လိုအပ်ချက်တစ်ခု ဖြစ်နေပေအံ့။ ကျေးငှက်တိရစ္ဆာန်များပင် အသိုက်အမြုံ၊ မိခိုရာအဆောက်အဦများ လိုအပ်ခဲ့လျှင် လူပုဂ္ဂိုလ်တို့ကား ပို၍ပင် လိုအပ်မည် ဖြစ်ပေသည်၊ အဆောက်အဦကောင်းကို အလိုရှိသည့်အခါ ဖုဋ္ဌသဿမင်္ဂလာဂါထာတော်ကို ယုံယုံကြည်ကြည်ဖြင့် ရွတ်ဆိုပူဇော်ကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပေသည်။

# သူတစ်ပါး စိတ်အကြံအစည် သိစေသည့် ဂါထာတော်

**"ယမှေသိ ယမှေသိ၊ ကိံကရဏာ ယမှေသိ**
**အဟံ ပိတံ ကာရဏံ၊ ဇာနာမိ ဇာနာမိ"**

အထက်ပါ ဂါထာတော်ကို ကျွန်တော် ရွတ်ဆိုပူဇော်ခဲ့သည်မှာ (၇)နှစ်ကျော်ကျော် ရှိခဲ့ပြီ၊ နေ့စဉ် နံနက်တိုင်း ဘုရားရှိခိုးကန်တော့စဉ် သုံးခေါက်သုံးခေါက် ရွတ်ဆိုခဲ့သည်။

အချို့က ယင်းဂါထာတော်ကို သက်ကယ်ဂါထာတော်ဟု ခေါ်ကြသည်၊ ဤဂါထာကို ကျွန်တော် ရန်ကုန်တိုင်း သုံးခွမြို့တွင် တာဝန်ထမ်းဆောင်စဉ်က ကန်ဦးကျောင်း ဆရာတော်မှ ချီးမြှင့်ပေးသနားခဲ့သည့် အမှတ်တရ ဓမ္မအမွေ ဖြစ်သည်။

ကျွန်တော်သည် ငယ်ရွယ်သူတစ်ဦး ဖြစ်သော်လည်း ဝါတွင်းကာလ ဥပုသ်နေ့များတွင် ဥပုသ်ဆောက်တည်သည်။ သက်သတ်လွတ် စားသည်။ ကုန်းသတ္တဝါ၊ ရေသတ္တဝါ၊ ကောင်းကင်၌ရှိသော သတ္တဝါများ တိရစ္ဆာန်များ၏ အသွေးအသားများ ပါရှိသည့် အစားအစာများကို ရှောင်ကြဉ်သည်။ ယုတ်စွအဆုံး ကိတ်မုန့်၊ ငံပြာရည်၊ လက်ဘက်ရည် စသည်ကိုပင် မစား မသောက်ဘဲ နေခဲ့သည်။ တိရစ္ဆာန်များကို ကြင်နာသနားစိတ်ဖြင့် ရှောင်ကြဉ်ခဲ့ခြင်း ဖြစ်သည်။

ဝါတွင်းကာလ နေ့တစ်နေ့က ဖြစ်သည်။

ကန်ဦးဆရာတော်ဘုရားကြီးက ကျွန်တော်အား ဝန်ထမ်း တစ်ဦးဖြစ်သဖြင့် သူတစ်ပါး အကြံအစည်ကို သိရှိရန်၊ ရန်သူ၏ အကြံအစည်ကို သိရှိရန်နှင့် ရာထူးတိုးစေရန်အတွက် ရည်ရွယ်ချက်ဖြင့် အထက်ပါ ဂါထာတော်ကို နှုတ်တိုက်ရွတ်ဆို ပေးသနားခဲ့သည်။

ဤဂါထာတော်နှင့် ပတ်သက်၍လည်း ရှင်းပြသည်။

အခါတစ်ပါးက ဒိသာပါမောက္ခဆရာကြီးတွင် အလွန်ညံ့ဖျင်းသည့် တပည့်တစ်ဦးရှိသည်။ မည်သည့်ပညာရပ်ကိုမျှ သင်ကြား၍ မရနိုင်အောင် ဖြစ်နေသည်။ ထိုအခါ ဆရာကြီးက အထက်ပါ ဂါထာတော်ကို သင်ကြားပေးသည်။ ထိုတပည့်ငယ်ကလည်း အခြားပညာရပ်များကို မတတ်၊ တတ်သည့်အရာမှာ ဤဂါထာကို နှုတ်တိုက်အလွတ်ရခြင်းသာ ဖြစ်သည်။ သုံးနှစ်၊ သုံးမိုး ပြည့်သည့်တိုင်အောင် ဂါထာတစ်ပုဒ်တည်းသာ တတ်၍ ပြန်ခဲ့ရသည်။

ထိုတပည့်ငယ်သည် နေအိမ်သို့ ရောက်သည်အထိ ဤဂါထာတော်ကို အမြဲမပြတ် ရွတ်ဖတ်နေသည်။

တစ်နေ့သောအခါ ထိုသူငယ်၏ နေအိမ်သို့ သူခိုးတစ်ယောက်က ပစ္စည်းဥစ္စာများ ခိုးယူရန် ကြံစည်နေသည်။ ထိုအချိန်တွင် သူငယ်က ဤဂါထာကို ရွတ်ဆိုနေသည်။

တိုက်တိုက်ဆိုင်ဆိုင် ဘုရင်ကြီးကလည်း တိုင်းရေးပြည်ရေး စနည်းနာရန် ရောက်နေသည်၊ ဘုရင်ကြီးက သူခိုးကိုလည်း မြင်သည်။ သူငယ်ကိုလည်း မြင်သည်။

မကြာမီ သူခိုးက သူငယ်ကိုဝင်၍ ရိုခိုးတောင်းပန်နေသည်ကို ဘုရင်ကြီးမြင်သည်။ သူခိုးကား ပစ္စည်းဥစ္စာခိုးယူရန် ကြံစည်သည်ကို သူငယ်သိနေသည် အထင်နှင့် ထိုသူငယ်အား တောင်းပန်သည်။

ဘုရင်ကြီးကား ထိုသူငယ်တွင် အစွမ်းထက်သည့်အရာ တစ်ခုခုရှိသည် အထင်နှင့် ထိုသူငယ် ထံသို့သွားသည်။ ထိုသူငယ်ထံမှ ဤဂါထာကို ရခဲ့သည်။

ဘုရင်ကြီးလည်း ဤဂါထာကို နေ့ညမပြတ်ရွတ်ဖတ်သည်။ တစ်နေ့၌ စစ်သူကြီးသည်၊ ဆတ္တာသည် (မုတ်ဆိတ်မွေး၊ ခေါင်းမွေး ရိတ်သူ)နှင့် ပူးပေါင်း၍ ဘုရင်ကြီးအား လုပ်ကြံရန် တိုင်ပင်ကြသည်။ ဘုရင်ကြီးအား လုပ်ကြံ အောင်မြင်ပါက စစ်သူကြီးက ဘုရင်အရာယူ၍ ဆတ္တာသည်အား စစ်သူကြီးအရာ ပေးမည်ဟု တိုင်ပင်ဆုံးဖြတ် ကြသည်။

ဘုရင်ကြီးအား မုတ်ဆိတ်မွေးရိတ်ရန် အခွင့်အရေးရသည့်အခါ ဘုရင်၏ လည်ပင်းကို သင်မုန်းဓားဖြင့် လှီးဖြတ်ရန်ပင် ဖြစ်သည်။ ဘုရင်ကြီးက ဂါထာတော်ရွတ်နေသည်။ ဆတ္တာသည်၏ လက်တို့သည် တုန်တုန်ရီရီ ဖြစ်လာသည်။

ဓားရှေးများ ပြန်လာသည်။ သူသတ်မည့်အကြဲကို ဘုရင်ကြီး က သိနေသည်ဟု ထင်မှတ်နေသည်။ မကြာမီ သင်စုန်းဓားကို ဘေးသို့ အသာချကာ ဘုရင်ကြီးထံ အသနားခံသည်။ မှန်ရာကို လျှောက်တင်သည်။ ထိုအခါ ဘုရင်ကြီးက စစ်သူကြီးကို ရာထူးမှ ချသည်။ ဆတ္တာသည်ကို စစ်သူကြီးအရာသို့ ပေးသနား တော်မူခဲ့သည်။

ဤမြှုအစွမ်းထက်သော ဂါထာတော်ကို ဆရာတော်ကြီးက ပုံဝတ္ထုဖြင့် ဟောကြားကာ ဤဂါထာတော်ကို ကျွန်တော့အား ပေးခဲ့သည်။ "သင် ကြဲစည်တာ ငါသိပါတယ်"ဟူသော ဂါထာ၏ အဓိပ္ပာယ်ကို ပြောခဲ့၏။ ဆရာတော်ကြီးထံမှ ဤဂါထာတော်ကို ရသည့်နေ့မှစ၍ ယနေ့တိုင် ရွတ်ဖတ်ပူဇော် လျက်ရှိသည်။

ကျွန်တော် သုံးခွမြို့နယ်မှ ရန်ကုန်မြို့သို့ ပြောင်းရွှေ့ ခဲ့သည်။ ဆရာတော်နှင့် အလှမ်းကွာဝေးသည့်တိုင် ဆရာတော် ကြီးပေးသည့် ဂါထာတော်ကို ရွတ်ဆို ပူဇော်တိုင်း ဆရာတော် ကြီးကို အမှတ်ရနေသည်။

ရန်ကုန်မြို့ သင်္ကြန်ရက် တစ်ရက်တွင် ဖြစ်သည်။ ကျွန်တော်၏ မထိန်းသိမ်းနိုင်သည့် ဒေါသအရှိန်ကြောင့် ကျွန်တော် တို့ရုံးမှ ဝန်ထမ်းတစ်ဦးနှင့် ခိုက်ရန် ဖြစ်ပွားခဲ့သည်။ ရာထူး တိုးခြင်း (၃)နှစ် ရပ်ဆိုင်းခံခဲ့ရသည်။

တစ်နှစ်ခန့် အကြာတွင် ဤဂါထာတော်၏ တန်ခိုးကြောင့် ရာထူးတိုး ရပ်ဆိုင်းခံရသည့် တိုင်အောင် ရာထူးတိုး စာရင်းတွင် ပါဝင်ခဲ့သည်။ နောက်ပိုင်းတွင် ကိုယ်ချင်းစာတရား ညာတာမှု ကင်းမဲ့သူတို့၏ အကြံကို စိတ်တွင် အလိုလို သိမြင်လာသည်။

ထိုမျှမကသေး ...။

ရန်ကုန်မြို့တွင် တာဝန်ထမ်းဆောင်စဉ် လုပ်ငန်းတာဝန် အရ ဆိုင်ကယ်တစ်စီးရရှိထားသည်။ ဤသည်ကို အချို့ဝန်ထမ်း တစ်ဦးနှစ်ဦးက မကျေမနပ် ဖြစ်နေခဲ့ကြသည်။

နောက်ဆုံး ရုံးတွင်း၌ ဆိုင်ကယ်ရပ်ထားစဉ် ကျွန်တော်အား ဘေးအန္တရာယ် ဖြစ်စေရန် အကြံသမား တစ်ဦးက ဆိုင်ကယ် ဘရိတ်ကြိုး ဝက်အူကို လျှော့ထားခဲ့သည်။ နောက်ဘရိတ် ကောင်းကောင်း မမိတော့ (နောက်မှသိပါသည်။)

သို့သော် ကျွန်တော် ဘုရားရှိခိုး ကန်တော့ပြီး ပုတီးစိပ်သည့် အခါ ကျွန်တော့်ဆိုင်ကယ်သည် နွားကဲ့သို့သော မည်းမည်း သဏ္ဌာန်နှင့် ကြိမ်ဖန်များစွာ တိုက်သည်ကို မျက်စိ၌ မြင်နေသည်။

နှစ်ရက် သုံးရက်ခန့် ဆက်တိုက်မြင်နေသည်။ ထို့အတူ ခရီးမထွက်ခွာမီ တစ်ရက်အလိုတွင် ကျွန်တော် အိမ်သာသို့ ဝင်စဉ် ဆိုင်ကယ်သော့သည် အမှတ်မထင် အိမ်သာအတွင်းသို့ ကျသွားခဲ့သည်။ ကျွန်တော် ဆိုင်ကယ်တစ်ခုခု ဖြစ်တော့မည်ဟု စိတ်ကအလိုလို သိလာသည်။

ခရီးထွက်မည့် အစီအစဉ်ကိုလည်း ဖျက်၍ မဖြစ်။ ကျွန်တော့် ဆရာ–ဆရာညွှန့်၏ ဆုံးမစကားကို ပြန်လည်ကြားယောင်လာသည်။

"ကြွေးရှိလျှင် ကျေအောင်ဆပ်" အဲဒီကြွေးတွေကို ဒီဘဝမှာ ကျေအောင်ဆပ်၊ ဆပ်နိုင်အောင်လည်း ကြိုးစား"ဟု ပြောခဲ့သည့် စကားကြောင့် ဆိုင်ကယ်မှောက်မည်ကို သိလျက် ခရီးထွက်ခဲ့သည်။

ကော့မှူး ကွမ်းခြံကုန်းသို့ အသွား ကော့မှူးမြို့နယ်၊ ပိန္နဲကုန်းရွာလေး အရောက်တွင် ခွေးမည်း(ခွေးနက်)ကလေး တစ်ကောင်နှင့် တိုက်မိကာ ဆိုင်ကယ်မှောက်ခဲ့သည်။ ခွေးကို မြင်သဖြင့် လီဘာ (အရှိန်)လျှော့လိုက်သည်။ စက်ရှိန်လျှော့ထားစဉ် ခွေးနက်ကလေးက ဘေးသို့ ရှောင်သွားသည်။ စက်ရှိန် မြှင့်လိုက်စဉ် ထိုခွေးကလေးက တစ်ပတ်ပြန်လှည့်ကာ ဆိုင်ကယ်ဆီသို့ ပြေးဝင်လာသည်။

ဘရိတ်ကို နင်းလိုက်သည်။ ရှေ့နောက် ဘရိတ်နှစ်ခုလုံး ဖမ်းလိုက်သည်။ နောက်ဘရိတ်က မမိ။ ရှေ့ဘရိတ်သာမိ၍ ကျွန်တော် ဆိုင်ကယ်ပေါ်မှ ၎ျှမ်းပစ်ကျသည်။ ဆိုင်ကယ်စီးဦးထုပ်ပါသဖြင့် ဦးခေါင်းတွင် ဒဏ်ရာမရ။ ညာဘက်ညှပ်ရိုးကျိုးသွားသည်။ ကြွေးတစ်ခု ဆပ်လိုက်ရသည့်အတွက် ကျွန်တော် ကျေနပ်သည်။ လူမသေ တော်သေးတာပေါ့ဟု စိတ်ကိုဖြေသည်။

ကျွန်တော် ကိုယ်တွေ့အရ ဤဂါထာတော်ကို ပူဇော်သည့် အကျိုးကြောင့် ရန်သူ၏စိတ်အကြံကို သိခဲ့သည်။ ရာထူးတိုး ရပ်ဆိုင်းထားသည့်တိုင်အောင် ရာထူးတိုးမြှင့်ခြင်း ခံခဲ့ရသည်ကို ကိုယ်တွေ့ဖြစ်ရပ်များအဖြစ် ရေးသားလိုက်ရပါသည်။



# သက်ကယ်ဂါထာတော်

ယင္ဒေသိ ယင္ဒေသိ၊ ကိ ကာရဏာ ယင္ဒေသိ၊
အဟမ္ပိ တံ ကာရဏံ၊ ဇာနာမိ ဇာနာမိ။

အထက်ပါ ဂါထာတော်သည် အရှင်ဗုဒ္ဓပန် ရဟန္တာ မထေရ်မြတ်ကြီးကို အကြောင်းပြု၍ ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားတော်မူသော အတိတ်ဇာတ်ကြောင်းတွင် ပါဝင်ပေသည်။ ဤဂါထာတော်ကို သုံးခွမြို့၊ ကန်ဦးကျောင်းဆရာတော်က ကျွန်တော့်အား နှုတ်တိုက်အလွတ်ရအောင် သင်ကြားပေးခဲ့ပါသည်။

ဤဂါထာတော်နှင့် ပတ်သက်၍ ဒန္တကအမည်ရှိ လုလင်ငယ်သည် သူခိုးဘေးမှ လွတ်ကင်းခဲ့ရဖူးသည်ကို လည်းကောင်း၊ ဗာရာဏသီပြည့်ရှင် မင်းကြီးသည် စစ်သူကြီးနှင့် ဆတ္တာသည်တို့ ပူးပေါင်းလုပ်ကြံသည့် ဘေးအန္တရာယ်မှ လွတ်ကင်းခဲ့ရဖူးသည်ကို လည်းကောင်း ဇာတ်တော်နှင့်တကွ ရှင်းလင်းဟောကြားတော်မူခဲ့သည်။

ကျွန်တော်သည် ဆရာတော်၏ လမ်းညွှန်မှုကြောင့် အထက်ပါ ဂါထာတော်ကို ယုံယုံကြည်ကြည်ဖြင့် တစ်နေ့သုံးခေါက် ရွတ်ဆိုခဲ့ရာ ၁၀–နှစ်ခန့် ရှိပြီ ဖြစ်ပါသည်။ အထက်ပါ ဂါထာတော် ရွတ်ဆိုခဲ့စဉ်ကာလများတွင် ...

- ၁၉၈၅ – ခုနှစ်ခန့်က သုံးခွမြို့နယ်၊ လက်ပံနန်းခလဲ ကျေးရွာမှ တက်နေ၍ သတိလစ်သည့် ကလေးငယ် တစ်ဦး အသက်ကို ကယ်နိုင်ခဲ့ခြင်း၊
- ၁၉၈၆ – ခုနှစ်ခန့်က မန္တလေး ဘူတာရုံတွင် ဝက်ရူး ပြန်ရောဂါ ဖြစ်နေသည့် ခရီးသည်တစ်ဦး၏ အသက် ကို ကယ်တင်နိုင်ခဲ့ခြင်း၊
- ၁၉၈၆ – ခုနှစ်ခန့်က သန်လျင် – ရန်ကုန် ကူးတို့ သင်္ဘော (တိုင်းလုံးကျော်) မှောက်စဉ်က မှောက်မည့် သင်္ဘောကိုစီးရန် စီစဉ်ထားသော်လည်း အကြောင်း တစ်ခုကြောင့် မစီးဖြစ်ခဲ့သဖြင့် သင်္ဘောမှောက်ရာ တွင် မပါဝင်ခဲ့ခြင်း၊
- ၁၉၈၉ – ခုနှစ်ခန့်က ကျွန်တော်သည် ဆိုင်ကယ် မှောက်လိမ့်မည်ဟု စိတ်ထဲက ထင်နေသဖြင့် ဆိုင်ကယ်ကို သတိကြီးစွာဖြင့် စီးခဲ့ရာ ဆိုင်ကယ် မှောက်သော်လည်း အသက်သေမည့် ဘေးအန္တရာယ် မှ ကင်းလွတ်ခဲ့ရခြင်း စသည်တို့ကို ကျွန်တော် ကိုယ်တိုင် ကိုယ်တွေ့ကြုံခဲ့ရပါသည်။

သို့ပါ၍ အထက်ပါ ဂါထာတော်ကို ယုံယုံကြည်ကြည် ဖြင့် ရွတ်ဆိုပါက မိမိ၏ အသက်အန္တရာယ်သာမက တစ်ပါးသူ ၏ အသက်ကိုပါ ကယ်တင်နိုင်ကြောင်း ရေးသားတင်ပြလိုက် ရပါသည်။

# စမ္မခဏ်ဂါထာတော်နှင့် စာရေးဆရာကြီး အိကြာကွေး၏ ကိုယ်တွေ့ဖြစ်ရပ်

မနှစ်က ဗဟန်းမြို့နယ်၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ကြီးမှူးကျင်းပမည့် စာဆိုတော်နေ့ အကြိုဟောပြောပွဲအတွက် ဟောပြောမည့် စာရေးဆရာများ ရွေးချယ်ရန် အစည်းအဝေးတွင် ပထမဦးစွာ ညှိနှိုင်းဆွေးနွေးကြသည်။ အဖွဲ့ဝင် ငါးဦး၏ သဘောတူညီချက်ဖြင့် ကိုစိန်ဝင်း (မောင်စိန်ဝင်း၊ ပုတီးကုန်း)၊ ကိုကျော်ဟိန်း (စာရေးဆရာ၊ အဆိုတော်၊ ရုပ်ရှင်သရုပ်ဆောင် ကျော်ဟိန်း)၊ ကိုဗလ (စာရေးဆရာ၊ အဆိုတော်၊ ရုပ်ရှင် သရုပ်ဆောင် - သုမောင်)၊ လယ်တွင်းသားစောချစ်၊ နုဂ်ဦးသို၊ ဦးကျော်ထွန်း (အိကြာကွေ) နှင့် စာရေးဆရာမ မြနှောင်း သို တို့အား လျာထား ရွေးချယ်ထားသည်။

ရှေးဦးစွာ ဗဟန်းမြို့နယ်တွင် နေထိုင်သည့် ကိုကျော်ဟိန်း ထံသို့ သွားသည်။ ကိုကျော်ဟိန်း အလုပ်ကိစ္စနှင့် အပြင်သို့ သွားနေသဖြင့် တွေ့ဆုံဆွေးနွေးခွင့် မရခဲ့ပေ။ ဒုတိယအကြိမ် ထပ်မံ၍ သွားရောက်တွေ့ဆုံသော်လည်း စာဆိုတော်နေ့ ဟောပြော ရန်အတွက် ဆွေးနွေးခွင့်မရ ဖြစ်ခဲ့ရသည်။

နောက်တစ်နေ့တွင် ကျွန်တော်နှင့်စာရေးဖော် သူငယ်ချင်း ခေတ္တာပွင့်ဦးနှင့်အတူ ရှစ်မိုင်ခွဲရှိ ကိုစိန်ဝင်းနေအိမ်သို့ သွား သည်။ ကိုစိန်ဝင်းနှင့် တွေ့သဖြင့် စာဆိုတော်နေ့အတွက်

ဟောပြောပေးရန် မေတ္တာရပ်ခံသည်။ ကိုစိန်ဝင်းကလည်း ကျွန်တော်တို့ မေတ္တာရပ်ခံချက်ကို လက်ခံသည်။ ကိုစိန်ဝင်းမှ တစ်ဆင့် စာရေးဆရာမ မြနှောင်းညိုထံသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်ရာ အဆင်ပြေသွားသည်။ ဟောပြောမည့် စာရေးဆရာ နှစ်ဦး ရရှိပြီးဖြစ်သဖြင့် တစ်ဦးသာ လိုတော့သည်။ ကျန်တစ်ဦး မှာ ယခင်ကပင် ကြိုတင် ညှိနှိုင်းဆွေးနွေးထားသည့် ဆရာ အီကြာကွေးပင် ဖြစ်သည်။

ဗဟန်းမြို့နယ် စာဆိုတော်နေ့ အကြိုဟောပြောပွဲအတွက် ကြိုတင် ရွေးချယ်ထားသည့် စာရေးဆရာများမှာ သုံးဦးသာ ဟောပြောမည်ဖြစ်၍ ကျန်စာရေးဆရာများထံသို့ မသွားဖြစ် တော့ပေ။ ဟောပြောမည့် စာရေးဆရာသုံးဦးအနက် ဆရာ အီကြာကွေးနှင့် ၃၃-လမ်းရှိ လေထန်ကုန်း (လက်ဖက်ရည် ဆိုင်) တွင် မကြာခဏတွေ့သည်။ ရုံဖန်ရုံခါ တောင်ဥက္ကလာရှိ ဆရာအီကြာကွေး နေအိမ်သို့ရောက်သည်။

စာဆိုတော်နေ့ အကြိုဟောပြောပွဲအတွက် ဖိတ်စာများ ရရှိသည့်အခါ၊ ကိုစိန်ဝင်းနေအိမ်သို့ လည်းကောင်း၊ ဆရာ အီကြာကွေးနေအိမ်သို့လည်းကောင်း ဖိတ်စာများ သွားပို့သည်။

၁၉၉၁-ခုနှစ်၊ နိုဝင်ဘာလ ၂၉-ရက်နေ့။

ထိုနေ့က ဆရာအီကြာကွေးနှင့် ကျွန်တော် အေးအေး ဆေးဆေး စကားပြောဖြစ်သည်။ ဆရာအီကြာကွေးက ဘဝ

အတွေ့အကြုံ၊ စာပေအတွေ့အကြုံများကို အားရပါးရ ပြောပြသည်။ ရှေးဟောင်းနှောင်းဖြစ်များကို ပြန်၍ ပြောပြသည်။ သည့်နောက် ရောက်တတ်ရာရာ ပြောရင်း၊ ဘာသာရေးစာပေများကို ဆွေးနွေးဖြစ်ကြသည်။

ဆရာအိကြာကွေးက ကျွန်တော် ဘာသာရေးလိုက်စားမှန်း သိသည့်အခါတွင်မူ...

"အတော်ပဲဗျာ၊ ကျွန်တော်လဲ ဘာသာရေးနဲ့ ပတ်သက်တဲ့ ကိုယ်တွေ့ဖြစ်ရပ်ကလေးတွေကို ပြောချင်နေတာ၊ ဘာသာရေးကို မလိုက်စားတဲ့သူတွေကို ဒီကိစ္စမျိုးတွေ ပြောရင် အလကားပဲဗျ" ဟု စကားအစချီသည်။ ထို့နောက် ဆရာအိကြာကွေးက သူ့ကိုယ်တွေ့ဖြစ်ရပ်ကို ပြောပြသည်။

၁၉၈၅–ခုနှစ်ခန့်က ဖြစ်သည်။

ဆရာအိကြာကွေးသည် ဆရာနတ်နွယ်၊ဆရာသော်တာဆွေ၊ မောင်မြကြီး (ပန်းတောင်း) တို့နှင့်အတူ တောင်ကုတ်မှတစ်ဆင့် သံတွဲသို့ စာပေဟောပြောပွဲသွားစဉ်က ဖြစ်သည်။

ခရီးစထွက်စဉ်ကပင် ဆရာအိကြာကွေးသည် သူတို့အဖွဲ့စီးလာသည့်ကား မှောက်လိမ့်မည်ဟု စိတ်ထဲက ထင်နေသည်။ စိတ်ကထင်သည့်တိုင်း မဖြစ်စေရန် ငယ်ရွယ်စဉ်က ရွတ်ဆိုခဲ့သည့် ဇလွန်ပြည်တော်ပြန် စမ္ဗုဒ္ဓေဂါထာတော်ကို စတင် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့သည်။

တောင်ကုတ်မှ ကားစတင် ထွက်ခွာလာရာ ၁၃– မိုင် ခန့် ခရီးပေါက်လာ၏။ ရုတ်တရက် ဝုန်းခနဲ မြည်သံကို ကြား လိုက်ရသည်။ ဆရာအိကြာကွေးတို့ စီးလာသည့်ကားကြီး တောင်စောင်းနှင့် တိုက်မိသည်။ ခရီးသည်များ အလန့်တကြား ဖြစ်သံနှင့်အတူ ကားကြီးသည် မှောက်သွားရုံသာမက လိမ့် သွား၏။

ဆရာကြီးနတ်နွယ်မှာ နားရွက်တွင် ဒဏ်ရာရရှိ၍ ဆရာ ကြီး သော်တာဆွေမှာ မေ့သွားသည်။ ဆရာအိကြာကွေးနှင့် မောင်မြေကြီး (ပန်းတောင်း)တို့တွင်မူ ဒဏ်ရာမရဘဲ သတိ ကောင်းစွာ ရနေသည်။ ဆရာအိကြာကွေးက လက်ဆောင် ပစ္စည်းများကို လိုက်ကောက်၏။ အခြားခရီးသည်တစ်ဦးက သတိပေးမှ ကားပြင်သို့ ထွက်လာခဲ့သည်။

ကားအပြင်သို့ ရောက်ရှိလာသည့်အခါ ဒဏ်ရာကင်းမဲ့ စွာဖြင့် ရှိနေသော မောင်မြေကြီး (ပန်းတောင်း) ကို တွေ့ရ သည်။

မောင်မြေကြီး (ပန်းတောင်း) အား ဆရာအိကြာကွေး က 'ခင်ဗျား ကားစထွက်လာတော့ ဘာတွေ ရွတ်ခဲ့သေးလဲ' ဟု မေးကြည့်သည်။ မောင်မြေကြီး (ပန်းတောင်း) က 'အနန္တောအနန္တငါးပါး၊ အရဟံ ၁၉–ခေါက်နှင့် သတ္တဝါများ ကျန်းမာချမ်းသာပါစေ' ဟု သုံးကြိမ် ရွတ်ခဲ့သည်ဟု ပြော

သည်။ ဤသို့ ရွတ်ဖတ်ခဲ့ခြင်းကြောင့်လည်း ဘေးအန္တရာယ်မှ ကင်းလွတ်ခြင်း ဖြစ်ပါသည်။

ဆရာအိကြာကွေးကမူ ဇလွန် ပြည်တော်ပြန် စမ္မခဏ်ဂါထာတော် ရွတ်ခဲ့၍ အနာဒဏ်ရာ မရရှိဘဲ ဘေးအန္တရာယ်မှ ကင်းလွတ်ခဲ့ရသည်။ ဆရာအိကြာကွေး၏ အဘိုးအဘွားများသည် သူငယ်စဉ်ကပင် စမ္မခဏ်ဂါထာကို နှုတ်တိုက်သင်ပေးခဲ့သည်။ ဆရာအိကြာကွေး၏ အဘိုးအဘွားများသည်လည်း စမ္မခဏ်ဂါထာတော်တန်ခိုးဖြင့် ဒုတိယကမ္ဘာစစ်အတွင်းက ဗုံးဒဏ်၊ စက်သေနတ်အန္တရာယ်၊ မီးဘေးအန္တရာယ်၊ သူခိုး ဓားပြဘေးအန္တရာယ်တို့မှ ကင်းဝေးခဲ့ကြရသည်။

ဆရာအိကြာကွေးလည်း အဘိုးအဘွားများ၏ အတွေ့အကြုံအရ သင်ကြားပေးသော 'စမ္မခဏ်ဂါထာတော်' ကို ယုံယုံကြည်ကြည်နှင့် ရွတ်ဖတ်ခဲ့သည်။

စမ္မခဏ်ဂါထာတော်တန်ခိုးကြောင့် တောင်ကုတ် - သံတွဲကားလမ်းပေါ်တွင် ကားမှောက်စဉ်က ထိခိုက်ဒဏ်ရာ တစ်စုံတစ်ရာမျှ မရရှိခြင်းကြောင့် ဆရာအိကြာကွေးက ယခုတိုင် ယုံကြည်လျက် ရှိနေပေသည်။

**ဇလွန်ပြည်တော်ပြန်စမ္မခဏ်ဂါထာတော်**

ဣတိပိ၊ ပိဋကတ္တယံ၊ အနိစ္စံ၊ ဒုက္ခံ၊ အနတ္တံ၊ သတ္တဗောဇ္ဈင်္ဂေါ၊ အဋ္ဌင်္ဂိကော၊ မဂ္ဂေါ၊ စတုပဋ္ဌာနံ၊ သဗ္ဗသက္ကန္ဓော၊ သဟ

ဿသူရိယော၊ ကြောင်းနမော မေတ္တာနံ၊ ရာဇဘယ၊ စောရ ဘယံ၊ ဥဒကဘယံ၊ အဂ္ဂိဘယံ၊ သတ္တဘယံ၊ သဗ္ဗဘယံ၊ ဓေယျော၊ ဓယတုမင်္ဂလံ၊ အနိစ္စံ၊ သင်္ခတံ၊ ပဋိစ္စသမုပ္ပန္နံ၊ ခယဓမ္မံ၊ ဝယဓမ္မံ၊ ဝိရာဂဓမ္မံ၊ နိရောဓဓမ္မံ၊ ဓမှတိ။

(ဓလွန်ပြည်တော်ပြန်ဘုရားသမိုင်းစာအုပ်မှ)

# မိခင်များ၏ အားထားရာပရိတ်တော်

ယတော ဟံ ဘဂိနိ အရိယာယ
ဇာတိယာ ဇာတော၊
နာဘိဇာနာမိ သဉ္စိစ္စ ပါဏံ
ဇီဝိတာ ဝေါရောပေတာ၊
တေန သစ္စေန သောတ္ထိ တေ
ဟောတု သောတ္ထိ ဂဗ္ဘဿ။

ကျွန်တော်၏ ကိုယ်တွေ့ အတွေ့အကြုံကို တင်ပြလို သည်မှာ ကြာပြီဖြစ်သော်လည်း ယခုမှ တင်ပြရပေသည်။ ကျွန်တော်သည် အဓိဋ္ဌာန်ဖြင့် ပုတီးစိပ်နေသည်မှာ နှစ်အတန် ကြာ ရှိပြီဖြစ်ပါသည်။ အောင်မြင်သင့်သည့် လုပ်ငန်းများလည်း အောင်မြင်ခဲ့ပါသည်။

ကျွန်တော့်မှာ သားနှစ်ယောက်ရှိရာ သားငယ်မှာ ဆေး ရုံတက်၍ ဗိုက်ခွဲမွေးခဲ့ရသည်။ ယခုတစ်ခါ ဇနီးသည် မီးဖွားချိန် နီးနေ၍ သားဖွားဆရာမသို့ သွားရောက် ပင့်ဆောင်ခဲ့သည်။ ကျွန်တော်တို့ ဇနီးမောင်နှံနှစ်ဦးစလုံးက ယခုတစ်ခါ လွယ်ကူ ချောမောစွာ မွေးဖွားစေရန် ဆုတောင်းခဲ့ကြပါသည်။

၁၉၉၀ – ခုနှစ်၊ ဇန်နဝါရီလ ၂၀ – ရက်နေ့သည် ကျွန်တော် တို့ ဇနီးမောင်နှံအတွက် မေ့မရသော နေ့တစ်နေ့ ဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော် နံနက် သုံးနာရီအချိန်မှ စတင်၍ သားဖွားဆရာမကို အိမ်သို့ပင့်ဆောင်ထားခဲ့ရာ မွေးချိန်တန်သော်လည်း၊ မမွေးဖွားသေးသဖြင့် ဆရာမကလည်း သူ မတတ်နိုင်တော့၍ ဆေးရုံသို့ တက်ရောက်ဖွားမြင်ပါရန် အတင်းတိုက်တွန်းနေပါသည်။ ကျွန်တော်၏ဇနီးသည် ညည်းညူသံကြောင့် ကျွန်တော့်မှာ ခြေမကိုင်မိ၊ လက်မကိုင်မိသလို ဖြစ်နေစဉ် လင်းရောင်ခြည် အကြံကောင်းတစ်ခု ပေါ်လာပါသည်။

“ဆရာမ ကျွန်တော့်ကို အချိန်တစ်နာရီလောက် ခွင့်ပြုပါ၊ တစ်နာရီလွန်ရင် ဆေးရုံတင်ပါ့မယ်ဟု ဆရာမကို ခွင့်တောင်းရာ ဆရာမက ခွင့်ပြုလိုက်ပါသည်။

ဘုရားကျောင်းတော်ဆောင်မှာ သောက်တော်ရေတစ်ခွက် ဖယောင်းတိုင် သုံးတိုင်နှင့် ဘုရားကို ဆီမီးပူဇော်သည်၊ ငါးပါးသီလ ခံယူသည်။ ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးကို ခန္ဓာကိုယ်အား လှူဒါန်းပါသည်။

ဘုရားကျောင်းတော်ဆောင် ရှေ့မှာ တင်ပျဉ်ခွေလျက် (၁၀၈)လုံး ပုတီးဖြင့် ‘အင်္ဂုလိမာလ’သုတ်တော်ကို အစ–အဆုံး ပုတီးတစ်လုံးချ၍ အသံထွက်ပြီး ပုတီးစိပ်သည်။ အိမ် နောက်ခန်းမှ ဇနီးသည်၏ ညည်းညူသံမှာ တဖြည်းဖြည်း လျော့လျက် ဆရာမ၏ အားတက်သံကို ကြားနေရသည်။

“အင်္ဂုလိမာလ”သုတ် တစ်ပုဒ်ဆုံး၍ ပုတီးတစ်လုံးချကာ (၁၀၈) လုံးပုတီး တစ်ပတ် ပြည့်သွားသည့်အခါ ကပ်လှူ ထားသော သောက်တော်ရေတစ်ခွက်ကို ယူ၍ ဇနီးသည် သောက်ရန် လှမ်းပေးလိုက်သည်။

ဆက်လက်၍ ယုံကြည်ချက်အပြည့်ဖြင့် ‘အင်္ဂုလိမာလ’ သုတ်တော်ကို ရွတ်ဖတ်ရာ၊ အလုံး (၂၀)ပြည့်သည့် အချိန်တွင် ဇနီးသည်မှာ သမီးရတနာကို ချောမောစွာ မွေးဖွားခဲ့ပါသည်။

ထို့ကြောင့် ဘုရားနှုတ်ကပတ်တော်များ၊ ပရိတ်တော်များကို သူ့နေရာနှင့်သူ ရွတ်ဖတ်သူက ယုံယုံကြည်ကြည်ဖြင့် ရွတ်ဖတ် ပူဇော်ပါက အကျိုးများပါသည်။ ယခုလည်း ကျွန်တော်က ယုံယုံကြည်ကြည်ဖြင့် ရွတ်ဖတ်ပူဇော်ခဲ့သဖြင့် ဇနီးသည်မှာ လွယ်ကူစွာ ဖွားမြင်ခဲ့ပါသည်။

ကျွန်တော်၏ ကိုယ်တွေ့ ရွတ်ဖတ်ကျင့်ကြံပွားနည်းကို ရွတ်ဖတ်ပူဇော်လိုက ရွတ်ဖတ်ပူဇော်နိုင်ကြရန် ရေးသား တင်ပြ လိုက်ရပါသည်။



မိခင်များအားထားရာပရိတ်တော်ရွတ်ဖတ်ခဲ့သူမောင်ရေချမ်း(မြောင်)



စာရေးဆရာကြီး ဒဂုန်နတ်ရှင်

## သမ္မုဒ္ဒေရှတ်၏ သေဘောမှလွတ်ခဲ့သူ
## စာရေးဆရာကြီး ဒဂုန်နတ်ရှင်

အချိန်ကား ၁၉၄၁ – ခုနှစ်၊ ဒီဇင်ဘာလ(၂၃)ရက်နေ့ နံနက်ပိုင်းက ဖြစ်သည်။

ရန်ကုန်မြို့နေ ပြည်သူတစ်ရပ်လုံးမှာ တဝုန်းဝုန်း၊ တဒိုင်းဒိုင်း၊ တဂျိန်းဂျိန်းနှင့် မြည်ဟီးနေသော အသံဆိုးကြီးများကြောင့် ကမ္ဘာပျက်လုမတတ် ခံစားနေကြရသည်။

ဤအဖြစ်အပျက်မျိုး ကြောက်မက်ဖွယ် အသံဆိုးကြီးများကို တစ်ကြိမ်တစ်ခါမျှ မခံစား၊ မကြားဖူးကြသဖြင့် ရန်ကုန်သူ ရန်ကုန်သားအားလုံး စိုးရိမ်ကြောက်ရွံ့ ထိတ်လန့်နေကြသည်။

အကြောင်းမှာ ဂျပန်စစ်လေယာဉ်များမှ ဗုံးကြဲချ၍ ပေါက်ကွဲပျက်စီးသည့် အသံဆိုးကြီးများကြောင့် ဖြစ်ပေသည်။

ထိုစဉ်က ဗုံးသံကြီးများနှင့်အတူ ကားသံ၊ လူသံတို့ဖြင့် ဆူညံ ပွက်လောရိုက်နေ၏။ ဗုံးဒဏ်ကြောင့် အဆောက်အဦ အများအပြား ပြိုကွဲပျက်စီး၍ လူအများအပြား သေကြေပျက်စီး ဒဏ်ရာရရှိခဲ့ကြသည်။

သို့အတွက် ရန်ကုန်မြို့သူမြို့သား အများအပြားလည်း နေအိမ် အဆောက်အဦများကို စွန့်ခွာ၍ အရပ်ဒေသ အသီးသီး သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ ဂျပန်စစ်လေယာဉ်များမှ ဗုံးကြဲချနေသော်လည်း ရန်ကုန်မြို့မှ မီးရထားများ၊ မီးသင်္ဘော များမှာ အချိန်မှန် ထွက်နေသေး၏။

ဘူတာနှင့် သင်္ဘောဆိပ်တို့တွင်ကား စစ်ပြေးဒုက္ခသည် များနှင့် ပြည့်နှက်လျက်သာ ရှိတော့၏။

ထိုစစ်ပြေးဒုက္ခသည်များထဲတွင် ဆရာကြီး ဒဂုန်နတ်ရှင် တို့ မိသားစုလည်း ပါဝင်သည်။ ဆရာကြီးတို့ ဇနီးမောင်နှံမှာ မန္တလေးဇာတိများ ဖြစ်ကြသော်လည်း မန္တလေးသို့မပြန်။ ယင်းတို့ ဇနီးမောင်နှံ နေထိုင်ခဲ့ဖူးသည့် ညီရှိရာ ပျဉ်းမနားမြို့သို့သာ စစ်ဘေးဒုက္ခသည်အဖြစ်နှင့် ပြန်ခဲ့ကြသည်။

ဆရာကြီးတို့ မိသားစုမှာ ဂျပန်စစ်လေယာဉ်များ ကြဲချ သည့် ဗုံးဆံများအကြားမှပင် ပျဉ်းမနားမြို့သို့ ကောင်းမွန်ချောမော စွာ ရောက်ရှိခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ကြီး၏ စစ်ဘေးစစ်ဒဏ်ကား ပျဉ်းမနား မြို့ ရောက်သည့်တိုင် ထပ်မံ ခံစားကြရပြန်သည်။ ဂျပန်စစ် လေယာဉ်များမှ ကြဲချသည့် ဗုံးဒဏ်ကြောင့် ပျဉ်းမနားမြို့၏ လူစည်ကားရာ ဈေးတစ်ဝိုက်နှင့် ချစ်တီးတိုက်များ၊ ရိုးကုမ္ပဏီ တိုက်နှင့် ကုန်တိုက်ကြီးများ မီးဟုန်းဟုန်းတောက်လောင်ခဲ့ရ သည်။ ပြိုကွဲပျက်စီးခဲ့ကြရလေသည်။ ထို့အတူ လူအများအပြား လည်း သေကြေ ဒဏ်ရာရရှိခဲ့ကြလေသည်။ သို့အတွက် ပျဉ်းမနားမြို့သူမြို့သားများလည်း ကျေးလက်တောရွာများသို့ ထွက်ပြေးတိမ်းရှောင်ကြသည်။

ဆရာကြီး ဒဂုန်နတ်ရှင်တို့ မိသားစုကမူ ပျဉ်းမနားမှ တစ်ဆင့် မန္တလေးမြို့သို့ ပြန်ရန် ဆုံးဖြတ်လိုက်သည်။ ဆုံးဖြတ် ချက် အကောင်အထည် မပေါ်မီမှာပင် မန္တလေးမီးရထားစီး ခရီးသည်များထံမှ မန္တလေးမြို့ကြီးတွင် နေရာအတော်များများ ဗုံးကြဲချခံရကြောင်း သတင်းစကား ကြားရသည်။

ဤသတင်းစကားကြောင့် ဆရာကြီးတို့ မိသားစုလည်း မန္တလေးသွားမည့် ခရီးစဉ် ဖျက်သိမ်းလိုက်ကြတော့သည်။ သို့အတွက် ဆွေမျိုးများနှင့်အတူ လိုက်ပါ၍ ပုန်းအောင်းနေထိုင် ကြရတော့သည်။

စစ်ရေးအခြေအနေက တစ်နေ့ထက်တစ်နေ့ ပိုမို ဆိုးရွား လာ၏။

သို့အတွက် ဆရာကြီးတို့မိသားစုနှင့် ဆွေမျိုးများမှာ အနောက်ရိုးမတောကြီးထဲတွင် ကိုယ့်အုပ်စုနှင့်ကိုယ် ပြေးလွှားပုန်းအောင်းနေကြရသည်။ ထိုစဉ်က ရန်သူစစ်သားများသည် မြန်မာလူမျိုးများကို ဂျပန့်လူအဖြစ် သတ်မှတ်၍ ရန်သူများကဲ့သို့ပင် နှိပ်စက်ညှဉ်းပန်းတတ်ကြသည်။ သတ်ဖြတ်တတ်ကြသည်။ ရဟန်းတော်များကိုပင် အလွတ်မပေး သတ်ဖြတ်ကြသည်။ စစ်ပြေးဒုက္ခသည်များမှာ ဂျပန်တို့၏ ဗုံးဒဏ်ကတစ်မျိုး၊ ရန်သူစစ်သားများ၏ အန္တရာယ်က တစ်သွယ်နှင့် လွတ်ရာကျွတ်ရာရှောင်တိမ်းနေခဲ့ကြရသည်။

စစ်ပြေးဒုက္ခသည် အများအပြားနှင့် ဆရာကြီးတို့ မိသားစုများမှာ ပြေးရင်းလွှားရင်းနှင့် ပေါင်းလောင်းမြစ်လက်တက်တစ်ခုဖြစ်သည့် ငါးလိုက်ချောင်းကြီးဆီသို့ ရောက်ရှိလာသည်။ ဆောင်းအကုန် နွေအကူး ရာသီဖြစ်၍ ချောင်းအတွင်း ရေစပ်စပ်သာရှိသဖြင့် ချောင်းရိုးအတိုင်း ပြေးခဲ့ကြသည်။

ဆရာကြီးတို့ မိသားစုမှာ ပြေးလွှားရင်းပင် အချိန်ရသမျှ သမ္ဗုဒ္ဓေ ဂါထာတော်ကို ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ကြသည်။ သို့နှင့် အလွန်ကြီးမားသည့် မြွေကြီးများရှိရာ တောင်ကုန်းပေါ်ရှိ စေတီငယ်အနီးသို့ ရောက်ရှိခဲ့ကြသည်။

သမ္ဗုဒ္ဓေ ဂါထာတော်တန်ခိုးကြောင့် ချောင်းတွင်းမျောလာသည့် မြွေသိုက်ကြီးများနှင့် တောင်ကုန်းအနီးမှ မြွေချေးပုံကြီး

များကိုသာ မြင်တွေ့ခဲ့ကြရသော်လည်း မြွေကြီးများနှင့် ပက်ပင်းကြုံတွေ့၍ အန္တရာယ် မဖြစ်ခဲ့ကြရပေ။

ဆရာကြီးတို့ မိသားစုလည်း မြွေကြီးများ ဘေးအန္တရာယ်မှ လွတ်ကင်းရန် အခြားတောင်ကုန်းတစ်ခုအနီးသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။

စခန်းချသည့်နေရာနှင့် ခပ်လှမ်းလှမ်း တစ်နေရာတွင် ဆရာကြီး ဒဂုန်နတ်ရှင်နှင့် ရန်သူစစ်သားတစ်စုတို့ ထိပ်တိုက်ရင်ဆိုင်ကြုံတွေ့လိုက်ရသည်။ ထိုစဉ် ရန်သူစစ်သားများက ဆရာကြီးအား သေနတ်နှင့် ချိန်၍ ရပ်ရန် အမိန့်ပေးသည်။ ဆရာကြီးလည်း အမိန့်အတိုင်း ခြေစုံရပ်ကာ လက်နှစ်ဖက်ကို မြှောက်ထားသည်။ ထိုစဉ် ရန်သူစစ်သားများ ဆရာကြီးအနီးသို့ ရောက်ရှိလာပြီး တစ်ကိုယ်လုံး အနံ့အပြား ရှာဖွေကြတော့သည်။ ဆရာကြီး၏ ကုတ်အင်္ကျီအတွင်းမှ စိတ်ပုတီးတစ်ကုံး၊ ဂျပန်ဘုံးခွံပုံတစ်ခုနှင့် ဓားမြှောင်တစ်ချောင်းကို ရှာဖွေတွေ့ရှိသွားသည်။

ဓားမြှောင်ကို ရှာဖွေတွေ့ရှိရသဖြင့် ရန်သူစစ်သားများမှာ ဒေါသဖြစ်သွားသည်။ ဆရာကြီးအား သတ်ရန် ဆုံးဖြတ်လိုက်ကြသည်။ သို့အတွက် ဆရာကြီးလည်း ဒေါသတကြီး ဖြစ်နေသည့် ရန်သူစစ်သားများအား မေတ္တာပို့ကြည့်သည်၊ မရ။

ရန်သူစစ်သားများ အချင်းချင်း ဆွေးနွေးကြသည်။

ထိုစဉ် ဆရာကြီး၏ တစ်ကိုယ်လုံး ဖောချွေးများ ပြန်၍ တဆတ်ဆတ်ပင်–တုန်ဧဇ့သည်။ မတ်တတ်ရပ်လျက်ပင် သတိလက်လွတ် ဖြစ်သွားရသည်။ သမ္ဗုဒ္ဓေဂါထာတော်ကိုပင် ရွတ်ရန် သတိမေ့နေ၏။ မကြာမီ သတိပြန်ဝင်လာ၍ သမ္ဗုဒ္ဓေဂါထာတော်ကို အကြိမ်များစွာ ရွတ်ဖတ်သရဇ္ဈာယ်မိတော့သည်။

နောက်ကျောဘက်မှ ရန်သူစစ်သားတစ်ဦး၏ သေနတ်မောင်းတင်သံ ကြားလိုက်ရသည်။ ချောက်ခနဲ မောင်းတင်သံနှင့် အတူ တောင်ကုန်းပေါ်မှ ရန်သူစစ်သားတစ်စု ဆင်းလာသံကို ကြားရသည်။

ဆရာကြီးလည်း ရန်သူစစ်သားများ နောက်လှည့်အကြည့် အနီးရှိ အင်ပင်ကြီးအနီး ကပ်၍ ပုန်းကွယ်လိုက်မိသည်။ ဆရာကြီး ပျောက်သွားသဖြင့် ရန်သူစစ်သားတစ်စုမှာ ဒေါသ ဖြစ်သွားသည်။ ရန်သူ စစ်သားများ အုပ်စုနှစ်ခုပေါင်း၍ ဆရာကြီး ပုန်းခိုနေသည့် အင်ပင်ကြီးအနီး ဖြတ်သန်းရှာဖွေသည့်တိုင် မမြင်တွေ့ကြဘဲ သေဘေးမှ လွတ်ခဲ့ရသည်။

အဖြစ်အပျက်အလုံးစုံကို မြင်တွေ့နေရသည့် ဆရာကြီး၏ မိသားစုက ဆရာကြီး ပြန်ရောက်လာသည်နှင့် ဖက်၍ ငိုကြွေးကြသည်။ ထိုအခါ ဆရာကြီးက သူ သေဘေးမှ လွတ်ခဲ့ရခြင်းသည် ရတနာသုံးပါး ဂုဏ်ကျေးဇူးနှင့် သမ္ဗုဒ္ဓေ ဂါထာတော်၏

တန်ခိုးကြောင့်ဖြစ်ကြောင်း ဇနီးနှင့် ဆွေမျိုး ညီအစ်ကိုမောင်နှမများအား ရှင်းပြခဲ့သည်။

ထို့နောက် မိသားစုအားလုံးကိုလည်း ဘေးအန္တရာယ်အပေါင်းမှ လွတ်ကင်းရန် အောက်ပါ သမ္ဗုဒ္ဓေဂါထာတော်ကို အမြဲမပြတ် ရွတ်ဖတ်သရဇ္ဈာယ်ရန် တိုက်တွန်းနေလေတော့သည်။

သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ
ပဉ္စသတသဟဿာနိ၊ နမာမိ သိရသာ မဟံ။
အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။
နမက္ကာရာ နုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ
အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။ ။

(ဆရာကြီး ဒဂုန်နတ်ရှင်၏ ဘဝခရီးစဉ်စာအုပ်မှ ကောက်နုတ်ခံစား ရေးသားပါသည်။)

◆ ◆ ◆



ဓာရဏပရိတ်တော်အဓိဋ္ဌာန်ဝင်ခဲ့သူစာရေးဆရာကြီးအီကြာကြေး

## တာရကာပရိတ်တော် အဓိပ္ပာယ်တန်ခိုး

## (မြတ်စွာဘုရား၏ အာဝေဏိက ဂုဏ်တော် ၁၈ - ပါး)

ဆရာကြီး အီကြာကွေးကို အဖ ဦးမောင်နှစ်၊ အမိ ဒေါ်ညွန့်မေတို့မှ ၁၉၃၈ - ခုနှစ်တွင် ဓနုဖြူမြို့ မင်းပိုင်းရပ်၌ မွေးဖွားခဲ့သည်။ တစ်ဦးတည်းသောသား ဖြစ်သည်။ အမည်ရင်းမှာ ဦးကျော်ထွန်း ဖြစ်သည်။ ၁၉၅၄ - ခုနှစ် (၁၆)နှစ်သားအရွယ်ကပင် စာပေများကို စတင်ရေးသားခဲ့သည်။

မြန်မာနိုင်ငံ၌ ဟာသရသစာပေများကို ရေးသားရာတွင် ထင်ရှားကျော်ကြားသည့် စာရေးဆရာကြီးတစ်ဦး ဖြစ်သည်။ ထို့အတူ ကဗျာဆရာအဖြစ် ဓနုဖြူကျော်ထွန်း ကလောင်အမည်ဖြင့် လူသိများသည်။ ဆရာကြီးအီကြာကွေးသည် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာများအပြင် ရွှေမန်းသဘင်တွင် 'ပုတီးတစ်လုံး

ဂျောက်ခနဲ' 'မျက်လုံးများပင် မြင်ပါပြီ' စသည့် ရှေ့ပိုင်းပြဇာတ်များကို ရေးသားခဲ့သည်။

ဆရာကြီး အိကြာကွေး၏ ဝတ္ထုဇာတ်လမ်းအချို့ကို တိတ်ခွေဇာတ်လမ်းများအဖြစ် လည်းကောင်း၊ ဗီဒီယိုဇာတ်လမ်းများအဖြစ် လည်းကောင်း အသက်သွင်း ရိုက်ကူးခဲ့ကြသည်။ အသံသွင်းခဲ့ကြသည်။

ယခုအခါ ဆရာကြီးအိကြာကွေးမှာ အသက် (၅၈)နှစ် အရွယ်ရှိပြီး အမှတ်-၇၆၅၊ မင်္ဂလာလမ်း၊ (၁၂)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့တွင် အဒေါ်ဖြစ်သူနှင့် နေထိုင်ကာ စာပေရေးသားခြင်းဖြင့် ပရိယေသန ဝမ်းစာရှာမှီးလျက်ရှိသည်။

စာရေးဆရာဆိုလျှင် အများစုက အရက်သမားဟု ထင်ကြသည်။ အရက်သောက်ပြီးစာရေးမှ ဉာဏ်ရွှင်သူများဟုပင် အမှတ်မှားကြသည်။ အထင်သေးသည့်အကြည့်၊ နှိမ့်ချလိုသည့် အတွေး၊ ဆင်းရဲတွင်းနက်သူများဟူသော အမြင်များဖြင့်သာ တွေးမြင်ကြသည်။ 'စာရေးဆရာ ဘာလုပ်စားလဲ'ဟူသော မသိကျိုးနွံပြု၍ မေးသော မေးခွန်းမျိုးကိုပင် အချို့က မေးတတ်ကြသည်။

စာပေရေးသားခြင်း ဖြင့် အသက်မွေးဝမ်းကျောင်းပြုသည့် စာရေးဆရာများထဲတွင် ဆင်းရဲသူများရှိသကဲ့သို့ ချမ်းသာသူလည်း

ရှိသည်။ အောင်မြင်ကျော်ကြားသည့် စာရေးဆရာများရှိသကဲ့သို့ သာမန်စာရေးဆရာများလည်း ရှိသည်။ ဟို့အတူ အရက်သောက်သူ ရှိသကဲ့သို့ အရက်မသောက်သူလည်း ရှိသည်။ ဘာသာရေး လိုက်စားသူလည်း ရှိသည်၊ မလိုက်စားသူလည်း ရှိသည်။

စာရေးဆရာအသီးသီး အသက အသကထဲတွင် ဆရာကြီး အိကြာကွေးသည် အရက်ဆို ဝေလာဝေး၊ ကွမ်းမစား၊ ဆေးလိပ် မသောက်သည့် ပုဂ္ဂိုလ်ကြီး ဖြစ်သည်။ (မှတ်ချက် – ယခင်က ဆေးပြင်းလိပ်သောက်ခဲ့ပြီး အသက် (၅၀)ကျော်ခန့် အရွယ်တွင် ကျန်းမာရေးအခြေအနေကြောင့် ဆေးလိပ်ဖြတ်ခဲ့သည်။)

၁၉၉၅ – ခုနှစ်၊ နှောင်းပိုင်းကာလက ဆရာကြီး အိကြာကွေး ခမျာ ကျန်းမာရေး ညံ့ခဲ့ရှာသည်။ အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့တိုင်း မြို့ထဲထွက်လေ့ရှိသော ဆရာကြီး အိကြာကွေး မှာ မြို့ထဲသို့ မလာနိုင်တော့။ ထိုင်နေကျ လေထန်ကုန်း လက်ဖက်ရည်ဆိုင်တွင်လည်း မထိုင်နိုင်။ စာမူပေး စာမူခယူလည်း မလုပ်နိုင်သည်မှာ တစ်လနှစ်လခန့် ကြာသည်။ ထိုစဉ်က ဆရာကြီး အိကြာကွေးမှာ ကျန်းမာရေး ချို့တဲ့မှုကြောင့် သေလု မျောပါး ခံစားခဲ့ရရှာသည်။

ထိုစဉ်က ဆရာကြီး အိကြာကွေး၏ စားဝတ်နေရေး အတွက် မြန်မာ့ခနမဂ္ဂဇင်းမှ ကျပ် (၂၀၀၀)၊ ခနမဂ္ဂဇင်းမှ ကျပ် (၆၀၀)၊ လုံမလေးမဂ္ဂဇင်းမှ ကျပ် (၃၀၀)၊ စာရေးဆရာ

ဗန်းမော်တင်အောင်၏သာ ကျော်ဇော်ငယ်မှ ကျပ် (၉၀)နှင့် အခြားလိုအပ်သည့် ဆေးဝါး၊ အစာ အစာပစ္စည်း စသည်တို့ကို ကဗျာဆရာမွန်ရည် (ကျူးမြင့်မောင် ဦးမြင့်ဆွေ) ယခုကွယ်လွန်သူတို့က ကူညီထောက်ပံ့ခဲ့ကြသည်။

မိတ်ဆွေကောင်းပီသသူတို့၏ ဝိုင်းဝန်းကူညီပံ့ပိုးမှုကြောင့် ယခုအခါ သက်ရှင်ကျန်းမာစွာဖြင့် စာပေများကို ပြန်လည်ရေးသားနိုင်ခဲ့ပြီဖြစ်သည်။ သို့နောက်ပိုင်းကာလများတွင် ဆရာကြီးအိကြာကျွေးသည် ဘာသာရေးမာတိခံရှိသူပီပီ စာပေရေးသားခြင်းလုပ်ငန်းတစ်ဖက်နှင့် **'မာရဏာပရိတ်တော်'**ကို (၈၁)ရက်ကိုင် အဓိဋ္ဌာန်ဝင်သည်။

ဆရာကြီး အိကြာကျွေးသည် အဓိဋ္ဌာန်ဝင်စဉ်ကာလအတွင်း ဦးပင်လုံမလေး ကွယ်လွန်သည့် (၄)နှစ်မြောက် အထိမ်းအမှတ်အတွက် လုံမလေးမဂ္ဂဇင်းမှ မလေးလုံက ကျန်းမာရေးထောက်ပံ့ငွေကျပ်(၂၀၀၀၀)ကို ပေးအပ်၍ အမှတ်မထင် လက်ခံ ရရှိခဲ့သည်။ ထို့အတူ ၁၉၇၅ – ခုနှစ်က ရေးသားထုတ်ဝေခဲ့သည့် 'ကြည်စေအေးစေ ချစ်သူရေ' လုံးချင်းဝတ္ထုကို ရုပ်ရှင်မင်းသားဇင်ဝိုင်းမှ ဗီဒီယိုရိုက်ကူးရန် ကျပ် (၁၀၀၀၀)နှင့် ဝယ်ယူခြင်း ခံခဲ့ရပြန်သည်။

ဆရာကြီး အိကြာကျွေးသည် 'မာရဏာပရိတ်တော် အဓိဋ္ဌာန်တန်ခိုး'ကြောင့် မထင်မှတ်သည့် ငွေကြေးလာဘ်လာဘများ ရရှိခဲ့ခြင်းနှင့် ကျန်းမာရေးကောင်းမွန်ခြင်း၊ စိတ်ရွှင်လန်း ကြည်နူး

ခြင်း၊ ဘေးအန္တရာယ်ခပ်သိမ်းနှင့် အကာလမရဏမှ လွတ်မြောက်ခဲ့ခြင်း စသည့် အကျိုးကျေးဇူးများ ခံစားရသည်ဟု ယနေ့တိုင် ယုံကြည်လျက် ရှိနေကြောင်း သတင်းကောင်းပါးလိုက်ရပေသည်။ ယုံကြည်ချက်နှင့်အတူ ဆက်လက်အဓိဋ္ဌာန်ဝင်နေဆဲလည်း ဖြစ်ပေတော့သည်။

## အဓိဋ္ဌာန်ဝင်စဉ် သတိပြုရန် အချက်များ

၁။ အဓိဋ္ဌာန်ဝင်စဉ် ဗုဒ္ဓမြတ်စွာဘုရားအား ရည်မှန်း၍ ဆွမ်း ဆီမီး၊ ပန်း၊ ရေချမ်းတို့ကို ရိုသေစွာ ကပ်လှူ၍ ဘုရားရှိခိုးကန်တော့သည်။

၂။ ငါးပါးသီလ ဆောက်တည်၍ မကျိုးမပေါက် မပြောက် မကျားအောင် စောင့်ထိန်းရသည်။

၃။ ဓာရဏပရိတ်တော်ကို ပထမအကြိမ် တစ်နေ့ (၉) ခေါက်၊ (၉) ရက်၊ ဒုတိယအကြိမ် တစ်နေ့ (၁၈) ခေါက် (၁၈) ရက်၊ တတိယအကြိမ် တစ်နေ့ (၂၇) ခေါက် (၂၇) ရက်၊ စတုတ္ထအကြိမ် တစ်နေ့ (၁၈) ခေါက် (၁၈) ရက်၊ ပဉ္စမအကြိမ် တစ်နေ့ (၉) ခေါက် (၉) ရက်အထိ (၈၁) ရက် ဆက်တိုက် အပြန်ပြန်အလှန်လှန် ရွတ်ဖတ် သရဇ္ဈာယ်၍ အဓိဋ္ဌာန်ဝင်ရသည်။

၄။ အဓိဋ္ဌာန်ဝင် အရေအတွက် မှတ်သားရာ၌ (၉)လုံး ပုတီးနှင့်ဖြစ်စေ၊ လက်ရေချိုး မှတ်၍ဖြစ်စေ၊ စာရွက်တွင် ရေးမှတ်၍ ဖြစ်စေ ရေတွက်နိုင်သည်။

၅။ နေ့စဉ် အဓိဋ္ဌာန်ပြည့်တိုင်း (ဤအဓိဋ္ဌာန်ကြောင့် ဘုရားတပည့်တော်/ တပည့်တော်မသည် ဗုဒ္ဓသာသနာတော် မြတ်ကြီးနှင့် ဝေနေယျ သတ္တဝါအားလုံးတို့၏ အကျိုးစီးပွားကို သက်ရှင်ကျန်းမာစွာဖြင့် ဆောင်ရွက်နိုင်ရပါလို၏ဘုရား' ဟု အနန္တော အနန္တငါးပါးကို ဦးထိပ်ပန်ဆင်၍ ဆုတောင်းရမည်။ (မိမိလိုရာ ဖြစ်နိုင်သည့် ကိစ္စကို ထည့်သွင်း ဆုတောင်းနိုင်သည်။)

မှတ်ချက်။ ။ အဓိဋ္ဌာန်ပျက်၍ အဓိဋ္ဌာန်ဝင်သူအား ဘေးဥပါဒ်အန္တရာယ် မဖြစ်စေပါ။ အသစ်ထပ်မံ၍ အဓိဋ္ဌာန်ဝင်နိုင်ပါသည်။

## ဓာရဏပရိတ်ပါဠိတော်

## (မြတ်စွာဘုရား၏ အာဝေဏိကဂုဏ်တော် ၁၈ - ပါး)

၁။ ဗုဒ္ဓါနံ ဓိဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

၂။ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊
အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊
ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။

၃။ ဣဓမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနု ပရိဝတ္တံ၊ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနု ပရိဝတ္တံ၊ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနု ပရိဝတ္တံ။

၄။ ဣဓမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဆန္ဒဿ ဟာနိ၊ နတ္ထိ ဓမ္မဒေသနာယ ဟာနိ၊ နတ္ထိ ဝီရိယဿ ဟာနိ၊ နတ္ထိ ဝိပဿနာယ ဟာနိ၊ နတ္ထိ သမာဓိဿ ဟာနိ၊ နတ္ထိ ဝိမုတ္တိယာ ဟာနိ။

၅။ ဣဓမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဒဝါ၊ နတ္ထိ ရဝါ၊ နတ္ထိ အဖုဋ္ဌံ၊ နတ္ထိ ဝေဂါယိတတ္တံ၊ နတ္ထိ အဗျာဝဋမနော၊ နတ္ထိ အပ္ပဋိသင်္ခါ နုပေက္ခာ၊ ဣဓမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော၊ နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

၆။ နတ္ထိ တထာဂတဿ ကာယဒုစ္စရိတံ၊ နတ္ထိ တထာဂတဿ ဝစီဒုစ္စရိတံ။ နတ္ထိ တထာဂတဿ မနောဒုစ္စရိတံ၊ နတ္ထိ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိဟတံ ဉာဏံ၊ နတ္ထိ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိဟတံ ဉာဏံ၊ နတ္ထိ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိဟတံ ဉာဏံ၊ နတ္ထိ သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏံ နာနုပရိဝတ္တံ၊ နတ္ထိ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏံ နာနုပရိဝတ္တံ၊ နတ္ထိ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏံ နာနုပရိဝတ္တံ၊ ဣမံ

ဓာရဏံ အမိတံ အသမံ သဗ္ဗသတ္တာနံ တာဏံ လေဏံ သံသာရဘယဘီတာနံ အဂ္ဂံ မဟာတေဇံ။

၇။ ဣမံ အာနန္ဒ ဓာရဏပရိတ္တံ ဓာရေဟိ ဝါရေဟိ ပရိပုဏ္ဏာဟိ၊ တဿကာယေ ဂိသံ န ကမေယျ၊ ဥဒကေ န လဂ္ဂေယျ၊ အဂ္ဂိ န ဍဟေယျ၊ နာနာဘယ ဝိကော၊ န ဧကာဟာရကော၊ န ဒွိဟာရကော၊ န တိဟာရကော၊ န စတုဟာရကော၊ န ဥမ္မတ္တကံ၊ န မူဠှကံ၊ မနုဿေဟိ အမနုဿေဟိ န ဟိံ သကာ။

၈။ တံ ဓာရဏပရိတ္တံ ယထာ ကတမေ၊ ဇာလေ မဟာဇာလေ၊ ဇာလိတ္တေ မဟာဇာလိတ္တေ၊ ပုဂ္ဂေ မဟာပုဂ္ဂေ၊ သမ္ပတ္တေ မဟာသမ္ပတ္တေ၊ ဘူတင်္ဂမိ တမင်္ဂလံ။ ဣမံ ခေါ ပနာနန္ဒ ဓာရဏပရိတ္တံ သတ္တသတ္တတိ သမ္မာ သမ္ဗုဒ္ဓကောဋီဟိ ဘာသိတံ၊ ဝတ္တေ အာဝတ္တေ၊ ဂန္ဓဝေ အဂန္ဓဝေ၊ နောမေ အနောမေ၊ သေဝေ အသေဝေ၊ ကာယေ အကာယေ၊ ဓာရဏေ အဓာရဏေ၊ ဣလ္လိ မိလ္လိ၊ တိလ္လိ မိလ္လိ၊ ယောရက္ခေ မဟာယောရက္ခေ၊ ဘူတင်္ဂမိ တမင်္ဂလံ။

၉။ ဣမံ ခေါ ပနာနန္ဒ ဓာရဏပရိတ္တံ နဝနဝုတိယာ သမ္မာသမ္ဗုဒ္ဓကောဋီဟိ ဘာသိတံ ဒိဋ္ဌိလာ ဒက္ခိလာ မန္တိလာ ရောဂိလာ ခရလာ ဒုဗ္ဘိလာ။ ဧတေန သစ္စဝဇ္ဇေန သောတ္ထိ မေ ဟောတု သဗ္ဗဒါ။

◆ ◆ ◆



ဂုဏ်တော်ကိုးပါး(၆)လပုတီးစိပ်အဓိဋ္ဌာန်ဝင်ခဲ့သူဒေါ်စိန်မြိုင်

## ဂုဏ်တော်ကိုးပါး (၆) လ ပုတီးစိပ်

## အဝိဇ္ဇာနှင့် ကိုယ်တွေ့ဖြစ်ရပ်

ဒေါ်စိန်မြိုင်သည် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ် ရေကျော်ရပ်ကွက်တွင် နေထိုင်သူ တစ်ဦးဖြစ်သည်။ အသားအရေကညိုပြာညက်ရောင်ရှိသည်။ ဥပမိရုပ်က တည်ကြည်ခန့်ငြားသည်။ အရုပ်အမောင်းမှာ အသင့်အတင့်ရှိသည်။ ဒေါ်စိန်မြိုင်တွင် တစ်ဦးတည်းသော သားတစ်ယောက်ရှိသည်။

စီးပွားရေး ပြည့်စုံသည်။ လူမှုရေး နားလည်သည်။ မိတ်ဆွေ အပေါင်းအသင်းများ၏ သာရေးနာရေး ကိစ္စများတွင် လူရောငွေပါ အားတက်သရော ပါဝင်ကူညီတတ်သည်။ ဒေါ်စိန်မြိုင်ကား စေတနာ သဒ္ဓါတရား ထက်သန်သူ တစ်ဦးဟု ဆိုနိုင်သည်။

ဒေါ်စိန်မြိုင်သည် ဗုဒ္ဓဘာသာဝင်တစ်ဦးပီပီ ဘာသာရေးလိုက်စားသည်။ နိစ္စရူဝ ဘုရားသောက်တော်ရေ၊ ဆွမ်း၊ ပန်း၊

ဆီမီးတို့ကို ဝတ်မပျက် ကပ်လှူသည်။ ရံဖန်ရံခါ ရက်ရှည်လများ အဓိဋ္ဌာန်ဝင် ပုတီးစိပ်လေ့ရှိသည်။ ထို့အတူ ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း အလှူဒါနပြုခြင်း ကိစ္စများကို ဆောင်ရွက်သည်။

ကျွန်တော်တို့ မိသားစုသည် ဒေါ်စိန်မြိုင်အိမ်သို့ မကြာခဏ အလည်အပတ် သွားလေ့ရှိသည်။ ကျွန်တော်တို့မိသားစု ရောက်လာတိုင်း နံနက်စာ ထမင်းဖြင့် တည်ခင်း ဧည့်ခံလေ့ရှိသည်။ ထို့အတူ ကျွန်တော့်ဇနီး ဆေးရုံတက်စဉ်က နေ့ညမနက် ထမင်းပို့ပေးသည်။ သတင်းမေးသည်။ ထိုစဉ်က ကျွန်တော်နှင့် ကျွန်တော့်ဇနီး၏ ဆွေမျိုးများထက်ပင် အားကိုးအားထားပြုရသူ တစ်ဦး ဖြစ်သည်။ လေးစားရသူလည်း ဖြစ်သည်။

တစ်လုပ်စားဖူး သူ့ကျေးဇူး ဆိုသကဲ့သို့ ကျွန်တော်တို့ မိသားစု၏ ကျေးဇူးရှင် တစ်ဦးပင် ဖြစ်နေတော့သည်။

ထို့အတူ ဒေါ်စိန်မြိုင်သည် ကျွန်တော်တို့ မိသားစု၏ လူမှုရေးကိစ္စ၊ စီးပွားရေးကိစ္စများကို ခရေစေ့တွင်းကျ သိထားသူ ဖြစ်သည်။ သို့အတွက် ဒေါ်စိန်မြိုင်က ကျွန်တော်တို့ မိသားစုအပေါ် သနားကြင်နာသည်။ ကျွန်တော်တို့ မိသားစု ရောက်တိုင်း ကျွေးမွေးခြင်း၊ စောင့်ရှောက်ခြင်း၊ ပေးကမ်းစွန့်ကြဲခြင်း ပြု၏။

တစ်နေ့ ဒေါ်စိန်မြိုင်တို့အိမ်သို့ ကျွန်တော်တို့ မိသားစု ရောက်ရှိသွားသည်။ ထုံးစံအတိုင်း ဒေါ်စိန်မြိုင်က သူကိုယ်တိုင် ပုဇွန်တောင်ဈေးသို့ သွားသည်။ ကျွန်တော်တို့ မိသားစုအား စေတနာသန့်သန့်နှင့် ထမင်းဟင်းများကို သူကိုယ်တိုင် ချက်ပြုတ် ကျွေးမွေးသည်။ ထို့နောက် စာရေးသူအား စကား လက်ဆောင် ခမ္မအမွှေတစ်ခု ပေးသည်။

'ဆရာ ဂုဏ်တော်တစ်ထောင် ပုတီးစိပ်ပါလား။ အစစ အရာရာ အဆင်ပြေတယ်၊ ဆရာ အဓိဋ္ဌာန်ဝင် ပုတီးစိပ်မယ် ဆိုရင် ဟောဒီပုတီးလို ပုတီးလုံးတစ်ထောင်ပါတဲ့ ဂုဏ်တော် ပုတီးတစ်ကုံးဝယ်ပြီး ဒါနပြုမယ်'

'ပုတီးကုံးကြီးက အကြီးကြီးပါလား၊ ပုတီးလုံးတစ်ထောင် ပါတယ်ဆိုတော့ ပတ်ရေခေါက်ရေတွေ မမှတ်ရတော့ဘူးပေါ့'

ထိုစဉ်က ကျွန်တော်သည် ဒေါ်စိန်မြိုင်၏ တိုက်တွန်း စကားကို သာမန်မျှသာ သဘောထားသည်။ ပုတီးစိပ် အဓိဋ္ဌာန် ဝင်မည် မဝင်မည်ကို မပြောမိ။ သို့အတွက် ဒေါ်စိန်မြိုင် လည်း ကျွန်တော့်အား ဂုဏ်တော်တစ်ထောင် ပုတီးစိပ် အဓိဋ္ဌာန် အကြောင်းဆက်၍ မပြောတော့။ သို့နှင့် ကျွန်တော်တို့ မိသားစု လည်း အချိန်တန်၍ အိမ်သို့ ပြန်ခဲ့ကြသည်။

နောက် သုံး၊လေးလ ကြာသည့်အခါ ဒေါ်စိန်မြိုင်အိမ်သို့ ကျွန်တော်တို့ မိသားစု ထပ်ရောက်ပြန်သည်။ ထမင်းစား

သောက်ပြီးသည့်အခါ ဒေါ်စိန်မြိုင်က ကျွန်တော့်အား ဂုဏ်တော် တစ်ထောင် ပုတီးစိပ်ရန် ထပ်မံ တိုက်တွန်းပြန်သည်။

'ဆရာ ဂုဏ်တော် (၉) ပါး (၆) လ အဓိဋ္ဌာန်ပုတီး စိပ်ကြည့်စမ်းပါ။ အစစအရာရာ အကျိုးပေးတယ်'

'ဘယ်လို အကျိုးပေးတာလည်း အစ်မကြီးရဲ့'

ထိုနေ့က ဒေါ်စိန်မြိုင်ထံမှ ဂုဏ်တော် (၉) ပါး (၆)လ ပုတီးစိပ် အဓိဋ္ဌာန်ဝင်နည်းနှင့် ကိုယ်တွေ့အကျိုးတရားများကို ကြားသိလိုက်ရသဖြင့် ကျွန်တော် များစွာ အံ့သြမိသည်။

'ကျွန်မမှာ ငွေကြေးပစ္စည်း ပြည့်စုံပြီးသားဆိုတာ ဆရာ လည်း သိပြီးသားပဲ၊ ကျွန်မ အဓိဋ္ဌာန်ဝင်တဲ့ ရည်ရွယ်ချက်က သာသနာပြုဖို့ သက်သက်ပါ ဆရာ၊ စာမေးပွဲအောင်ဖို့၊ ရာထူး တိုးဖို့၊ အန္တရာယ်ကင်းဖို့၊ လာဘ်လာဘ ပေါများဖို့ဆိုတဲ့ ကိစ္စ တွေ ကျွန်မမှာ မရှိပါဘူး'

'ဒါပေမယ့် အဲဒီကိစ္စတွေအတွက် မြတ်စွာဘုရားရဲ့ ဂုဏ် တော်တွေနဲ့ အဓိဋ္ဌာန်ဝင် ပုတီးစိပ်မယ်ဆိုရင် သက်ဆိုင်သူတွေ အဖို့ အကျိုးပေးနိုင်တယ်ဆိုတာ ဆရာ သိပြီးသားပါ'

'ကျွန်မကတော့ သာသနာပြုဖို့ လှူဖို့ တန်းဖို့အတွက် အဓိဋ္ဌာန်ဝင် ပုတီးစိပ်တာဆိုတော့ အဓိဋ္ဌာန်ထားတဲ့ အတိုင်း ပဲ အောင်မြင်တာပေါ့'

'ဘယ်လိုအောင်မြင်တာလည်း အစ်မကြီးရဲ့'

'ဆရာပဲ စဉ်းစားကြည့်လေ၊ အဓိဋ္ဌာန်ဝင် ပုတီးစိပ်နေတဲ့ အချိန်မှာ ကျွန်မ ထိထိုးထားတာ ငါးထောင်ဆု ပေါက်တယ်၊ အဲဒီအတွက် ကျွန်မကိုယ်ပိုင်ငွေထဲက စိုက်ပြီး လှူနိုင်ခဲ့တယ်'

'ဟန်ကျလိုက်တာ အစ်မကြီးရယ်'

'ဒါက အသေးအမွှားပဲ ရှိသေးတာ ဆရာရဲ့၊ အဓိဋ္ဌာန်ပြီးခါနီးကျတော့ ကျွန်မရစရာရှိတဲ့ ငွေသုံးသိန်းကျော် နီးပါး ထပ်ရပြန်တယ်။ အဲဒီတော့ ကျွန်မ အဓိဋ္ဌာန်ထားတဲ့ အတိုင်း သာသနာပြုခွင့် ရတာပေါ့ ဆရာ'

'အမှန်က အစ်မကြီးရဲ့ အဓိဋ္ဌာန်တန်ခိုးနဲ့ ကံအကျိုးပေးကြောင့်လို့ပဲ ဆိုရမှာပေါ့'

'ဟုတ်တယ်ဆရာ၊ ထီပေါက်ချင်လို့ ထီမထိုးဘဲ အဓိဋ္ဌာန်ဝင်ရင်တော့ ဘယ်ပေါက်ပါ့မလဲ ဆရာရယ်'

'မှန်တာပေါ့ အစ်မကြီးရယ်၊ အဓိဋ္ဌာန်အားကိုးနဲ့ စာမကြည့်ဘဲ စာမေးပွဲဖြေရင် မအောင်သလိုပေါ့ အစ်မကြီးရယ်။ အဲ ... အခုမှ သတိရတယ်။ သင်္ဘောသား တစ်ယောက်က သင်္ဘောသား အရာရှိ စာမေးပွဲဖြေတာ စာမေးပွဲ အောင်ပြီး အရာရှိဖြစ်ဖို့ အစ်မကြီးလိုပဲ အဓိဋ္ဌာန်ဝင်တယ်။

'သူက နိုင်ငံခြားသင်္ဘောမှာ အရာရှိဖြစ်ဖို့ စာမေးပွဲ ဖြေထားတာ၊ ဖြေနိုင်ပေမယ့် လူလေးငါးဆယ်ထဲက ငါးယောက်

ပဲ ရွေးမှာဆိုတော့ အဓိဋ္ဌာန်ဝင် ဆုတောင်းတာ အောင်မြင်သွားတယ်’

‘အဓိဋ္ဌာန်တန်ခိုးပေါ့နော် ဆရာ’

‘ဟုတ်တယ် အစ်မကြီး အဲရာရာမှာ ပြိုင်လာတဲ့သူ ရှိရင် သီလရှိတဲ့သူက သီလ မရှိတဲ့သူကို နိုင်တယ်။ အဓိဋ္ဌာန်ဝင်တဲ့သူက အဓိဋ္ဌာန် မဝင်တဲ့သူကို နိုင်တယ်၊ သူတော်ကောင်း နတ်ကောင်းမ ဆိုသလိုပေါ့ အစ်မကြီးရာ’

‘ဒါကြောင့် ဆရာ့ကို ဂုဏ်တော် (၉)ပါး (၆)လ ပုတီးစိပ် အဓိဋ္ဌာန်ဝင်ဖို့ တိုက်တွန်းနေတာပေါ့ ဆရာရဲ့’

‘စိတ်ချပါ အစ်မကြီးရယ်၊ ကျွန်တော် အဓိဋ္ဌာန်ဝင် ပုတီးစိပ်တဲ့အခါ အစ်မကြီးကို ပြောပါ့မယ်’

ဂုဏ်တော်ကိုးပါး (၆) လ အဓိဋ္ဌာန်ဝင် ပုတီးစိပ် ကျင့်စဉ်ကို ယုံကြည်စွာဖြင့် ဆောင်ရွက်ပါက စည်းစိမ်ဥစ္စာ ရတနာများ တိုးတက်ခြင်း၊ အကြံအစည်အောင်မြင်ခြင်း စသည့် အကျိုးထူးများကို ရရှိစေနိုင်ကြောင်း ရှေးရှေးဆရာတော်ကြီးများကလည်း မိန့်ကြားခဲ့ဖူးသည်။ သို့ပါ၍ စာရေးသူအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် အဓိဋ္ဌာန်ဝင် ပုတီးစိပ်လိုသူများ အတွက် သတင်းကောင်းပါးလိုက်ရပေသည်။

## ဂုဏ်တော် (၉)ပါး (၆)လ ပုတီးစိပ်နည်း

၁။ **အရဟံ** ဂုဏ်တော်ကို တစ်နေ့တစ်ထောင် ရက် (၃၀) စိပ်ရမည်။

၂။ **သမ္မာသမ္ဗုဒ္ဓေါ** ဂုဏ်တော်ကို တစ်နေ့တစ်ထောင် (၁၅) ရက် စိပ်ရမည်။

၃။ **ဝိဇ္ဇာစရဏ သမ္ပန္နော** ဂုဏ်တော်ကို တစ်နေ့တစ်ထောင် (၁၅) ရက် စိပ်ရမည်။

၄။ **သုဂတော** ဂုဏ်တော်ကို တစ်နေ့တစ်ထောင် (၁၅) ရက် စိပ်ရမည်။

၅။ **လောကဝိဒူ** ဂုဏ်တော်ကို တစ်နေ့တစ်ထောင် (၁၅)ရက် စိပ်ရမည်။

၆။ **အနုတ္တရောပုရိသဒမ္မသာရထိ** ဂုဏ်တော်ကို တစ်နေ့တစ်ထောင် (၁၅) ရက် စိပ်ရမည်။

၇။ **သတ္ထာဒေဝ မနုဿာနံ** ဂုဏ်တော်ကို တစ်နေ့တစ်ထောင် (၁၅) ရက် စိပ်ရမည်။

၈။ **ဗုဒ္ဓေါ** ဂုဏ်တော်ကို တစ်နေ့တစ်ထောင် (၁၅) ရက် စိပ်ရမည်။

၉။ **ဘဂဝါ** ဂုဏ်တော်ကို တစ်နေ့တစ်ထောင် ရက် (၃၀) စိပ်ရမည်။

**မှတ်ချက်**

အဓိဋ္ဌာန်ဝင်ရမည့် ရက်မှာ (၆) ရက် တိတိ ဖြစ်ပြီး ပုတီးလုံးရေ တစ်သိန်းရှစ်သောင်း ရှိပါသည်။ ပုတီးစိပ်ပြီးတိုင်း ဝေနေယျ သတ္တဝါအားလုံးနှင့် သာသနာစောင့်နတ်များ၊ ရိုးရာနတ်များ၊ အထက်ပုဂ္ဂိုလ်များကို အမျှပေးဝေပါ။

◆ ◆ ◆



သစ္စာအဓိဋ္ဌာန်ကြောင့်အဖတ်တင်ခဲ့သည့်သမီးလေးခင်ရတနာနိုင်ခန့်

## သားသမီး အပတ်တင်စေသည့် သစ္စာအဓိဋ္ဌာန်

ကျွန်မအသက် (၃၆)နှစ် ရှိပြီဖြစ်သည်။ လွန်ခဲ့သည့် နှစ်နှစ်ခန့်က အိမ်ထောင်ကျခဲ့သည်။

အိမ်ထောင် စတင်ကျစဉ်ကတည်းက မည်သည့် တားဆေး၊ နည်းလမ်း စသည်တို့ကို အသုံးမပြုဘဲ သားသမီးယူခဲ့သည်။ သို့တိုင် ကျွန်မတို့ ဇနီးမောင်နှံတွင် သားသမီး မရခဲ့ကြပါ။ သို့အတွက် ဆေးပညာရှင်ကြီးများ ဖြစ်သည့် သားဖွားနှင့် မီးယပ်ပါရဂူကြီးများ၏ ဆေးကုသမှု ခံယူ၍ လည်းကောင်း၊ အကြံဉာဏ်များ ရယူ၍လည်းကောင်း နေထိုင်ခဲ့ကြသည်။

တစ်လရနိုးနိုးနှင့် စောင့်မျှော်ခဲ့ရသည်မှာလည်း လပေါင်းများစွာ ကြာခဲ့ပြီဖြစ်သည်။ ဓမ္မတာလာတိုင်း ရင်မောခဲ့ကြရသည်။ သက်ပြင်းချခဲ့ကြရသည်။ အချိန်ကာလ ကြာမြင့်လာသည့်အခါ

ကျွန်မ၏ ဘဝကံကြမ္မာကိုသာ အပြစ်တင်မိသည်။ နာကျည်းမိသည်။

သို့သော် ကျွန်မစိတ်တွင် သားသမီးရလိုစိတ်က ပြင်းပြနေဆဲပင် ဖြစ်သည်။ သားသမီးရလိုသည့်ဆန္ဒ ပြင်းပြလာသည့်အခါ ကြားဖူးနားဝရှိရာ နည်းလမ်းများကို အားကိုးအားထားပြုခဲ့သည်။ ကလေးလိုချင်၍ ဗေဒင်မေးခြင်း၊ နတ်မေးခြင်း၊ ယတြာချေခြင်း စသည့် ကိစ္စများကို ကျွန်မ စိတ်မဝင်စားပါ။

လူပြောသူပြောများသည့် ရွှေတိဂုံဘုရား ကုန်းတော်ရင်ပြင်ပေါ်ရှိ ဘုရားအမှတ် (၇၃)ရှိ ရွှေပန်းတန်းလန်းနှင့် နတ်ရုပ်တွင် ပန်းဆက်၍ သားဆုပန်သည်။ ညောင်ပင်စောင့် ရက္ခစိုးနတ်မင်းထံတွင် သားဆုတောင်းခဲ့သည်။

ဤနည်းဖြင့်လည်း ကျွန်မဆန္ဒ မပြည့်ဝခဲ့။

ဆေးပညာရှင်များ၏ အဆိုအမိန့်အရ လူသားအစ 'ကလလ' ဖြစ်သည့် သန္ဓေအောင်မျိုး (Zygote) တစ်ခု ဖြစ်ပေါ်ရန် ဖခင်ဆီမှ သန်စွမ်းသည့် သုတ်ပိုး (Spermatozoon) နှင့် မိခင်ဆီမှ ရင့်မှည့်သော မျိုးဥ (Ovan) တို့ ပေါင်းစပ်သွားရန် လိုအပ်သည်။

ပါဠိကျမ်းဂန်များ အဆိုကမူ လူ့ဘဝ အမိဝမ်းတွင်း၌ သန္ဓေတည်ရန် "မာတာပိတရော စ သန္နိပတိတာ ဟောန္တိ - မိဘနှစ်ဦးတို့ သံဝါသပြုကြရသည်" "မာတာ စ ဥတုနီ ဟောတိ - မိခင်မှာလည်း ပန်းပွင့်သည်" "ဂန္ဓဗ္ဗော စ ပစ္စုပဋ္ဌိတော

ဟောတိ – သူငယ်လောင်းကလည်း အသင့်ရှိရသည်” စသည်ဖြင့် ဤအချက်သုံးချက်နှင့် ပြည့်စုံ ညီညွတ်လျှင် ကိုယ်ဝန်သန္ဓေ တည်သည်ဟု ဖတ်မှတ်လေ့လာခဲ့ဖူးသည်။

ဆေးပညာအလိုအရ သားသမီးရနိုင်သော်လည်း မရခြင်းမှာ ကျွန်မတို့ ဇနီးမောင်နှံသည် အတိတ်က အကုသိုလ်ကံကြွေး တစ်ခုခုကို ပေးဆပ်နေရသည်ဟု ကျွန်မ ယူဆမိသည်။ ထို့အတူ ကျွန်မသည် စိတ်ဖြေရာအဖြစ် ‘ငါနဲ့ထိုက်တဲ့သူငယ် မရှိသေးလို့ပဲ’ဟု တွေးမိသည်။

သားသမီးလိုချင်သည့်စိတ်ကို မေ့ပျောက်စေရန် ကျွန်မ၏ ယောကျ်ားများရှိရာ အထက်အညာဒေသသို့ ခရီးထွက်ခဲ့ကြသည်။ ထိုလက ကျွန်မ ဓမ္မတာမလာသည်ကို ဖျတ်ခနဲ သတိရလိုက်သည်။ ‘ငါ ကိုယ်ဝန်ရှိပြီဟေ့’ဟု တစ်လောကလုံးကြားအောင် ဟစ်ကြွေးချင်လောက်အောင် ပျော်ရွှင်မိသည်။ ထို့အတူ ကျွန်မ ခင်ပွန်းလည်း အတိုင်းမသိ ဝမ်းသာသွားသည်။

အညာမှအပြန် ရန်ကုန်အိမ်သို့ ပြန်ရောက်သည့်အခါ ကျွန်မတို့ ဇနီးမောင်နှံ၏ ပျော်ရွှင်မှုကမ္ဘာလေး ပျက်သုဉ်းသွားသည်။ အကြောင်းကား ကျွန်မတွင် လကျော်၍ ဓမ္မတာပြန်လာခြင်းကြောင့် ဖြစ်ပေသည်။

သားသမီးရရေးကိစ္စနှင့် ပတ်သက်၍ ကျွန်မတို့ ဇနီးမောင်နှံ နှစ်ဦးစလုံး စိတ်ဓာတ်ကျသွားသည်။ ယင်းကိစ္စကို မသိကျိုးနွံ ပြုခဲ့ကြတော့သည်။ နှစ်ဝက်ခန့် ကြာမည်ထင်သည်။

သည်တစ်ခါ ကျွန်မတွင် ဓမ္မတာမလာသည်မှာ တစ်လ လည်း မဟုတ်၊ နှစ်လလည်း မဟုတ်၊ သုံးလလည်းမက ကျော်လွန်လာခဲ့သည်။ သို့အတွက် မီးယပ်နှင့် သားဖွားအထူးကု ဆရာဝန်ကြီးနှင့် သွားရောက်ပြသသည်။ အထူးကုဆရာဝန်ကြီးက ကျွန်မ၏ ဗဟိဒ္ဓသွင်ပြင်လက္ခဏာနှင့် ကိုယ်ဝန်ဆောင်သည်များတွင် ဖြစ်လေ့ဖြစ်ထရှိသည့် လက္ခဏာများကို မေးမြန်းစိစစ်ပြီးနောက် အမှန်စင်စစ် ကိုယ်ဝန်ရှိကြောင်း ထောက်ခံချက်ပေးခဲ့သည်။

ထိုအချိန်မှစ၍ အစားအသောက် အနေအထိုင်တို့ကို ကျွန်မ အထူးဂရုစိုက်သည်။

သို့တိုင် သန္ဓေသား၏ ကံကြမ္မာအလှည့်အပြောင်းကြောင့် ကျွန်မတွင် သွေးအနည်းငယ် ပြန်ဆင်းလာသည်။ အထူးကုဆရာဝန်ကြီးနှင့် ပြသရပြန်သည်။ ကျွန်မကိုယ်ဝန်ကို (Ultrasound) ရိုက်ရန် ညွှန်ကြားခဲ့သည်။ အဖြေကား ကျွန်မ၏ သန္ဓေသားငယ်သည် အသက်မရှူဘဲ ငြိမ်နေသည်။ လှုပ်ရှားမှု မရှိ။

လူ့ဘဝ၏ ပြင်ပကမ္ဘာသို့ မရောက်မီ စပ်ကူးမတ်ကူးကာလတွင် သေဆုံးခဲ့သည်။ သို့အတွက် ကျွန်မ ဆေးရုံတက်ခဲ့ရသည်။ ကျွန်မဘဝကား ငွေကုန်လူပန်းရုံမျှ အဖတ်တင်ခဲ့သည်။

ထိုအခါ ကျွန်မတွင် ကိုယ်ချင်းစာတရားများ ဖြစ်ပေါ်လာခဲ့သည်။ ကမ္ဘာပေါ်ရှိရှိသမျှ မိခင်လောင်း အားလုံးတို့အား ကျွန်မကဲ့သို့ အဖြစ်မျိုးကို မခံစားစေချင်။

ကျွန်မ တတ်နိုင်သည်က သစ္စာအဓိဋ္ဌာန်နှင့် မေတ္တာတရားပွားများ ပို့လွှတ်ခြင်းပင် ဖြစ်သည်။

သို့အတွက် ကျွန်မလည်း ဆေးရုံမှဆင်းပြီး ကျန်းမာလာသည့်အချိန်မှစ၍ ကိုယ်ချင်းစာတရား အပြည့်ဖြင့် မိခင်လောင်းများအားလုံးအတွက် နိစ္စဓူဝ သစ္စာဓိဋ္ဌာန်ပြု၍ မေတ္တာပို့လွှတ်သည်။ ရေးဦးစွာ –

(၁) ဗုဒ္ဓမြတ်စွာဘုရားအား ရည်မှန်း၍ ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းတို့ ဆက်ကပ်လှူဒါန်းသည်။

(၂) ဘုရားရှိခိုးကန်တော့၍ ဝေနေယျ သတ္တဝါအားလုံးတို့အား အမျှပေးဝေသည်။

(၃) ဂုဏ်တော်ကိုးပါး ပုတီးစိပ်နည်းဖြင့် တစ်နေ့ (၉)ပတ် အဓိဋ္ဌာန်စိပ်သည်။

(၄) နောက်ဆုံး 'အင်္ဂုလိမာလသုတ်'တော်ဖြင့် သစ္စာဓိဋ္ဌာန် ပြု၍ မိခင်လောင်းနှင့် မိခင်များအား မေတ္တာပို့သည်။

## အင်္ဂုလိမာလသုတ်တော်

ယတော ဟံ ဘဂိနိ အရိယာယ
ဇာတိယာ ဇာတော၊
နာဘိဇာနာမိ သဉ္စိစ္စပါဏံ
ဇီဝိတာ ဝေါရောပေတာ၊
တေန သစ္စေန သောတ္ထိ တေ
ဟောတု သောတ္ထိ ဂဗ္ဘဿ - ဟု ရွတ်ဖတ်သရဇ္ဈာယ်၍ သစ္စာအဓိဋ္ဌာန် ပြုသည်။ ထို့နောက် **"မွေးဖွားဆဲ၊ မွေးဖွားလတ္တံ့၊ မွေးဖွားပြီးသော မိခင်များအားလုံး ကျန်းမာချမ်းသာကြပါစေ၊ အဆင်းအင်္ဂါ လှပပြည့်စုံစွာနှင့် ဘေးအန္တရာယ်ကင်းရှင်း၍ လွယ်ကူသက်သာ ချောမောစွာ မွေးဖွားနိုင်ကြပါစေ"** ဟု သီ ခြား မေတ္တာပို့ပေး ခဲ့သည်။

အထက်ပါအဓိဋ္ဌာန်ဖြင့် မေတ္တာပို့လွှတ်ခြင်းကို နေ့စဉ် ပြုကျင့်ခဲ့သည်။

ဤသို့ဖြင့် နောက်သုံး လေး လခန့်ကြာသည့်အခါ ကျွန်မ တွင် ကိုယ်ဝန်ရှိပြန်သည်။ ကိုယ်ဝန်ခဏခဏ ပျက်ကျခဲ့၍လား မသိ။ ကျွန်မစိတ်တွင် လုံး ဝ မတုန်လှုပ်တော့။ နိစ္စဓူဝ ပြုကျင့် ရမည့် သစ္စာဓိဋ္ဌာန်ဆို၍ မိခင်လောင်း နှင့် မိခင်များ ထံ မေတ္တာ ပို့သခဲ့သည်။

မိခင်လောင်းနှင့် မိခင်များအပေါ် ထားရှိခဲ့သည့် စစ်မှန်သော မေတ္တာတရားနှင့် သစ္စာအဓိဋ္ဌာန်ကြောင့် ကျွန်မ၏သန္ဓေသားလည်း ခိုင်မြဲစွာ ရှိနေတော့သည်။

၁၉၉၅-ခုနှစ်၊ ဩဂုတ်လ (၂၁)ရက်နေ့ မွန်းတည့် (၁၂)နာရီတိတိတွင်မှ ကျွန်မတို့ ဇနီးမောင်နှံ မျှော်လင့် စောင့်စား တောင့်တခဲ့ကြသည့် သမီးဦးရတနာကို အောင်မြင်စွာ မီးရှူးသန့်စင် မွေးဖွားနိုင်ခဲ့ရပေသည်။

"သမီးငယ် ခင်ရတနာခိုင်ခန့် ထာဝရ ရွှင်လန်းချမ်းမြေ့ပါစေ"

◆ ◆ ◆



မရဏာနုဿတိပွားများခဲ့သူဦးလှမောင်

## မရဏာနုဿတိ ပွားများအားထုတ်ခြင်းနှင့် ဗောဇ္ဈင်သုတ်တော် ရွတ်ဆိုအဓိဋ္ဌာန်ပြုခြင်း အကျိုးကျေးဇူး

ဦးလှမောင်သည် စစ်ကိုင်းတိုင်း၊ မြောင်မြို့၊ မြို့လယ်ရပ်မှ ဖြစ်သည်။ ဇနီးမှာ ဒေါ်သန်းကြည် ဖြစ်သည်။ ဦးလှမောင်နှင့် ဒေါ်သန်းကြည်တို့မှ သားလေးယောက်၊ သမီးတစ်ယောက် ထွန်းကားသည်။ ယင်းတို့မှာ (၁) မောင်ဘဆန်း (၂) မောင်ခင်မောင်ဝမ်း (၃) မောင်အောင်သိန်းဝင်း (၄) မမြမြဝင်း (၅) မောင်အောင်သိန်းနိုင်တို့ ဖြစ်သည်။ ဦးလှမောင်သည် ငယ်ရွယ်စဉ်က ဆင်ရှင်ကျောင်း ဆရာတော် ဦးပညာထံတွင် ပရိယတ္တိစာပေများကို သင်ကြားခဲ့ပြီး ပဋိပတ္တိဆိုင်ရာ ဝိပဿနာအားထုတ်နည်းများကို မူလ မင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး၏ တပည့် ခန္တော ဆရာတော်ထံမှ သင်ယူကျင့်ကြံအားထုတ်ခဲ့သည်။

ပရိယေသန ဝမ် စာရှာမှီ ရာတွင် တွေ့သမျှ အခက်အခဲများစွာကို သတ္တိရှိစွာ ရင်ဆိုင်ဖြေရှင်း၍ ရှာဖွေစားသောက်ခဲ့သည်။

ယခုအခါ ဦးလှမောင်၏ အသက်မှာ (၇၀)ကျော်ခဲ့ပြီဖြစ်သည်။

ပရိယတ္တိစာပေကို သင်္ဂြိုဟ်(၉)ပိုင်း အောင်မြင်သည်အထိ သင်ကြားတတ်မြောက်ခဲ့၍ ပဋိပတ္တိအဖြစ် အာနာပါနကမ္မဋ္ဌာန်းတရားကို ယနေ့တိုင် ကျင့်ကြံအားထုတ်ဆဲဖြစ်သည်။

ဦးလှမောင်မှာ ဇရာနှင့် ယှဉ်လာသဖြင့် သေမင်းနှင့် အကြိမ်ကြိမ် တွေ့ခဲ့ရဖူးသည်။ စစ်ခင်းခဲ့ရဖူးသည်။ သို့အတွက် ဦးလှမောင်က အသိတရား (ဝိဇ္ဇာ)ကို လက်ကိုင်ထား၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တည်းဟူသော လက္ခဏာရေးသုံးပါးကို အကျင့်တရား (စရဏ)နှင့် ယှဉ်တွဲလေ့ကျင့်ခဲ့သည်။

တစ်နေ့နေ့ တစ်ချိန်ချိန်တွင် သေမင်းနှင့် စစ်ခင်းရင်ရှုံးနိမ့်ရမည်ကို ဇကန် နားလည်ထားသည်။ သိထားသည်။ သို့အတွက် ရခဲလှသည့် 'မနုဿတ ဒုလ္လဘာ'ဘဝတွင် တစ်နေ့တစ်ရက်၊ တစ်နာရီ၊ တစ်စက္ကန့်မျှ နေရခြင်းသည် မြတ်၏ဟု ခံယူထားသည်။ နားလည်သဘောပေါက်ထားသည်။ သေခြင်းတရားကို မြင်တိုင်းတွေ့တိုင်း ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ တရားအမွေတို့ကို လက်နက်သဖွယ် ဆွဲကိုင်၍ တော်လှန် တိုက်ပွဲဝင်ခဲ့သည်။

နောက်ဆုံးအကြိမ် သေမင်းနှင့် စစ်ခင်းခဲ့သည့် တိုက်ပွဲဝင် အတွေ့အကြုံများက အံ့ဖွယ်ကောင်းလှသည်။

အချိန်ကား အညာဒေသ၏ နွေနှောင်းရာသီ ဖြစ်သည်။ နွေအကုန် မိုးအကူး ဖြစ်သော်လည်း ပူပြင်းလှသည်။ ဦးလှမောင်၏ သားလေးယောက်မှာ အိမ်ထောင်ကျနေပြီဖြစ်၍ သူ့အိုးသူ့အိမ်နှင့်ပင် ဖြစ်နေပြီ။ သို့အတွက် ဦးလှမောင်မှာ ဇနီး၊ သမီးကိုနှင့်အတူ စားဝတ်နေရေးအတွက် ဈေးရောင်းရသေး၏။ ဦးလှမောင်သည် ဈေးရောင်းရန်အတွက် နိဗ္ဗူဝ ဈေးသို့သွားရသည်။

တင်နေ့ ဈေးမှအပြန် ဇမ္ဗူအေးခာတ်ပုံဆိုင်သို့ ခာတ်ပုံဝင်ရှေးရင်း လူကောင်းပကတိမှ လေဖြတ်သွားလေတော့သည်။

လေဖြတ်သည့် အချိန်မှစ၍ ဦးလှမောင် သတိမရတော့။

ဇမ္ဗူအေးခာတ်ပုံဆိုင်မှ လူများနှင့် အသိမိတ်ဆွေများက ဦးလှမောင်နေအိမ်သို့ သယ်ပို့ကြရသည်။ သူ့အိမ်သို့ ပြန်ရောက်သည့်တိုင် ဦးလှမောင် သတိမရ။ ဆရာဝန်ပင့်၍ ဆေးထိုးရသည်။ ဆရာဝန်က ရှင်ဖို့ထက် သေဖို့ကများသည်ဟု မှတ်ချက်ပေးသည်။ ထိုနည်းတူစွာပင် မိသားစုများကလည်း သေမည်ဟုပင် တွေးထင်ထားမိကြသည်။

ဦးလှမောင် သတိရလာသည့်အခါတွင် လုံးဝ လမ်းမလျှောက်နိုင်တော့။ အိပ်ရာပေါ်တွင် ပက်လက်။ ပါးစပ်ကလည်း သွားရေတများများနှင့်။ အစာလည်း မစားနိုင်တော့ပေ။

နေ့စဉ်ရက်ဆက် ဆိုသလို ဆရာဝန်နှင့် ဆေးကုနေရ၏။

ဆရာဝန်က သိပ္ပံနည်းပညာနှင့် ဆေးကု၏။ ဦးလှမောင်ကမူ သူ့တရားနှင့်သူ ကု၏။ အာနာပါန ကမ္မဋ္ဌာန်းတရားကို အားထုတ်သည်။ သမာဓိအားနည်းသဖြင့် ဝေဒနာ၏ ဖိစီးမှုကို ခံရသည်။ ဆက်၍ အားမထုတ်နိုင်ပေ။

အာစိဏ္ဏကံ၏ အားနည်းချက်ဖြစ်သည်ကို ဦးလှမောင် ရိပ်စားနားလည်မိသည်။ အာသန္နကံသို့ ပြောင်းလဲ၍ နိစ္စရှဝ ရွတ်ဖတ်သရဇ္ဈာယ်ခဲ့သည့် ပရိတ်ကြီး (၁၁)သုတ်ကို ရွတ်၏။ အသံကား မထွက်။

ထိုစဉ် **"ငါ၏ အသက်ရှင်ခြင်းကား မမြဲ၊ သေခြင်းတရားကား မြဲ၏။ ငါသည် တစ်နေ့ ဧကန်မုချ သေရပေလိမ့်ဦးမည်"** ဟူသော မရဏာနုဿတိ ကျင့်စဉ်သဘောတရားကို အမှတ်ရလိုက်သည်။ ထိုအခါ ဦးလှမောင်သည် သေခြင်းတရားကို တွေး၍ ကြောက်ရွံ့တုန်လှုပ်ခြင်း အလျဉ်းမရှိတော့။ ငေးမှိုင်တွေဝေခြင်း ကင်းစွာဖြင့် မရဏာနုဿတိကို အကြိမ်ကြိမ် စီးဖြန်းသည်။ သေခြင်းတရားကို ကြိမ်ဖန်များစွာ ဆင်ခြင်အောက်မေ့သည်။

မရဏာနုဿတိ ဆင်ခြင်စီးဖြန်းရင်းပင် မိမိနှင့်တကွ (၃၁)ဘုံ၌ ကျင်လည်ကုန်သော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါမှန်သမျှ သေရမည်ကို ဆင်ခြင်နှလုံးသွင်းသည်။

သို့အတွက် ဦးလှမောင်သည် သူ့ကိုယ်သူ ဆန့်သောလက် မကွေးမီ၊ ကွေးသောလက် မဆန့်မီ သေနိုင်သည်ကို နားလည် သဘောပေါက်လိုက်သည်။ အလွယ်ကူဆုံးနည်းလမ်းဖြင့် 'ငါ သေရတော့မယ်'ဟူ၍သာ မရဏာနုဿတိ ကမ္မဋ္ဌာန်းတရားကို အချိန်နှင့်အမျှ သတိမပြတ် စီးဖြန်းအားထုတ်နေတော့သည်။

ကြိမ်ဖန်များစွာ အားထုတ်မှုအစွမ်းကြောင့် သမာဓိအား ကောင်းလာသည်။ စိတ်သည်လည်း တည်ငြိမ်လာ၏။ လန်း ဆန်းလာ၏။

သေရမည်ကိုလည်း မကြောက်တော့။

ရက်အနည်းငယ်ကြာလာသည့်အခါ လဲနေရာမှ ဖင်တရွတ် တိုက် သွားလာနိုင်တော့သည်။ သို့နှင့် သတိမပြတ် စီးဖြန်း အားထုတ်လေရာ စိတ်ရောကိုယ်ပါ လန်းဆန်းလာသည်။ အစာ လည်း စားနိုင်လာသည်။ ဖင်တရွတ်တိုက်မှတစ်ဆင့် တောင်ဝှေး ထောက်၍ သွားနိုင်လာပြန်၏။

မကြာမီ ရက်အနည်းငယ်အတွင်း၌ ဦးလှမောင်သည် 'ဗောဇ္ဈင်'သုတ် ပရိတ်တော်ကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်သရဇ္ဈာယ်၍ ဆရာဝန်၏ ခွင့်ပြုချက်မရဘဲ ရေချိုးလေတော့သည်။ ရေချိုးပြီး သည့် အချိန်မှစ၍ ဦးလှမောင်၏ ရောဂါဝေဒနာများ ယူပစ် သလို တမဟုတ်ချင်း ပျောက်ကင်းသွားသည်။ လူကောင်းပကတိ အတိုင်း ဖြစ်ခဲ့ရသည်။

ရှင်သေမင်းလည်း ဦးလှမောင်အား သေခြင်းတရားကို မကြောက်သူအဖြစ် ခေတ္တခဏ လက်မြှောက်၍ ပြန်သွားခဲ့ရလေတော့သည်။

## ဗောဇ္ဈင်သုတ်တော်

၁။ သံသာရေ သံသရန္တာနံ၊ သဗ္ဗဒုက္ခ ဝိနာသနေ။
သတ္တ ဓမ္မေ စ ဗောဇ္ဈင်္ဂေ၊ မာရသေနာပမဒ္ဒနေ။
၂။ ဗုဇ္ဈိတွာ ယေ စိမေ သတ္တာ၊ တိဘဝါ မုတ္တကုတ္တမာ။
အဇာတိ’ မဇရာ’ ဗျာဓိံ၊ အမတံ နိဗ္ဘယံ ဂတာ။
၃။ ဧဝမာဒိ ဂုဏူပေတံ၊ အနေကဂုဏသင်္ဂဟံ။
ဩသဓဉ္စ ဣမံ မန္တံ၊ ဗောဇ္ဈင်္ဂဉ္စ ဘဏာမ ဟေ။
၄။ ဗောဇ္ဈင်္ဂေါ သတိသင်္ခါတော၊ ဓမ္မာနံ ဝိစယော တထာ။
ဝီရိယံ ပီတိ ပဿဒ္ဓိ၊ ဗောဇ္ဈင်္ဂါ စ တထာ’ ပရေ။
၅။ သမာဓု’ ပေက္ခ ဗောဇ္ဈင်္ဂါ၊ သတ္တေ’ တေ သဗ္ဗဒဿိနာ။
မုနိနာ သမ္မဒက္ခာတာ၊ ဘာဝိတာ ဗဟုလီကတာ။
၆။ သံဝတ္တန္တိ အဘိညာယ၊ နိဗ္ဗာနာယ စ ဗောဓိယာ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ*တေ ဟောတု သဗ္ဗဒါ။
၇။ ဧကသ္မိံ သမယေ နာထော၊ မောဂ္ဂလ္လာနဉ္စ ကဿပံ။
ဂိလာနေ ဒုက္ခိတေ ဒိသွာ၊ ဗောဇ္ဈင်္ဂေ သတ္တ ဒေသယိ။
၈။ တေ စ တံ အဘိနန္ဒိတွာ၊ ရောဂါ မုစ္စိံသု တင်္ခဏေ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ*တေ ဟောတု သဗ္ဗဒါ။

၉။ ဧကဒါ ဓမ္မရာဇာပိ၊ ဂေလညေနာ’ဘိပီဠိတော။
စုန္ဒတ္ထေရေန တံယေဝ၊ ဘဏာပေတွာန သာဒရံ။
၁၀။ သမ္မောဒိတွာန အာဗာဓာ၊ တမှာ ဝုဋ္ဌာသိ ဌာနသော။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ*တေ ဟောတု သဗ္ဗဒါ။
၁၁။ ပဟီနာ တေ စ အာဗာဓာ၊ တိဏ္ဏန္နမ္ပိ မဟေသိနံ။
မဂ္ဂဟတာ ကိလေသာဝ၊ ပတ္တာ’ နုပ္ပတ္တိ ဓမ္မတံ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ*တေ ဟောတု သဗ္ဗဒါ။

**မှတ်ချက်**

ကြယ်ပွင့်ပြထားသည့် နေရာများတွင် မကျန်းမာသူ၏ အမည်ကို အစားထိုး၍ ရွတ်ဖတ်သရဇ္ဈာယ် သစ္စာဓိဋ္ဌာန် ပြုရပါမည်။

◆ ◆ ◆

## မောရသုတ် ရွတ်ဆိုခြင်း အကျိုးကျေးဇူး

'ကိုဘမောင် ..... ခင်ဗျားသား တောင်ပြုံးပွဲတော် ယာယီ အချုပ်ထဲမှာ တွေ့ခဲ့တယ်ဗျ၊ လူရိုက်မှုဆိုလား၊ လူသေမှုဆိုလား ပဲ၊ အဲဒါ ခင်ဗျားတို့ လိုက်ကြဦး'

တောင်ပြုံးပွဲတော်ပြန် ဦးကျော်သိန်း၏ သတင်းစကားကို ဦးဘမောင် နားရှိ၍သာ ကြားလိုက်ရသည်။ ဟုတ်မှ ဟုတ်ပါ လေစဟု သံသယ ဖြစ်မိသည်။ ဦးဘမောင်၏သား မောင်ဘဂျမ်း သည် မနေ့တစ်နေ့က ဆေးရုံကဆင်းသည်။ ယခု ရန်ဖြစ်၍ အချုပ်ထဲ ရောက်နေသည်ဟု သတင်းကြားရ၏။

သားဖြစ်သူ မောင်ဘဂျမ်း၏ စိတ်ဓာတ်ကို ဦးဘမောင် သိသည်။ မောင်ဘဂျမ်းက ရဲရင့်သည်၊ သတ္တိရှိသည်၊ မဟုတ်မခံ။

သူတစ်ပါးကို ရန်စခြင်း၊ ရန်ပြုခြင်း မလုပ်သကဲ့သို့ တစ်ပါးသူက ရန်စလာသည့်တိုင် သည်းခံ၏။ သို့သော် သူ့အသက် နှင့် ခန္ဓာကို ထိပါးလာလျှင် ရဲဝံ့စွာဖြင့် ပြန်လှန်ခုခံ တိုက်ခိုက်

လေ့ ရှိသည်။ ဤသည်တို့ကား ဦးဘမောင် သိထားသည့် သားဖြစ်သူ မောင်ဘဂျမ်း၏ အတွင်းစိတ်ခံစားတ်များပင် ဖြစ်သည်။ မောင်ဘဂျမ်း မှားသည်၊ မှန်သည် ဖြစ်စေ လက်ရှိအခြေအနေက အချုပ်ထဲမှာ ဖြစ်သည်။

တစ်ဆင့်စကား ကြားလိုက်ရသည့် သတင်းကြောင့် ဦးဘမောင်တစ်ယောက် ရတ်တရက် တွေဝေသွားသည်။ ဘာလုပ်၍ ဘာကိုင်ရမည်မှန်း မသိ။ ထိုင်လိုက် ထလိုက်နှင့် ဂနာမငြိမ် ဖြစ်နေသည်။

နောက်ဆုံး တကယ့်အကျဉ်းအကျပ်ထဲ ရောက်လာသည့် အခါ ဦးဘမောင်သည် သားဖြစ်သူအတွက် ဘုရားတ,မိသည်။ ဗုဒ္ဓမြတ်စွာဘုရား၏ ဂုဏ်တော်များကို ရွတ်ဆိုပွားများရန် သတိရမိသည်။

ဦးဘမောင်သည် ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်သည်။ သင်္ဂြိုဟ်ကိုးပိုင်းစလုံးကို ဖြေဆိုအောင်မြင်ပြီးသူတစ်ဦးလည်း ဖြစ်သည်။ သို့အတွက် တရားနည်းလမ်းကျစွာဖြင့် သားဖြစ်သူ မောင်ဘဂျမ်းအား အချုပ်အနှောင်မှ လွတ်စေရန် ဆုံးဖြတ်ချက်ချကာ ဗုဒ္ဓ၏ တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ရန် ပြင်ဆင်တော့သည်။

ပထမဦးစွာ ဦးဘမောင်တစ်ယောက် အိမ်ပြင်သို့ ထွက်လိုက်၏။ အရပ်ရှစ်မျက်နှာကိုလည်းကောင်း၊ ကောင်းကင်ကြီးကိုလည်းကောင်း၊ အောက်မြေပြင်ကြီးကိုလည်းကောင်း လက်ညှိုး

ထိုးလျက် တေရဠနတ်မင်း၊ ဝိရူဠကနတ်မင်း၊ ဝိရူပက္ခနတ်မင်း၊ ကုဝေရနတ်မင်းကြီးလေးပါးနှင့်တကွ စကြဝဠာတိုက်တစ်သောင်းမှ နတ်ပြဟ္မာတို့အား တိုင်တည်လျက် ....

'အကျွန်ုပ်၏သားသည် မောင်ဘဂျမ် အစစ်အမှန် ဖြစ်ပါ၏။ သားဖြစ်သူအပေါ် အကျွန်ုပ်၏ ဖခင်မေတ္တာသည် အမှန်ယင်ရှာ ရှိသည်ကို သစ္စာဆိုပါ၏။ ဤသစ္စာစကားမှန်ပါက အချုပ်အနှောင်မှ လွတ်ပါစေသား''ဟု သစ္စာဆိုလိုက်၏။

ထို့နောက် ဦးဘမောင်တစ်ယောက် အမိဌာန်တင်၍ မောရသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်တော့သည်။

'ဥဒေတယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။
တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ၊
တယာဇ္ဇ ဂုတ္တာ ဝိဟရေမု ဒိဝသံ။
'ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော တေစ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ နမော ဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတွာ၊ မောရော စရတိ ဧသနာ
'အပေတယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။

တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ၊
တယာဇ္ဇ ဂုတ္တာ ဝိဟရေမု ရတ္တိံ။
'ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော၊ တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ နမော ဝိမုတ္တိယာ၊
ဣမံသော ပရိတ္တံ ကတွာ၊ မောရော ဝါသ မကပ္ပယိ'။

'ဥဒေတယံ' အစရှိသော မောရသုတ် ပရိတ်တော်ကို အနောက်အရပ်၌ ဝင်လုဆဲဖြစ်သော နေမင်းကြီးအား တိုင်တည်လျက် ပထမဦးစွာ ရွတ်ဆိုလိုက်၏။ ထို့နောက် ကျန်အရပ်မျက်နှာကို လက်ညှိုးထိုးလျက် ရွတ်ဖတ် သရဇ္ဈာယ်ပြန်၏။

ထို့အတူ နောက်တစ်နေ့ နံနက် နေမင်းကြီး ထွက်ပေါ်လာချိန်တွင်လည်း အရှေ့အရပ်မှ ထွက်ပေါ်လာသည့် နေမင်းကြီးအား တိုင်တည်လျက် အရှေ့အရပ်မှ အစပြု၍ အရပ်ဆယ်မျက်နှာကို လက်ညှိုးထိုးကာ ရွတ်ဖတ်သရဇ္ဈာယ်ပြန်၏။

ဦးဘမောင်သည် မောရသုတ်၏ အဓိပ္ပာယ်ကို ကောင်းစွာ နားလည်၏။

အဖြတ်အတောက် မှန်ကန်စွာဖြင့် သံနေသံထားနှင့် ဌာန်ကရိုဏ်းကျကျ ရွတ်ဆိုနေသည်မှာ ကြည်ညိုသာယာဖွယ်

ကောင်းသကဲ့သို့ လွမ်းမောဖွယ်လည်း ကောင်းလှပေသည်။ သားဖြစ်သူအပေါ် ထားရှိသည့် ဦးဘမောင်၏ မေတ္တာစာတ်ကား ကြီးမားလှ၏။

ဦးဘမောင်တစ်ယောက် သားအတွက် စိတ်ပင်ပန်းကြီးစွာဖြင့် တစ်နေ့တာ ကုန်လွန်တော့မည်။ ညနေပိုင်း ကျောင်းလွှတ်ချိန်ဖြစ်၍ ကျောင်းသားကလေးများ ဆူညံစွာဖြင့် ပြန်လာကြသည်။

'ဘကြီး ဦးဘမောင် ဘကြီး ဦးဘမောင် ကိုဘဂျမ်းကို လမ်းထိပ်က ကွမ်းယာဆိုင်မှာ တွေ့ခဲ့တယ်။ ခေါင်းမှာလည်း ပတ်တီးကြီးနဲ့'

"ဟေ ဟုတ်လား၊ ဘကြီးက မှာတယ်လို့၊ ကိုဘဂျမ်း အိမ်ကို အခု လိုက်ခဲ့ပါလို့ ပြောခဲ့ ကြားလား မြေးလေး"

ဘဂျမ်း ပြန်ရောက်လာသည်ကို အိမ်နားမှ ကျောင်းသားလေးတစ်ဦး လာပြောသဖြင့် ဦးဘမောင် ဝမ်းသာသွားသည်။ သို့သော် ခေါင်းမှာ ပတ်တီးကြီးနဲ့ဟူသော စကားကြောင့် စိုးရိမ်စိတ် ဖြစ်ရပြန်၏။

မကြာမီ ဘဂျမ်းတစ်ယောက် သူ့အိမ်သို့ ပြန်ရောက်လာ၏။

ဘဂျမ်း ဝတ်ထားသည့် ရှပ်အင်္ကျီလက်တို အပြာရောင် တစ်ထည်လုံး သွေးခြောက်များဖြင့် စွန်းပေနေ၏။ ခေါင်း

တွင်လည်း၊ သွေးစများ စွန်းပေနေသည့် ပတ်တီးဖြူကလေး စည်းထားသည်။ စစ်လွယ်အိတ် တပတ်နွမ်းကလေးကို စလွယ်သိုင်း၍ အပြုံးမပျက် ပြန်လာသည့် ဘဂျမ်းကို ဦးဘမောင် မြင်တွေ့လိုက်ရသည်။

"သား...ဖေဖေ့ဆီ လာပါဦး၊ သား ဘယ်လို ဖြစ်တာ လဲကွယ်"

ဘဂျမ်းတစ်ယောက် ဖခင်၏ အမေးစကားကို ချက်ချင်း မဖြေသေးဘဲ သွေးစွန်းနေသည့် အင်္ကျီနှင့် ပုဆိုးတို့ကို လဲနေ၏။ မိခင်ကလည်း သားအဖြစ်ကို ကြည့်ရင်း 'မသေကောင်း မပျောက်ကောင်း သားရယ်' ဟု ပြောရင်း မျက်ရည်များ စီး ကျနေ၏။

ခဏအကြာတွင် ဘဂျမ်းက သူ့အဖြစ်အပျက် အလုံးစုံ ကို ပြောပြတော့၏။

ဘဂျမ်း ဆေးရုံ မတက်မီကပင် သူငယ်ချင်းတစ်ယောက် နှင့် တောင်ပြုံးပွဲတော်သွားရန် မန္တလေးတွင် ချိန်းထား၏။ သူငယ်ချင်းနှင့် လွဲမည်စိုးသဖြင့် ဆေးရုံက ဆင်းဆင်းခြင်း မန္တလေးသို့ သွား၏။ သူငယ်ချင်းနှင့် ချိန်းထားသည့် နေရာ တွင် မတွေ့သဖြင့် ရထားနှင့် တောင်ပြုံးပွဲတော်သို့ လိုက် သွားသည်။

ညနေ လေးနာရီခန့်တွင် တောင်ပြုံးပွဲတော်သို့ ရောက် သည်။

များစွာသော တောင်ပြုံးပွဲတော်လာ ပရိသတ်များထဲတွင် နေရာ အသီးသီးသို့သွားကာ သူ၏ သူငယ်ချင်းကို ရှာ၏။

ညှော်နံ့သာရှိ ပိုးသွားပြီ။

သူငယ်ချင်းဖြစ်သူကို အရိပ်အရောင်မျှပင် မတွေ့။ ဘဂျမ်း တစ်ယောက် မိုးဝင်ဇာတ်ရုံထဲမှ ပြန်ထွက်လာစဉ် လူငယ် တစ်ဦးနှင့် မျက်နှာချင်းဆိုင် တိုက်မိ၏။ ဘဂျမ်းကပင် စတင်၍ တောင်းပန်စကား ဆိုလိုက်၏။ တဖက်မှ လူငယ်ကလည်း တောင်းပန်စကား ဆိုပါ၏။ ထို့နောက် အချင်းချင်း လက်ဆွဲ နှုတ်ဆက်ကြ၏။ ထိုစဉ်...

"တောင်းပန်မနေနဲ့ ချကွာ" ဟု ပြောပြောဆိုဆိုနှင့် ဘဂျမ်းကို ပုလင်းနှင့် ဝင်ရိုက်သည်။ 'ခွပ်' ခနဲ မြည်သံနှင့် အတူ ဘဂျမ်းဦးခေါင်းမှ သွေးများ ဖြာဆင်းသွားသည်။ နောက် တစ်ဦးက သံတုတ်နှင့် လိုက်ရိုက်သည်။ ဘဂျမ်း၏ ညာဘက် လက်မောင်းအိုးကို ထိသွားသည်။ ဘဂျမ်း သတိထားနေချိန် တွင် နောက်တစ်ဦးက ဓားမြှောင်နှင့် ဝင်ထိုး ပြန်၏။ ညာဘက် ပမ်းဗိုက်ကို ရှပ်ထိသွားပြန်၏။

ဘဂျမ်းတစ်ယောက် ရှောင်ရင်းရှောင်ရင်းနှင့်ပင် ဝင်း ထရံကို ကျောပေးလိုက်၏။ လူငယ်လေးငါးခြောက်ဦးခန့် ရှေ့သို့ တိုးလာစဉ် ဝင်းထရံမှ နှစ်တစ်လက်မ သစ်သားတစ်ချောင်းကို ဆွဲခွာ၍ ခုခံ ရင်ဆိုင်တော့၏။ တစ်ဖက်မှ လူငယ်သုံးယောက်မှာ

အပြင်းအထန် ဒဏ်ရာ ရရှိသွားသည်။ တစ်ဦးမှာ မန္တလေး ဆေးရုံကြီးတွင် အရေးပေါ် ကုသရသည့် အဆင့်ထိ ရောက်ရှိသွားသည်။ ဘဂျမ်းလည်း တောင်ပြုး ယာယီအချုပ်ခန်းတွင် ဖမ်းဆီး ချုပ်နှောင်ခြင်း ခံရလေသည်။

ဘဂျမ်း၏ ရိုက်ချက်ကြောင့် ပြင်းထန်စွာ ဒဏ်ရာရရှိသူမှာ တစ်ညဉ့်တာ သတိမေ့မြောနေရာမှ ပြန်လည် သတိရလာ၏။ မန္တလေးဆေးရုံကြီးသို့ တာဝန်ရှိသူများ သွားရောက်စစ်ဆေးရာတွင် ဒဏ်ရာရရှိသူသည် သတိရပြီး အချိန်အနည်းငယ်အတွင်း၌ပင် သူ့ကိုယ်တိုင် ဝန်ခံချက် လက်မှတ်ရေးထိုးကာ ဆေးရုံမှ ဆင်းသွားကြောင်း သိရသည်။ ဘဂျမ်းလည်း ပြစ်မှုဆိုင်ရာ ဥပဒေ (၃၀၂) သံသယမှ ကင်းလွတ်ခွင့်ရကာ အချုပ်မှ ဝန်ခံချက်နှင့် လွှတ်ပေးခြင်းကို ခံရလေတော့သည်။

ဘဂျမ်းမှာ ဒဏ်ရာပြင်းပြင်းထန်ထန် မရဟု ဆိုနိုင်သော်လည်း ခေါင်းမှာ သုံးချက်ချုပ်ရသည်။ ဘဂျမ်းတစ်ယောက် တောင်ပြုးအချုပ်ဘွင် အချုပ်ခံရပြီး နှစ်ညအိပ် သုံးရက်မြောက်သောနေ့တွင် ဖခင်ဖြစ်သူ ဦးဘမောင်သည် သား၏ သတင်းကို ကြားသိရခြင်း ဖြစ်သည်။ ဦးဘမောင်လည်း ကြားသိရသည့်နေ့ ညနေတွင် တစ်ကြိမ်၊ နောက်တစ်နေ့ နံနက်တွင် တစ်ကြိမ် **'မောရသုတ် ပရိတ်တော်'** ကို ရွတ်ဖတ်သရဇ္ဈာယ်ခဲ့သည်။

တိုက်ဆိုင်မှုဟု မည်သို့ပင် ဆိုစေကာမူ ဦးဘမောင်က သားဖြစ်သူ အချုပ်မှ လွတ်မြောက်လာခြင်းသည် မောရသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကြောင့်သာဟု ထာဝရ ယုံကြည်လျက်ရှိနေပေတော့သည်။

◆ ◆ ◆



မျက်နှာသစ်ကျင့်စဉ်ဂါထာဆောင်ရွက်ခဲ့သူဦးလှတင်

# ဦးလှတင်နှင့် မျက်နှာသစ်ကျင့်စဉ်ဂါထာ

ဦးလှတင်သည် စစ်ကိုင်းတိုင်း၊ ငါန်းဇွန်မြို့နယ်၊ ငါန်းမြာ ကျေးရွာဇာတိ ဖြစ်သည်။ အဖ ဦးဖေခင်နှင့် အမိ ဒေါ်ဖွားရဲ့တို့မှ ၁၂၉၁ – ခုနှစ်၊ နတ်တော်လဆန်း (၉)ရက်၊ တနင်္လာနေ့တွင် မွေးဖွားခဲ့သည့် တစ်ဦးတည်းသောသားဖြစ်သည်။

ငါန်းမြာကျေးရွာသည် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင် ကပ်လျက် တည်ရှိသည်။ ရွာသူရွာသား အများစုသည် ဆေးတောင်သူကြီးများ ဖြစ်ကြသည်။ ကွမ်းစားရာတွင် 'တံတားဦးက ကွမ်းနဝါ၊ ငါန်းမြာကဆေး' ဆိုသကဲ့သို့ မြန်မာ့ကွမ်းစားဆေးကောင်းနှင့် ဆေးလိပ်လုပ်ရန်အတွက် ဆေးရွက်ကြီးကောင်းများ ထွက်ရာ ဒေသဖြစ်သည်။

သို့အတွက် ဦးလှတင်သည်လည်း မိရိုးဖလာလုပ်ငန်းဖြစ်သည့် ဆေးရွက်ကြီး စိုက်ပျိုးမှုနှင့် ဆေးရိုး၊ ဆေးရွက်ကြီးများ ကောင်းမကောင်း အကဲဖြတ်ရာတွင် အထူးကျွမ်းကျင်သည်။

ဦးလှုတင် အရွယ်ရောက်လာသည့်အခါ စစ်ကိုင်းတိုင်း၊ မြောင်မြို့မှ မြေစာရင်းအင်စပက်တော် ဦးစိန်ပန်းနှင့် ဒေါ်လှကြီး တို့၏ တစ်ဦးတည်းသောသမီး ဒေါ်စန်းတင့်နှင့် အိမ်ထောင် ကျခဲ့သည်။ အိမ်ထောင်ကျသည့်အခါ ငါန်းမြာရွာ၏ အနောက် ဘက်ကမ်းရှိ မြောင်မြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။

မင်္ဂလာဆောင်သည့်နေ့က ယောက္ခမဖြစ်သူ ဦးစိန်ပန်းမှ အမွေအဖြစ် အောက်ပါဆုံးမစာကလေးကို မှတ်မှတ်ရရ အမွေ အဖြစ် ပေးအပ်ခဲ့သည်။

ကောင်းခွင့်ကံနှဲ့၊ ဥစ္စာမဲ့မူ
မဖွဲ့မိတ်ဆွေ၊ ချစ်ကြိုးခွေသီ
အိမ်နေမယား၊ မွေးသည့်သားနှင့်
နောင်ဘွားညီချစ်၊ နှမဖြစ်လည်း
စွန့်ပစ်ကျင်ဖဲ၊ လွတ်ရာရှဲ၏၊
ဖြစ်မြဲဘာဝ၊ ဤလောကဌ်
ဓနနတ္ထိ၊ ငွေမရှိက
မွေးမိဖြစ်သူ၊ မှလျှင်မူလည်း
သားဟူ၍ပင်၊ ခေါ်ချင်ခွာခဲ့
အနိုင်တဲ့၏။ ။

ဦးလှုတင်သည် ယောက္ခမထံမှ အမွေအဖြစ် ပစ္စည်းဥစ္စာ တစ်ပြားတစ်ချပ်မျှ မရရှိသော်လည်း သက်ထက်တိုင် မှတ်သား

ဖွယ်ရာ ဆုံးမစာလေးတစ်ပုဒ်ကို ရရှိခဲ့သဖြင့် ကြည်နူး ဝမ်းသာမိခဲ့သည်။

ဆုံးမစာထဲကကဲ့သို့ မဖြစ်စေရေးအတွက် ဦးလှုတင်သည် မိသားစု စားဝတ်နေရေးအတွက် စီးပွားရေးလုပ်ငန်းများကို ကြိုးပမ်း ရှာဖွေခဲ့သည်။ အိမ်ထောင်ကျပြီး တစ်နှစ်ခန့်သာ မြောင်မြို့တွင် နေထိုင်ကာ နောက်ပိုင်းတွင် မန္တလေးမြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။

မန္တလေးမြို့သို့ ရောက်ရှိသည့်အခါ ကျွမ်းကျင်ရာလိမ္မာဆိုစကားကဲ့သို့ ဦးလှုတင်သည် သူကျွမ်းကျင်သည့် မြန်မာ့ဆေးရွက်ကြီးနှင့် ဆေးရိုးအဝယ်တော်အဖြစ် လုပ်ကိုင်စားသောက်ခဲ့သည်။

ပထမဦးဆုံး မန္တလေးမြို့မှ ဒေါ်သက်ရှည်၏ ဆေးပွဲရုံတွင် ဆေးနှင့် ဆေးရိုး အဝယ်တော်အဖြစ် စတင်လုပ်ကိုင်ခဲ့သည်။ ထိုမှတစ်ဖန် မန္တလေးမြို့တွင် နာမည်ကြီးသည့် နဂါးဒေါ်ဦး၏ ဆေးလိပ်ခုံအတွက် အဝယ်တော်အဖြစ် ဆောင်ရွက်ခဲ့ပြန်သည်။

ယခုအခါတွင်မူ ရန်ကုန်မြို့မှ နာမည်ကြီးကျားပုံမကောက်ဆေးလိပ်ခုံအတွက် ဆေးရိုးနှင့် ဆေးအဝယ်တော်ကြီးအဖြစ် ဆောင်ရွက်လျက် ရှိသည်။

ဦးလှုတင်သည် ဆေးရိုးနှင့် ဆေးအဝယ်တော်ကြီး ဖြစ်သည့်အလျောက် မြင်းခြံ၊ ပခုက္ကူ၊ ညောင်ဦး၊ ငါန်းဇွန်၊ မြောင်စသည့် မြို့နယ်အသီးသီးသို့ လှည့်လည်သွားလာ ဝယ်ယူရသည်။ ကျွမ်းကျင်မှုနှင့် လူမှုရေးနားလည်မှုတို့ကြောင့် လူချစ်လူခင်ပေါများသူတစ်ဦး ဖြစ်သည်။

အနယ်နယ်အရပ်ရပ်သို့ ကုန်းတစ်တန်၊ ရေတစ်တန် ခရီးလှည့်လည် သွားလာရသဖြင့် အနည်းနှင့်အများ ဆိုသလို ဘေးအန္တရာယ်များနှင့် ကြုံတွေ့ရတတ်သည်။ သို့အတွက် ဦးလှုတင်သည် ဘာသာရေးနှင့် ကုစား၍ အားကိုးရှာလာသည်။

ဦးလှုတင်သည် စာဖတ်ဝါသနာပါသူတစ်ဦးဖြစ်၍ ၁၉၈၅–ခုနှစ်ခန့်က ကလျာမဂ္ဂဇင်းတွင် ဆရာကြီး ဦးဆန်းထွန်း (မန်းတက္ကသိုလ်) ရေးသားသည့် ဆောင်းပါးတစ်ပုဒ်ကို ဖတ်ရှုလိုက်ရသည်။ ဆရာကြီး ဦးဆန်းထွန်း (မန်းတက္ကသိုလ်)က သူ့ဘဝသက်တမ်းတစ်လျှောက်တွင် ဒုက္ခပင်လယ်ဝေအောင် ခံစားနေရစဉ် နွားထိုးကြီးမြို့မှ ဆရာတော်ကြီးတစ်ပါး ပေးသနားခဲ့သည့် ဂါထာကြောင့် ထူးခြားစွာ တိုးတက်ပြောင်းလဲလာပုံနှင့် ဘေးအန္တရာယ်ကင်းပုံတို့ကို ဖတ်ရှုမိခြင်း ဖြစ်သည်။

ထိုအချိန်မှစ၍ ဦးလှုတင်လည်း ဆရာကြီး ဦးဆန်းထွန်း (မန်းတက္ကသိုလ်)၏ ကိုယ်တွေ့ဖြစ်ရပ်များကို အားကျ၍ နံနက်

အိပ်ရာထ မျက်နှာသစ်တိုင်း မျက်နှာသစ်ကျင့်စဉ်ဂါထာအဖြစ် အောက်ပါအတိုင်း ပြုကျင့်ဆောင်ရွက်ခဲ့သည်။

- ဗုဒ္ဓဂုဏော အနန္တော
- ဓမ္မဂုဏော အနန္တော
- သံဃဂုဏော အနန္တော
- မာတာပိတုဂုဏော အနန္တော
- အာစရိယဂုဏော အနန္တော

တို့နောက်

- အရဟံ (၁၉)ခေါက်နှင့် သတ္တဝါအားလုံး ကျန်းမာ ချမ်းသာကြပါစေဟု (၃)ခေါက် ရွတ်ဖတ်သည့်အပြင်

ဦးလှုတင်က ဖြည့်စွက်၍ ...

- မိတ်ဆွေ ရန်သူ ဟူသမျှ ကျန်းမာ ချမ်းသာကြပါစေ။
- ကျွဲ မွေး စောင့်ရှောက်ဖူ သူ ကျေးရွာရှင်များအားလုံး ကျန်းမာချမ်း သာကြပါစေ။
- သမ္ဗုဒ္ဓေ (၃)ခေါက်တို့ကို ရွတ်ဆိုခဲ့သည်။

ဦးလှုတင်သည် အထက်ပါကျင့်စဉ်ကို ယုတ်စွအဆုံး အရက်သောက်သည့်နေ့များ၊ နံနက်အိပ်ရာမှထသည့်တိုင် နိစ္စဓူဝ ဝတ်မပျက် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့သည်မှာ (၁၀)နှစ်နီးပါးမျှ ရှိပြီဖြစ်သည်။ ယနေ့တိုင်လည်း ယုံယုံကြည်ကြည်နှင့် ပြုကျင့် ဆောင်ရွက်ဆဲဖြစ်သည်။

အထက်ပါကျင့်စဉ်၏ အကျိုးကြောင့် ဦးလှုတင်သည် ငါန်းမြာရွာ၏ အနောက်ဖက်ကမ်းရှိ ကြောင်မြို့နယ်၊ ကျိုကုန်း ကျေးရွာ (ကျွန်းပြတ်ကျေးရွာ)မှ လှေနှင့် သွားစဉ် လှေမှောက် ကာ လေးငါးခြောက်မိုင်ခန့် ဝေးကွာသည့် ကသစ်ကုန်းကျေးရွာ အထိ မျောပါ၍ သွားသည့်တိုင် အသက်ဘေးအန္တရာယ်မှ လွတ်ကင်းခဲ့ရဖူးသည်။

ထို့အတူ မန္တလေးမြို့မှ ကားနှင့် ခရီးထွက်စဉ် မြို့ထွက်ရှိ ကန်ကောက်ရွာအရောက်တွင် ရွာသူရွာသားများမှ အထင်မှား၍ ဝိုင်းရိုက်သော်လည်း သေကံမရောက် သက်မပျောက်ဘဲ ဘေး အန္တရာယ်မှ လွတ်ကင်းခဲ့ရပြန်သည်။

ယင်းနောက် မန္တလေးမြို့တွင်းတွင် ကား (၂)ကြိမ်ထိ မှောက်သော်လည်း အသက်ဘေးအန္တရာယ်မှ လွတ်ကင်းခဲ့ရပြန် လေသည်။

ထိုနည်းတူစွာပင် ဦးလှုတင်သည် မိသားစုအားလုံး၏ စားဝတ်နေရေးအတွက် ပရိယေသန ဝမ်းစာရှာမှီးရာတွင် စီးပွား ဥစ္စာပင်ပန်းကြီးစွာ မရှာဖွေရခြင်း၊ ဘေးအန္တရာယ်အပေါင်းမှ လွတ်ကင်းခဲ့ခြင်း၊ လူချစ်လူခင်ပေါများ၍ မျက်နှာပွင့်လန်းခြင်း စသည်တို့ကို အထက်ပါကျင့်စဉ်၏ အကျိုးကျေးဇူးများကြောင့် ခံစားရသည်ဟု တထစ်ချ ယုံကြည်လျက် ရှိပေသည်။

ယခုအခါ ဦးလှတင်သည် ဇနီးဖြစ်သူ ဒေါ်စန်းတင့်နှင့် သားသမီးများဖြစ်သည့် မခင်စောနွဲ့၊ မောင်ကျော်စိုး၊ မသန်းသန်းဝင်း၊ မလှလှမြင့်၊ မမိုးမိုးမြင့်၊ မဆန်းသစ်မော်၊ မောင်ထွန်းလင်းအောင်၊ မောင်ကိုးကိုးတင့်တို့နှင့်အတူ မန္တလေးမြို့ ပဲလှော်ချောင်ရပ်တွင် နေထိုင်ကာ မျက်နှာသစ်ကျင့်စဉ်ကို ဝတ်မပျက် နိစ္စဓူဝ ဆောင်ရွက်လျက် ရှိနေပေတော့သည်။

◆ ◆ ◆



မြောင်မြို့သူကြီးဟောင်းဒေါ်ကြိုင်

## သဝေဏပါကိုးဂါထာနှင့် ကိုယ်တွေ့ဖြစ်ရပ်

ဒေါ်တင်ကြိုင်သည် ဇရာဝတီတိုင်း၊ ဖျာပုံမြို့နယ်၊ ထလွန်ကျေးရွာဇာတိ ဖြစ်သည်။ ၁၂၈၆ – ခုနှစ် တန်ဆောင်မုန်းလဆုတ် (၁၂)ရက်၊ စနေနေ့တွင် ဖွားမြင်ခဲ့သဖြင့် ယခုအခါ အသက် (၇၂)နှစ်အရွယ်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။

အမည်ရင်းမှာ ဒေါ်တင်ကြိုင်ဖြစ်သော်လည်း အများက ဒေါ်ကြိုင်ဟုသာ ခေါ်ကြသည်။

ဒေါ်ကြိုင်သည် အသက်အရွယ်အားဖြင့် ဇရာပိုင်းသို့ ရောက်ရှိနေပြီ ဖြစ်သော်လည်း ဆံပင်အနည်းငယ်မျှ ဖြူသည်မှအပ ခါးမကိုင်း၊ နားမထိုင်း စာကိုပင် ကောင်းစွာ ဖတ်နိုင်သေးသည်။ သက်တူရွယ်တူများနှင့် နှိုင်းစာလျှင် အလွန် သန်မာကြံ့ခိုင်သူဟု ဆိုနိုင်သည်။ စိတ်မြန်ကိုယ်မြန် သွားလာလှုပ်ရှားနိုင်သေးသည်။

ဥပဓိရုပ်က တည်ကြည်ခန့်ငြားသည်။ အသားဖြူဖြူ ထောင်ထောင်မောင်းမောင်း ကြည်လင်သည့်အသားအရေရှိသည်။ စိတ်၏ ချမ်းသာခြင်း ကိုယ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံသည်။

ဒေါ်ကြိုင်သည် အင်္ဂလိပ်ခေတ်က မိဘများနှင့်အတူ ထလွန်ကျေးရွာတွင် နေထိုင်ခဲ့သည်။ ဂျပန်ခေတ်နှင့် လွတ်လပ်ရေး ရပြီးစကာလများတွင် မိဘများနှင့်အတူ ဆွေမျိုးများရှိရာ စစ်ကိုင်းတိုင်း၊ မြောင်မြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့ရပြန်သည်။

မြောင်မြို့သို့ ပြောင်းရွှေ့နေထိုင်စဉ်က သူကြီးခေတ်ဖြစ်သည်။ ဘုရင်များ လက်ထက်ကပင် ဆွေစဉ်မျိုးဆက် သူကြီးဖြစ်သည့်ခေတ် ဖြစ်၍ သူကြီး ဦးဘသိုက် ကွယ်လွန်သည့်အခါ သားကြီးဖြစ်သူ ဦးအောင်ခန့်က သူကြီးရာထူး ဆက်လက်ခံသည့်အချိန် ဖြစ်သည်။ ထိုစဉ်က ဦးအောင်ခန့်မှာ အသက် (၁၈)နှစ် မပြည့်သေးသဖြင့် ရင်ခွင်ပိုက်သူကြီးအဖြစ်နှင့်သာ အုပ်ချုပ်ရသည်။

နောင် ဦးအောင်ခန့်ကိုယ်တိုင် အုပ်ချုပ်ခွင့်ရသည့် သူကြီးဖြစ်လာသည့်အခါ ဒေါ်ကြိုင်နှင့် လူငယ်ချင်း ဆုံစည်းမိကြသည်။ ဦးအောင်ခန့်က ရုပ်ရည်ချောမော ဥပဓိရုပ်ဖြောင့်သူတစ်ဦး ဖြစ်သကဲ့သို့ ဒေါ်ကြိုင်ကလည်း ငယ်မူငယ်သွေးနှင့် ရုပ်ရည်အလှန်လှပသည်။ နောက်ပိုင်းတွင် လူငယ်ချင်း မေတ္တာမျှကာ အကြောင်းပါခဲ့သည်။

ဖဆပလခေတ်သို့ ရောက်ရှိလာသည့်အခါ အစဉ်အဆက် သူကြီးလုပ်ပိုင်ခွင့် မရှိတော့။ အများပြည်သူတို့၏ သဘောဆန္ဒနှင့် ယှဉ်ပြိုင်ရွေးချယ်ရသည်။ သူကြီးဟောင်း ဦးအောင်ခန့်မှာ အကြောင်းအမျိုးမျိုးကြောင့် ယှဉ်ပြိုင်ရွေးချယ်ခွင့် မရတော့ပေ။

သို့အတွက် သူကြီးဟောင်းကတော် ဒေါ်ကြိုင်က သူကြီးအဖြစ် ယှဉ်ပြိုင် အရွေးခံသည်။

ယှဉ်ပြိုင်အရွေးခံမည့် သူကြီးလောင်း (၆)ဦးအနက် အမျိုးသမီးဟူ၍ ဒေါ်ကြိုင်တစ်ဦးသာ ပါသည်။

ထိုစဉ်က ဒေါ်ကြိုင်သည် ဘာသာရေးကို လေးလေးနက်နက် မဆောင်ရွက်သေးသော်လည်း သဝေမပါကိုးဂါထာ (သရဏဂုံသုံးပါး)ကို အလေးထား၍ နံနက်အိပ်ရာထတိုင်း ရွတ်ဖတ် သရဇ္ဈာယ်ခဲ့သည်။ မျက်နှာသစ်တိုင်း ဝတ်မပျက် ရွတ်ဆိုခဲ့သည်။

**သဝေမပါ ကိုးဂါထာ**

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ

၃။ သံဃံ သရဏံ ဂစ္ဆာမိ

၄။ ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

၅။ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ

၆။ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ

၇။ တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

၈။ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ

၉။ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ

အထက်ပါ သရဏဂုံသုံးပါး(ခေါ်) သဝေမပါကိုးဂါထာကို နိစ္စဓူဝ နံနက်တိုင်း ရွတ်ဖတ်သရဇ္ဈာယ်သည့် ကုသိုလ်ကံစေတနာ

တို့ကြောင့် ဒေါ်တင်ကြိုင် (ခေါ်) ဒေါ်ကြိုင်မှာ သူကြီးရွေးပွဲတွင် အနိုင်ရသည်ဟု ယုံကြည်နေမိသည်။

သို့အတွက် ဒေါ်ကြိုင်သည် စစ်ကိုင်းတိုင်း (၃၈)မြို့နယ်တွင် ပထမဦးဆုံး သူကြီးမတစ်ယောက် ဖြစ်လာခဲ့သည်။ ထိုနည်းတူစွာပင် ဒေါ်ကြိုင်မှာ လူချစ်လူခင် ပေါများသည်။ ဘေးအန္တရာယ်ခပ်သိမ်းမှ လွတ်ကင်းခဲ့ရသည်ဟု ဆိုသည်။

နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးကိစ္စများ အဆင်ပြေချောမွေ့သဖြင့် သူကြီးမ ဒေါ်ကြိုင်သည် သဝေမပါကိုးဂါထာကို ယုံကြည်စွာဖြင့် ဆက်လက်ရွတ်ဖတ် ပူဇော်ခဲ့သည်။

သူကြီးခေတ်ကုန်သည့်အခါ ဒေါ်ကြိုင်သည် ခင်ပွန်းဖြစ်သူ ဦးအောင်ခန့်နှင့် ရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ ရန်ကုန်မြို့ရောက်စက ကံတရားကြောင့် စီးပွားရေးနိမ့်ပါးခဲ့သော်လည်း ဒေါ်ကြိုင်ကမူ သဝေမပါကိုးဂါထာကို ဆက်လက်၍ ရွတ်ဖတ်ပူဇော်မြဲ ဖြစ်သည်။

အသက် (၄၀)ကျော်လာသည့်အခါတွင်မူ ယခင်ကထက် ဘာသာရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်ခဲ့သည်။ ထို့အတူ နေ့စဉ် ဘုရားရှိခိုးဝတ်ပြုတိုင်း **"အရဟံ သိဒ္ဓိ"**ဂါထာကို တစ်နေ့ကိုးခေါက် ရွတ်ဖတ်ပူဇော်သည်။

သို့အတွက် ဒေါ်ကြိုင်မှာ စီးပွားရေးလုပ်ငန်း အဆင်မပြေသော်လည်း ပင်ပန်းကြီးစွာ လုပ်ကိုင်မစားခဲ့ရ။ ခမ္မမိတ်ဆွေများကိုပင် ကျွေးမွေး ပေးကမ်းစွန့်ကြဲနိုင်ခဲ့သည်။

၁၉၉၀ - ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇)ရက်နေ့တွင် ခင်ပွန်းဖြစ်သူ ဦး အောင်ခန့် ကွယ်လွန်ခဲ့သည်။

တစ်သက်တာ ပေါင်းသင်းနေထိုင်ခဲ့သည့် ခင်ပွန်းကို လွမ်းဆွတ်သတိရတိုင်း ဘာသာရေးကို အလေးပေးဆောင်ရွက်သည်၊ ပုတီးစိပ်သည်။ သဝေမပါကိုးဂါထာကို ရွတ်ဖတ်သရဇ္ဈာယ်ခဲ့သည်။

များမကြာမီ ကုသိုလ်ကံပွင့်၍ တဖြည်းဖြည်း အလုပ်အကိုင်အဆင်ပြေလာသည်။ စီးပွားရေး ကောင်းမွန်လာသည်။ ကိုယ်ပိုင်ကားဝယ်စီးနိုင်သည်အထိ တိုးတက်လာခဲ့သည်။ ထို့အတူ ဒေါ်ကြိုင်သည် ခင်ပွန်းသည် ဦးအောင်ခန့်၏ ဇာတိမြို့၊ မိမိသူကြီးလုပ်၍ အုပ်ချုပ်ခဲ့သောမြို့သို့ သွားရောက်၍ မြေးဖြစ်သူ မောင်ပြေဟိန်းကျော်အား ကျပ်တစ်သိန်းခွဲ နှစ်သိန်းခန့် အကုန်အကျခံကာ ရှင်သာမဏေအဖြစ် သွပ်သွင်း ချီးမြှင့်နိုင်ခဲ့သည်။ အလှူကြီးပေး၍ ဒါနပြုနိုင်ခဲ့သည်။

ဤကဲ့သို့ အစစအရာရာ အဆင်ပြေတိုးတက်လာသည်မှာ သဝေမပါကိုးဂါထာကို ယုံယုံကြည်ကြည်နှင့် နှစ်ပရိစ္ဆေဒများစွာ စွဲစွဲမြဲမြဲ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကြောင့်ဟု ဒေါ်ကြိုင်က တထစ်ချ မှတ်ယူသည်။ ယုံကြည်လျက် ရှိသည်။

ယခုအခါ ဒေါ်ကြိုင်သည် မိသားစုများနှင့်အတူ ရန်ကုန်မြို့ ရွှေတောင်ကြား (၂)ရပ်ကွက်တွင် နေထိုင်လျက် နိစ္စဓူဝ ပြုကျင့်

ရမည့် ဘာသာရေးကိစ္စများကို စိတ်ချမ်းသာ ကိုယ်ချမ်းသာနှင့် ဆောင်ရွက်ကာ သဝေမပါကိုးဂါထာကို ဆက်လက်ပူဇော်နေလေတော့သည်။

◆ ◆ ◆


ပန်းချီကိုကျော်သိုက်

# အာနာပါနအားထုတ်ခြင်း၏ အကျိုးကျေးဇူး

ကျွန်တော်သည် တစ်ချိန်က မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဝန်ထမ်းတစ်ဦး ဖြစ်ပါသည်။ ရန်ကုန်တိုင်း သီးနှံကာကွယ်ရေး စီမံကိန်းတွင် တာဝန်ထမ်းဆောင်ရသဖြင့် မြို့နယ်အသီးသီးသို့ သွားလာရ၏။ စီမံကိန်းတာဝန်ခံက ကျွန်တော့်အား စီဂျီ – ၁၂၅ ဆိုင်ကယ်တစ်စီး ပေးထား၏။ ဆိုင်ကယ်ဖြင့် သွားလာရသဖြင့် ခရီးတွင်သကဲ့သို့ အချိန်နှ လုပ်အားကို အပြည့်အဝ အသုံးချ နိုင်ခဲ့၏။ သီးနှံကာကွယ်ရေးစီမံကိန်း (အထူးစီမံကိန်း)တွင် အမျိုးသမီးဝန်ထမ်းများ များသဖြင့် အရေးပေါ် ခရီးသွားလာစရာ ကိစ္စပေါ်လာလျှင် ကျွန်တော်က ဒိုင်ခံသွားရ၏။ အထူးသဖြင့် ညအိပ်ညနေသွားရမည့် အလုပ်ကိစ္စရှိလျှင် သီးနှံကာကွယ်ရေး တာဝန်ခံဆရာ ဦးခင်မောင်စန်းနှင့် ကျွန်တော် အသွားများ၏။ အတွဲလည်း ညီသည်။ လုပ်ငန်းတာဝန်ထမ်းဆောင်သူအချင်းချင်း ဆက်ဆံမှုမျိုး မဟုတ်ဘဲ တစ်ဦးနှင့်တစ်ဦး ဆရာတပည့်ရင်း

သားနှင့်အဖ၊ မိတ်ကောင်းဆွေကောင်းများကဲ့သို့ ပြောမနာဆိုမနာ ရင်းနှီးချစ်ခင်ကြ၏။ သူ့ကိစ္စ၊ ကိုယ့်ကိစ္စ၊ ရုံးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ တိုင်ပင်ကြ၏။ လုပ်ငန်းတာဝန်များ ကျေပွန်စွာ ပြီးမြောက်အောင်မြင်ရေးကို ရှေးရှု ဆောင်ရွက်ကြ၏။

ကျွန်တော်သည် ရန်ကုန်တိုင်း သီးနှံကာကွယ်ရေးစီမံကိန်းသို့ သုံးခွမြို့နယ်မှ ပြောင်းရွှေ့ ရောက်ရှိလာခြင်း ဖြစ်သည်။ ထိုစဉ်က သီးနှံကာကွယ်ရေးစီမံကိန်းတွင် အမျိုးသားအရာရှိ သုံးဦးနှင့် မြို့နယ်အလိုက် တာဝန်ယူ ဆောင်ရွက်ရသူ ဝန်ထမ်းငယ် (၁၁)ဦး ရှိ၏။ ကျွန်တော်မှအပ ကျန် (၁၀)ဦးမှာ အမျိုးသမီးများ ဖြစ်ကြသည်။ ကျွန်တော်တို့ ဝန်ထမ်းအားလုံး စည်းလုံးညီညွတ်ကြသည်။ အရာရှိများကလည်း ဆရာသမားပီသစွာဖြင့် သွန်သင်ကြ၏။ ဆုံးမကြ၏။ အမိအဖများနှင့် တူသည့် ဆရာများ ဖြစ်သည်။ ထို့အတူ လုပ်ဖော်ကိုင်ဖက် အမျိုးသမီးဝန်ထမ်းများကလည်း အစ်ကိုတစ်ယောက်ကဲ့သို့ လည်းကောင်း၊ မောင်တစ်ယောက်ကဲ့သို့ လည်းကောင်း နည်းလမ်းမှန်ကန်သည့် စကားများဖြင့် လမ်းမှန်သို့ ညွှန်ပြပေးကြ၏။ ကျွန်တော်သည် ရုံဖန်ရံခါ အရေးပေါ်ကိစ္စပေါ်လျှင် အထက်အရာရှိများ၏ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ရသည်။

## ခုနစ်မြို့နယ်သို့ အရေးပေါ်တာဝန်

တစ်နေ့တွင် အရေးကြီးကိစ္စရှိသဖြင့် ကျွန်တော်နှင့် ဆရာဦးခင်မောင်စန်းကို တိုင်းလက်ထောက် မန်နေဂျာ ဦးလှရင်က ခေါ်၏။ ကျွန်တော်တို့ဆရာ ဦးလှရင်နှင့် သွားရောက် တွေ့ဆုံသည့်အခါ နှစ်ရက်အတွင်း မြို့နယ် ခုနစ်မြို့နယ်သို့ အရေးကြီးစာများ သွားရောက်ပေးရမည်ဟု ညွှန်ကြားသည်။ တာဝန်နှင့် ပတ်သက်လာလျှင် ဆရာဦးခင်မောင်စန်းက မငြင်းတတ်သလို ကျွန်တော်ကလည်း နေ့ညမရွေး ဆောင်ရွက်တတ်သည်။

ကျွန်တော်နှင့် ဆရာဦးခင်မောင်စန်းတို့ ခရီးထွက်ရန် ပြင်ဆင်ကြသည်။

ထိုနေ့မှာ ၁၉၈၉–ခုနှစ်၊ ဩဂုတ်လ (၁)ရက်နေ့ ဖြစ်သည်။

ခရီးမထွက်မီက ကြိုတင်ရေးဆွဲထားသည့် ခရီးစဉ်အရ

ပထမရက်တွင် ကော့မှူး၊ ကွမ်းခြံကုန်းနှင့် တွံတေးမြို့နယ်များသို့ သွားရောက်မည်ဖြစ်ပြီး ဒုတိယရက်တွင် မင်္ဂလာဒုံ၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီးမြို့နယ်များသို့ သွားရောက်မည်ဖြစ်ပါသည်။ ထုံးစံအတိုင်း ကျွန်တော်၏ စီးတော်မြင်း စီဂျီ–၁၂၅ ဆိုင်ကယ်ဖြင့် ဩဂုတ်လ (၁) ရက်နေ့ နံနက်ပိုင်းတွင် စတင် ခရီးထွက်ခဲ့ကြသည်။

## ဘာသာရေးအသိအမြင် ဩဝါဒစကား

ဝါတွင်းကာလ ဖြစ်သဖြင့် ကျွန်တော်သည် (၃၃) ရက်တိတိ သွေးလွှတ်သားလွှတ် စား၍ နေ့စဉ်ညစဉ် ဂုဏ်တော်ကိုးပါး ပုတီးစိပ်ခြင်း၊ အာနာပါန (ဝင်လေထွက်လေ) ရှုမှတ်ခြင်းတို့ကို ဆောင်ရွက်နေသည်။ ခရီးမထွက်မီ လေးငါးရက်အလိုတွင် ကျွန်တော် ပုတီးစိပ်နေစဉ်တွင် လည်းကောင်း၊ အာနာပါန ရှုမှတ်နေချိန်တွင်လည်းကောင်း၊ ကျွန်တော့်ဆိုင်ကယ်သည် မည်းမည်းသဏ္ဍာန် အရာကြီးနှင့် ဝင်တိုက်သည်ကို အာရုံတွင် မြင်နေ၏။ တစ်ကြိမ်မဟုတ်၊ သုံးလေးကြိမ် မြင်တွေ့လာသည့်အခါ ကျွန်တော့်ဆရာ (ဘာသာရေးလိုက်စားသူ) ဦးညွန့်ကို ဖွင့်ပြောသည်။ ဆရာညွန့်က 'ဘာသာရေးကို အာရုံစိုက် လုပ်နေတဲ့ အချိန်မှာ ခံစရာရှိရင် ခံလိုက်၊ မရှောင်နဲ့၊ ဝဋ်ဆိုတာ ပြေးလွှတ်တာ မဟုတ်ဘူး။ ခုချိန်ဆို သေဘေးက လွှတ်နိုင်တယ်' ဟု ပြော၏။

ခရီးမထွက်မီ ဆရာဦးလှရှင်နှင့် တွေ့ပြီးနောက် အိမ်သာသို့ သွားရင်း ကျွန်တော့်ဆိုင်ကယ်သော့ အိမ်သာထဲ ပြုတ်ကျသွားသည်။ မကောင်းသည့် အတိတ်နိမိတ်များကို ကြိုတင်သတိပေးသကဲ့သို့ ဖြစ်နေ၏။ သို့သော် ဆရာညွန့်၏ ဩဝါဒစကားအရ ခရီးသွားဖြစ်အောင် သွားသည်။

## ပိန္နဲကုန်းရွာသို့ အရောက်

ခရီး စတင် ထွက်ရန် ဆရာဦးခင်မောင်စန်းနှင့် မော်ဘီ ကားဂိတ်တွင် ချိန်းသည်။ နံနက် ကိုးနာရီခွဲခန့်တွင် ဆရာ ဦးခင်မောင်စန်း ရောက်လာသည်။ ကားဂိတ်မှ ဆိုင်ကယ်ဖြင့် ပန်းဆိုးတန်း ဆိပ်ကမ်းဘက်သို့ ထွက်လာခဲ့၏။ ဒလတစ်ဘက် ကမ်းသို့ ဆိုင်ကယ်ရော လူပါ သင်္ဘောနှင့် ကူးကြ၏။ ဒလ မှတစ်ဆင့် ခရီးဆက်လက် ထွက်ခွာလာရာ ကျေးရွာ အသီးသီး ကို ဖြတ်ကျော်လာခဲ့၏။ တွံ့တေးနှင့် ကွမ်းခြံကုန်း၊ ကော့မှူး လမ်းဆုံသို့ ရောက်လာသည့်အခါ ကော့မှူးမြို့နယ်ဘက်သို့ ဆိုင်ကယ်ကို ချိုးကွေ့လိုက်သည်။

လမ်းကျဉ်းသဖြင့် သတိထား စီးရသည်။ ယခင် ရန်ကုန် မှ မော်ဘီ၊ တိုက်ကြီးမြို့နယ်သို့ သွားစဉ် တစ်နာရီ ကီလို တစ်ရာကျော်ခန့်နှုန်း အထိ စီးခဲ့သော်လည်း ယခုအခါ တစ် နာရီ ကီလိုလေးငါးဆယ်နှုန်းခန့်သာ စီးသည်။ ကော့မှူး မြို့နယ် ပိန္နဲကုန်းရွာသို့ ရောက်ရှိလာသည်။ ကားလမ်းပေါ်မှ ကျွဲနွားများနှင့် ဆော့ကစားနေသည့် ကလေးများကြောင့် အရှိန် လျှော့ကာ သတိဖြင့် စီးနေရသည်။

ကားလမ်းပေါ်တွင် ခွေးငယ်ကလေးတစ်ကောင် အိပ် နေ၍ ဆိုင်ကယ် ဟွန်းတီးလိုက်သည့်အခါ ခွေးနက်ကလေးမှာ အိပ်နေရာမှ ထပြေးသည်။ ခွေးကလေးကို မြင်၍ ဆိုင်ကယ်

ကို အရှိန်လျှော့ထားရာမှ ခွေးကလေး ထသွားသည့်အခါ အရှိန်ကို ပြန်လည် မြှင့်တင်လိုက်၏။ ထိုစဉ် ခွေးကလေးမှာ ဆိုင်ကယ်ရှိရာသို့ တုန့်ခနဲ ပြန်လှည့်လာသည်။ ခွေးကလေးကို မတိုက်မိစေရန် အရှိန်မြင့်ထားသော ဆိုင်ကယ်ကို တုန့်ခနဲ ဘရိတ်အုပ်လိုက်၏။ ရှေ့ဘရိတ်နှင့် နောက်ဘရိတ်ကို တစ်ပြိုင်တည်း အုပ်လိုက်သော်လည်း နောက်ဘရိတ်မှာ မမိ၊ ချော နေ၏။ ရှေ့ဘရိတ်သာ မိသဖြင့် ကျွန်တော်က ရှေ့သို့ ငွန်းပစ် ကျသွား၏။ ဆရာဦးခင်မောင်စန်းက ဘေးသို့ လွင့်စင်၍ ကျ သွား၏။

ကျွန်တော်သည် ဆိုင်ကယ်စီး ဦးထုတ်ဆောင်းထား သဖြင့် ဦးခေါင်းနှင့်ကျရာ 'ခွပ်'ခနဲ မြည်သံသည် တစ်ရွာ လုံးနီးပါး ကြားရမည်ဟုပင် ထင်သည်။ ခေါင်းနှင့် ကျပြီး နောက် ပခုံးနှင့်ကျ၏။ ကတ္တရာလမ်းပေါ်သို့ ဦးခေါင်းနှင့် ကျ သော်လည်း ကျွန်တော် သတိမေ့မသွားပါ။ ကောင်းစွာ သတိ ရနေ၏။ ဆိုင်ကယ်စက်နိုးနေသဖြင့် မီးမလောင်စေရန် ဘယ် လက်ဖြင့် သော့ပိတ်လိုက်၏။ ထို့နောက် ညာဘက်ညှပ်ရိုး ကျိုးသွားသဖြင့် လက်ဖြင့် တွန်းတင်လိုက်သည်။ ကျွန်တော် ဝတ်ထားသည့် ဆွဲကြိုး ရှိမရှိ စမ်းကြည့်၏။ ဆရာ ဦးခင်မောင်စန်း က ပွန်းပဲ့ရုံမှအပ ဘာမှမဖြစ်။

ကျွန်တော်က ဆရာဦးခင်မောင်စန်းအား နေရိပ်သို့ ပြောင်းရွှေ့၍ နေရန်ပြော၏။ ထိုစဉ် ရွာသူရွာသားများ ဝိုင်းအုံ ရောက်ရှိလာပြီး ကားလမ်းဘေးမှ အိမ်တစ်အိမ်သို့ ခေါ်သွား၏။ ဝါးကြမ်းပေါ်သို့ ထိုင်မိသည်နှင့် အိပ်ထဲမှ စီးကရက် တစ်လိပ်ကို ထုတ်သောက်၏။ ဘာလုပ်ရမလဲဟု စဉ်းစားသည်။ ဆေးလိပ်တစ်ဝက် မကျိုးမီ လွှင့်ပစ်လိုက်သည်။ ထို့နောက် အာနာပါန ဝိပဿနာ ကမ္မဋ္ဌာန်းကို ရှုမှတ်သည်။ သွေးပူနေစဉ်က ညှပ်ရိုးကျိုးသွားသည့် ဝေဒနာကို ကောင်းစွာ မခံစားရသော်လည်း သွေးအေးသွားသည့်အခါ ဒဏ်ရာက နာစပြုလာသည်။ ဝင်လေထွက်လေကို ရှုမှတ်နေသော်လည်း ဝေဒနာ အပေါ်တွင် စိတ်က ရောက်နေသဖြင့် နာကျင်သည့် ဝေဒနာကို ပယ်ဖျောက်၍ မရ။

ထိုစဉ် သုံးခွမြို့တွင် တာဝန်ထမ်းဆောင်စဉ်က ရစ်မျက်နှာဘုရား ပုရပုဏ်အတွင်း၌ တောင်ပုလု ဆရာတော် ဘုရားကြီး ဟောကြားတော်မူခဲ့သည့် ဝိပဿနာတရားတော်ကို ပြန်လည် အမှတ်ရမိသည်။

"တချို့ ရဟန်းတွေဆိုရင် ကျားဆွဲတာတောင် အသေခံပြီး တရားမှတ်ကြတယ်။ အော်လိုက်ရင် တခြား ရဟန်းတွေ တရားအားထုတ်နေတာ ပျက်မှာစိုးလို့တဲ့၊ ရဟန်းတော်တစ်ပါးဟာ သူ့ကို ကျားကြီးတစ်ကောင်က ခြေထောက်ကနေစပြီး

စားနေတာတောင် ရဟန်းတရား အားထုတ်နေတာ မပျက်ဘူ ။ အသေခံပြီး တရားမှတ်လိုက်တာ အသက်လည်း ထွက်ခါနီး ရော ရဟန်းတရားလည်း အားထုတ်လို့ပြီးရော”ဟု ဟောကြား တော်မူခဲ့၏။

ကျင့်ကြံအားထုတ်မှုမှာ စံတင်လောက်သည့် အာဇာနည် ရဟန်းတော်ကို အားကျပြီး ‘ညှပ်ရိုးကျိုးတာ အသက်နဲ့ အဝေး ကြီး’ဟု စဉ်းစား ဆုံးဖြတ်ခါ အာနာပါနကို ပြန်လည် ရှုမှတ် ၏။ စိတ်အာရုံသည် တဖြည်းဖြည်း ဝင်လေထွက်လေကိုသာ ရှုးစိုက်လာ၏။ စိတ်သည် နှာခေါင်းဖျား (နှာသီးဖျား) တွင် သာရှိ၏။ ဝင်လေမှ နှာသီးဖျားသို့ ထိခြင်းနှင့် ထွက်လေမှ နှာသီးဖျားသို့ ထိခြင်းကိုသာ စိတ်အာရုံက ရှိနေ၏။ ကျွန်တော်၏ ခန္ဓာကိုယ်သည်လည်း ပျောက်ကွယ်နေသယောင်ရှိ၏။ ရွာသူ ရွာသားများ၏ လှုပ်ရှားမှု မှန်သမျှနှင့် စကားပြောသံတို့ကို လည်း ဂရုမပြုမိတော့ချေ။ ထိုစဉ်က နာကျင်မှု ဝေဒနာကို စိတ်က မခံစားရသော်လည်း ရုပ်ခန္ဓာ အစိတ်အပိုင်းတစ်ခု ဖြစ် သည့် ညာလက်မှာ ချွေးသီးချွေးပေါက်များ ထွက်လျက် တဆတ် ဆတ် တုန်နေဟန်ရှိ၏။ ရန်ကုန်သို့ ပြန်လာသည့်တိုင် သတိ လစ်သွားသည့် အချိန် အနည်းငယ်မှအပ ဝေဒနာကို ပယ်ဖျောက် ထားနိုင်သည်မှာ အာနာပါန အားထုတ်ရှုမှတ်ခြင်းကြောင့် ဖြစ်ပါသည်။

## အမြဲမပြတ် ရှုမှတ်နေလျှင်

ကျွန်တော်သည် ညှပ်ရိုးကျိုး၍ အာနာပါနကို အားထုတ်ခြင်းမျိုး မဟုတ်ပေ။ (၁၁) နှစ်သား အရွယ်ကပင် ခန္တော ဆရာတော်ဘုရား၏ ကမ္မဋ္ဌာန်းတရားပေးမှုဖြင့် အားထုတ်ခဲ့ဖူး၏။ မိဘများကလည်း ကူညီညွှန်ပြပေး၏။ ငယ်စဉ် အချိန်၌ပင် အားထုတ်မှုပျက်လျှင် သတိပေးသည်။ ကျွန်တော်သည် အမြဲတန်း အချိန်ပြည့် အားထုတ်မနေသော်လည်း ရံဖန်ရံခါ ဆိုသလို အားထုတ်ပါသည်။ ဆိုင်ကယ်မှောက်စဉ် ကာလ မတိုင်မီကပင် အာနာပါန ကမ္မဋ္ဌာန်းတရားကို ပြန်လည် အစပျိုး အားထုတ်နေချိန် ဖြစ်သည်။ နေ့စဉ် နာရီဝက်ခန့် အားထုတ်လေ့ရှိ၏။ ဤမျှလောက် အချိန်ကို အားထုတ်ရုံဖြင့် နာကျင်မှု ဝေဒနာကို ပယ်ဖျောက်နိုင်ခဲ့လျှင် မိမိ၏ အသက်ရှူမှုကို အမြဲမပြတ် အားထုတ် ရှုမှတ်နေလျှင် ဆိုဖွယ်ရာ မရှိတော့ပေ။ ကျွန်တော် ဆိုင်ကယ်မှောက်၍ ညှပ်ရိုးကျိုးသည့် ဝေဒနာသည် သေခါနီးဆဲဆဲတွင် ဖြစ်ပေါ်လေ့ရှိသည့် ဝေဒနာနှင့် နှိုင်းစာလျှင် အသေးအဖွဲမျှသာ ဖြစ်၏။

သို့ပါ၍ အလွန်တရာ ရခဲလှသော လူ့ဘဝအဖြစ် ရစဉ် ကာလတွင် သံသရာကို ချုပ်ငြိမ်းစေနိုင်သည့် နိဗ္ဗာန်ပန်းတိုင်သို့ မလွဲဧကန် ရောက်ရှိစေရန်အတွက် ဗုဒ္ဓစာပေနှင့် ပတ်သက်၍ ကျွန်တော်၏ ငယ်ဆရာ စစ်ကိုင်းတိုင်း၊ မြောင်မြို့မှ

ဆင်ရှင်ဆရာတော် ဦးပညာရေးသားသည့် **'သိမ္မကျင့်မှ ဤ နှစ်ခု၊ ယခုအားထုတ်ပါ။ အားထုတ်ပါက နိဗ္ဗာန မုချရမည် သာ'** ဟူသော ဆောင်ပုဒ်ကလေးကို ထာဝရ သတိရလျက် ကျင့်ကြံအားထုတ် နေမိပေတော့သည်။

◆ ◆ ◆

## ဝေဒနာ နုပဿနာ မျက်စဉ်း

အာရုံငါးပါးရှိသည့်အနက် စက္ခုအာရုံ ခံစားခွင့် မရရှိ သည့်သူများအဖို့ ဘဝတစ်ခုလုံး ဆုံးရှုံးရခြင်းနှင့် တူပေသည်။ လမ်းလျှောက်နိုင်သူ တစ်ဦး သည် လမ်းလျှောက်ခြင်း၏ အရသာ ကို မခံစားမိသော်လည်း ခြေထောက်ကျိုး၍ လမ်းမလျှောက်နိုင် သည့်အခါမှ လမ်းလျှောက်ခြင်း၏ အရသာကို ခံစားလိုတတ် ကြသည်မှာ သဘာဝပင် ဖြစ်ပေသည်။ ထို့အတူ မျက်စိကောင်း နေစဉ် စက္ခုအာရုံ၏ ရသကို သေချာဃနစွာ မသိ၊ မစဉ်းစား မတွေးခေါ်မိသော်လည်း မျက်စိရောဂါ ဝေဒနာတစ်ခုခုကို ခံစား ရသည့်အခါ (သို့မဟုတ်) မျက်မမြင် ဒုက္ခိဘဘဝသို့ ရောက်ရှိ မှသာ မျက်စိမြင်ခြင်း၏ ရသကို ပိုမို နားလည်ခံစားမိကြသည်။

ကျွန်တော်သည်ပင်လျှင် မျက်စိရောဂါ ဝေဒနာတစ်ခု ကို ခံစားပြီးမှ ဤဆောင်းပါးကို ရေးဖြစ်ပါသည်။ မျက်လုံး

# ဝေဒနာနုပဿနာ

## ဂျာမိုး



ကောင်းနေစဉ်က မျက်စိတန်ဖိုးကို ပေါ့ပေါ့ဆဆသာ တွေးခဲ့မိသည်။ လွန်ခဲ့သည့် လထဲက မျက်စိရောဂါတစ်ခုကို ကျွန်တော် ကိုယ်တိုင် ခံစားလိုက်ရသည့်အခါ စက္ခုအာရုံ ခံစားခြင်း၏ လက်တွေ့သဘောကို နားလည်ခဲ့သည်။

ကျွန်တော်၏ မျက်စိဝေဒနာ ခံစားမှုနှင့် ပတ်သက်၍ ရေးသားရလျှင် 'မျက်လုံး ကန်းသွားရင် မျက်စိ ကွယ်သွားရင်' ဟု တွေးမိတိုင်း တုန်လှုပ် ချောက်ချားမိပါသည်။ ယင်းကြောင့် ကျွန်တော်၏ မျက်စိ ကျန်းမာရေးအတွက် မျက်စိအထူးကု ဆရာဝန်ကြီးများနှင့်ပြ၍ ကုသရပါသည်။ လူနာသည် ဆရာဝန်ကို အားကိုးတတ်သည့် သဘာဝပင် ဖြစ်ပါသည်။ သို့သော် လူနာအတွက် ဆရာဝန်အချို့သည် အားကိုးရာမဲ့ခဲ့ရသည်။

ကျွန်တော်သည် ရောဂါဝေဒနာနှင့် ပတ်သက်၍ ကျိတ်မှိတ်ခံစားတတ်ပါသည်။ တော်ရုံတန်ရုံ ရောဂါဝေဒနာမျှနှင့် ဆေးရုံ၊ ဆေးခန်းများသို့ သွားလေ့သွားထ မရှိသူ ဖြစ်ပါသည်။ သည်တစ်ခါတော့ 'မျက်စိ အဆုံး၊ နားအရှုံး' ဟူသော ဆိုရိုးစကားကဲ့သို့ မဖြစ်စေရေးအတွက် ကျွန်တော်သည် ကြောက်ရွံ့ထိတ်လန့်မှုများစွာဖြင့် မျက်စိ အထူးကု ဆရာဝန်ကြီးများထံသို့ သွားရောက် ပြသခဲ့သည်။

စာရေးဆရာတစ်ယောက်သည် စာရေးနိုင်၊ ဖတ်နိုင်မှ ထမင်းစားရသည်ကို စာဖတ်သူများ နားလည် သဘောပေါက်ကြပေလိမ့်မည်ဟု ယူဆမိပါသည်။ ဤစာစုမျှဖြင့် ကျွန်တော်၏ ကြောက်ရွံ့ ထိတ်လန့်မှုကို အလွယ်တကူ ကိုယ်ချင်းစာနိုင်ပေလိမ့်မည်။

ကျွန်တော်သည် ရေနစ်သူ ဝါးကူထိုးခြင်း ခံရသူအဖြစ်သို့ ရောက်ရှိခဲ့ရသည်။ သို့တည်းမဟုတ် ဆရာဝန်အချို့သည် စေတနာဖြင့် ကယ်ဆယ်လိုသော်လည်း ဝါးမကိုင်တတ်၍လား၊ စေတနာသည် ငွေအသပြာနောက်သို့ လိုက်သွားလေရော့သလား ဟု မဝေခွဲတတ်အောင် ဖြစ်ခဲ့ရသည်။

အကြောင်းမှာ ကျွန်တော်သည် မျက်စိဝေဒနာ စတင်ခံစားရစဉ်က သာမန်မျက်စိဝေဒနာဟုသာ ယူဆ၍ လေးငါးရက်ခန့် ဆေးမစား၊ ဆေးမကုဘဲ နေခဲ့သည်။ ဝေဒနာမှာ သက်သာမှု မရှိဘဲ တိုး၍ တိုး၍သာ ခံစားခဲ့ရသည်။ သို့အတွက် ကျွန်တော်၏ ဇနီးနှင့် တိုင်ပင်၍ ရန်ကုန်မြို့၊ ဆူးလေဘုရားလမ်းရှိ မျက်မှန်ဆိုင်ကြီးတစ်ဆိုင်နှင့် တွဲဖက်ဖွင့်လှစ်ထားသည့် မျက်စိ အထူးကုဆေးခန်းသို့ သွားရောက် ပြသခဲ့သည်။ မျက်စိအထူးကု ဆရာဝန်ကြီးမှာ M.B.B.S., M. Med Sc (Ophthal) ဘွဲ့ရထားသဖြင့် ကျွန်တော်၏ မျက်စိဝေဒနာ ပြသကုသရန် အထူးအားရ ကျေနပ်မိသည်။ ဆရာဝန်ကြီးက ကျွန်တော်၏

မျက်စိရောဂါ သဘာဝဖြစ်စဉ် (Epidemoiology) ကို မေးမြန်းပါသည်။ ထို့နောက် ကျွန်တော်၏ မျက်စိအမြင်နှုန်း တိုင်းတာခြင်း (Visual Acuity) ကို ပြုလုပ်ပါသည်။ မျက်စိအထူးကုဆရာဝန်ကြီးသည် ကျွန်တော်၏ ရှေ့တည့်တည့်တွင် ထားရှိသော စာလုံး အကြီးအသေး အစဉ်လိုက်ကို အနီးအဝေး တိုင်းတာသည့် မှန်ဝိုင်းအမျိုးမျိုးဖြင့် စမ်းသပ်ပြီး (Distant) အင်္ဂလိပ်စာလုံးရှေ့ရှိ SPH (R) ဇယားအောက်တွင် (+ 0.50) နှင့် CYL (L) ဇယားအောက်တွင် (+ 0.25) ဟု ရေးမှတ်ပြီး AXIS ဇယားအောက်တွင် (180°) ဟု ရေးမှတ်လိုက်သည်။ မျက်စိဝေဒနာ စမ်းသပ်မှုသည် ဤမျှနှင့် ပြီးဆုံးခဲ့သည်။ စမ်းသပ်ခန်းမှ ထွက်လာသည့်အခါ မျက်မှန်ဆိုင်ပိုင်ရှင်က မျက်မှန်လုပ်ရမည် ဖြစ်ကြောင်း ပြောပြ၍ မျက်မှန်လုပ်ခဲ့ရသည်။ မျက်မှန်ရမည့်နေ့ကို ရက်ချိန်းပေးလိုက်သည်။

မျက်မှန် မရမီ ဆေးညွှန်းမပေးခဲ့သဖြင့် မျက်စိဝေဒနာကို ကြိတ်မှိတ်ခံစားခဲ့ရသည်။ မျက်မှန်ရလျှင် ကျွန်တော်၏ မျက်စိဝေဒနာ ပျောက်သွားလိမ့်မည်ဟု ဝေဒနာကို ဖြေသိမ့်မိပါသည်။

မျက်မှန်သွားယူစဉ် ဆိုင်ပိုင်ရှင် (သို့မဟုတ်) အလုပ်သမားဟု ယူဆရသူက မျက်မှန် အမြဲတမ်း တပ်ထားရန် ပြောသည်။ မျက်မှန်ယူစဉ်က မျက်စိအထူးကု ဆရာဝန်ကြီး ဆေး

ခန်းတွင် မရှိသဖြင့် တွေ့ဆုံမေးမြန်းခွင့် မရရှိခဲ့ပေ။ သို့သော် မျက်မှန်ဆိုင်မှ ညွှန်ကြားသည့်အတိုင်း မျက်မှန်ကို အိပ်ချိန်မှ တစ်ပါး အမြဲတမ်း တပ်ထားသည်။ တစ်ပတ်ခန့်ကြာသည့် တိုင် ကျွန်တော်၏ မျက်စိဝေဒနာမှာ မသက်သာသဖြင့် မျက်စိ အထူးကု ဆရာဝန်ကြီးရှိရာ ဆူးလေဘုရားလမ်းသို့ ပြေးရပြန် သည်။ ဆေးကုခန်းရှိရာသို့ ရောက်သည့်အခါ 'ဆရာဝန်ကြီး ဖောင်ကြီးသင်တန်း သွားတယ်။ တစ်လလောက် ကြာမယ်' ဟု မျက်မှန်ဆိုင်မှ အပေါက်ဆိုးဆိုးနှင့် ပြောလိုက်သည်မှာ ရင်ဝကို ဆီး၍ ကန်လိုက်သည့်နှယ် ဖြစ်ပါသည်။

"ဒီဆရာဝန် မရှိလည်း နောက်ဆရာဝန်နဲ့ သွားပြတာ ပေါ့ကွာ" ဟု ပြောလျက် ကျွန်တော်၏ ဇနီးနှင့်အတူ ရွှေဘုံ သာလမ်းရှိ မျက်မှန်ဆိုင်နှင့် တွဲဖက်ဖွင့်ထားသည့် မျက်စိ အထူးကု ဆေးခန်းတစ်ခုတွင် ဝင်ရောက်ပြသပါသည်။

ဒုတိယ တွေ့ဆုံရသည့် ဆရာဝန်ကြီးမှာလည်း ပထမ ဆရာဝန်ကြီးကဲ့သို့ပင် M.B.B.S., M.Med Sc (Ophthal) အရည် အချင်းတူ ဆေးပညာဘွဲ့များကို ရရှိသည်။ ပထမ ဆရာဝန် ကဲ့သို့ ဒုတိယ ဆရာဝန်ကြီးသည်လည်း စမ်းသပ် စစ်ဆေး မေးမြန်းမှုများကို ပြုလုပ်ပြီးနောက် ဆေးမှတ်တမ်း စာရွက် ပေါ်တွင် Distant နှင့် ရေ့တည့်တည့် SPH (R) ဇယားအောက် တွင် (–0.25) နှင့် CYL (L) အောက်တွင် (–0.25) ဟု ရေးမှတ် ပြီး AXIS ဇယားအောက်တွင် (180°) ဟု ရေးမှတ်ပေးသည်။

ဒုတိယဆရာဝန်ကြီးထံ မျက်စိ စမ်းသပ်မှု မပြုလုပ်မီ ပထမဆရာဝန်ထံ ပြသခဲ့သည့် ဆေးမှတ်တမ်းကို ပြသခဲ့ပါသည်။ သို့သော် ဒုတိယဆရာဝန်ကြီးက ထပ်မံ စစ်ဆေး စမ်းသပ်သည့်အခါ ပထမ ဆရာဝန်၏ ဆေးမှတ်တမ်းနှင့် ကွဲလွဲနေသည်။ ဆန့်ကျင်ဘက် ဖြစ်နေပါသည်။ ဒုတိယ ဆရာဝန်ကြီးက သူ၏ စမ်းသပ်မှု မှန်ကန်သည်ဟု ပြောပြသည်။

မည်သူ မှားသည်မှန်သည်ကို ကျွန်တော် နားမလည်ပေ။ ကျွန်တော် နားလည်သည်မှာ မျက်စိဝေဒနာ ပျောက်ကင်းရန် ဖြစ်ပါသည်။ ဆေးမှတ်တမ်း ကိုင်၍ မျက်စိ စမ်းသပ်ခန်းမှ ထွက်လာသည့်အခါ မျက်မှန်ဆိုင်မှ လူငယ်တစ်ဦးက ဆေးမှတ်တမ်း စာရွက်ကို ကြည့်၍ မျက်မှန်လုပ်ရန် ပြောပြန်သည်။ မျက်မှန်နောက်တစ်လက် လုပ်နိုင်ရန် ကျွန်တော့်မှာ ငွေကြေးအင်အား မပြည့်စုံတော့ပါ။ သည့်အတွက် မျက်မှန်လုပ်ပြီးကြောင်း ပြောပြ၍ မျက်မှန်ဆိုင်မှ ထွက်ခဲ့သည်။

ဆရာဝန်တစ်ယောက်ပြတိုင်း မျက်မှန်တစ်လက် လုပ်ရမည့် သဘောဖြစ်နေပေပြီ။ ဤသို့ဖြင့် ကျွန်တော်သည် ခိုကိုးရာမဲ့သော လူနာတစ်ဦး ဖြစ်မှန်းမသိ ဖြစ်ခဲ့ရသည်။ သို့သော် ကျွန်တော်သည် ကံ, ကံ၏ အကျိုးကို ယုံကြည်သည့် ဗုဒ္ဓဘာသာဝင် တစ်ဦးဖြစ်သည့်အားလျော်စွာ ဘဝအကျိုးပေးကံအတိုင်း လည်စင်းခံရသည့် သတ္တဝါကိုမွေးလျက် အိမ်သို့ပြန်ခဲ့၏။

အိမ်ရောက်သည့်အခါ ညနေစာ ထမင်းစား၍ ထွေရာလေးပါး မစဉ်းစားဘဲ အိပ်ပျော်အောင် အိပ်လိုက်သည်။ နောက်တစ်နေ့ ရောက်သော်လည်း မျက်စိဝေဒနာက မပျောက်။ ကျွန်တော်သည် အယ်ဒီတာ တစ်ဦးဖြစ်သည့် အားလျော်စွာ မဂ္ဂဇင်းအပေါ်တွင် သံယောဇဉ် ကြီးမားစွာဖြင့် ဝေဒနာကို မထောက်ရှုဘဲ မဂ္ဂဇင်း အချိန်မှန် ထွက်ရှိရေးအတွက် အလုပ်ဆင်းခဲ့သည်။ မဂ္ဂဇင်းတိုက်သို့ ရောက်ရှိသည်အထိ ကျွန်တော်၏ မျက်စိဝေဒနာသည် သာမန် နာရီးနာစဉ်မျှသာ ဖြစ်သည်။ မဂ္ဂဇင်းတိုက်မှ စာပေ စိစစ်ရေးရုံးသို့ ရောက်လာသည့်အခါ ဝေဒနာသည် အရှိန်မြင့်လာသည်။ ခံစားမှု ပြင်းထန်လာသည်။

စာပေစိစစ်ရေးရုံး အနီးရှိ ဓမ္မဗျူဟာ စာစောင်တိုက်ရှိရာ ဓမ္မဗျူဟာ သင်တန်းအဆောက်အဦ (ဆောက်လုပ်ဆဲ) ရုံးခန်းသို့ အပြေးအလွှား သွားသည်။ ဓမ္မဗျူဟာ မဂ္ဂဇင်းမှ အထောက်အကူပြု အယ်ဒီတာ ဦးဆန်းထွန်းအား အကျိုးအကြောင်း ပြောပြ၍ သူ၏ ခုတင်တွင် လဲလျောင်းနေသည်။ မကြာမီ မောင်သန်းထွန်းအောင် ရောက်လာပြီး၊ ကျွန်တော့်အား ‘အစ်ကို ကျွန်တော် ဘာလုပ်ပေးရမလဲ’ ဟု လူမှုရေးအလိုက်သိစွာဖြင့် မေးလာသည်။ ကျွန်တော်က ‘ရပါတယ်ညီလေး’ ဟု မျက်စိ ဝေဒနာ ခံစားရင်း ဖြေလိုက်၏။ ဦးဆန်းထွန်းကမူ လုပ်လက်စ အလုပ်များကို လုပ်လျက် သတိပြုမိဟန်

မတွေ့ချေ။ မည်သို့ပင်ဖြစ်စေ သူ၏ ခုတင်တွင် ကျွန်တော့်အား ခေတ္တ လဲလျောင်းနားနေခွင့် ပြုသည်ကို ကျွန်တော် ကျေးဇူး တင်မိသည်။

မျက်စိ ဝေဒနာခံစားမှုသည် အရှိန်မြင့်သထက် မြင့် လာ၏။ မျက်စိဝေဒနာကို ကျိတ်မှိတ် ခံစားရင်း တွေးမိ တွေး ရာ ပြေးမိပြေးရာသို့ ရောက်နေသော စိတ်ကို လျှပ်တပြက် ပြန်လည် စုစည်းလိုက်၏။ ကျွန်တော့်တွင် ဘာသာရေးနှင့် ပတ်သက်သည့် အသိတရားတစ်ခု ဝင်လာသည်။

**"ဖြစ်ပေါ်လာသည့် ဝေဒနာသည် တရားကုန်ကြမ်း အရင်း အနှီးတစ်ခု ဖြစ်ပေသည်"** ဟု စဉ်းစားမိ၏။ ၎င်းအသိစိတ် ကို လက်တွေ့ အကောင်အထည် ဖော်နိုင်ရန် ခန္ဓာကိုယ်ကို လက်ယာ ဘက်သို့ စောင်းလျက် ဦးခေါင်း၊ ခြေ၊ လက် အားလုံးတို့ကို သင့်တင့်မျှတသော အနေအထားသို့ ရောက်အောင် ပြုပြင် လိုက်၏။ ထို့နောက် အာနာပါန ကမ္မဋ္ဌာန်း တရားကို အား ထုတ်၏။ ဝေဒနာကြောင့် ကြီးစွာသော ဆင်းရဲမှုကို ခံစားရ သဖြင့် ဒေါသပင် ဖြစ်၏။

ဝင်လေ (ထိ)၊ ထွက်လေ (ထိ) အမှတ်တရားတို့သည် လည်း အင်အားချည့်နဲ့ နေ၏။ အာနာပါနကို ထိရောက်စွာ အားမထုတ်နိုင်ဘဲ အာနာပါနလိုလို ဝေဒနာလိုလို ဖြစ်နေ၏။ ကျွန်တော်၏ အဖြစ်က ဟိုလိုလို သည်လိုလိုနှင့် ကိုယ်ရောစိတ်

ပါ ဆင်းရဲပင်ပန်းကြီးစွာ ခံစားနေရ၏။ ထိုစဉ် ဆရာတော်ကြီးများ၏ ဩဝါဒ အဆုံးအမ တရားတော်အချို့ကို အမှတ်ရလိုက်၏။

ချက်ချင်းဆိုသလို ပစ္စုပ္ပန်တည့်တည့်ကို မသိသေးသော ကျွန်တော်၏ စိတ်ကို ဝေဒနာဆီသို့ ပို့လိုက်၏။ စိတ်နှင့် ဝေဒနာကို ထပ်ချပ်မကွာ ပူးကပ်လိုက်၏။ မျက်စိ ဝေဒနာမှာ နာမြဲတိုင်း နာနေသဖြင့် ကျွန်တော်၏ စိတ်သည် ခွာ၍ သွား၏။ အသစ်တစ်ဖန် ဝေဒနာဆီသို့ စိတ်ကို ပြန်ကပ်ရပြန်၏။

**'ငါ မသေသေးဘူး။ သေခါနီးရင် သည့်ထက် အဆပေါင်းများစွာ ခံစားရဦးမယ်'** ဟူသော အသိစိတ်ဖြင့် မျက်စိဝေဒနာဆီသို့ ကျွန်တော်၏ စိတ်ကို ထိုးဖောက်ဝင်ရောက်နိုင်စေရန် သတိကပ်ပေးလိုက်သည်။

မကြာမီ ကျွန်တော်၏စိတ်သည် ဝေဒနာနှင့် တစ်ထပ်တည်း ဖြစ်လာ၏။ ဝေဒနာကို ဝေဒနာမှန်း သိလာ၏။ ထိုအခါ ကျွန်တော်၏ မျက်စိတို့သည် မီးစနှင့် ထိုးခံရသကဲ့သို့ ပို၍သာ နာကျင်လာ၏။ ဝေဒနာ၏ နာကျင်မှုနှင့်အတူ ဝေဒနာနောက်သို့ စိတ်ကို ကပ်ထား၏။ မျက်စိဝေဒနာမှသည် မျက်လုံးပတ်ဝန်းကျင်ရှိ သွေးကြောမျှင်ကလေးများဆီသို့ ဝေဒနာသည် ပြောင်းရွှေ့သွား၏။ စိတ်ကို မျက်စိဝေဒနာမှ တစ်ဆင့် သွေးကြောမျှင်ကလေးများဆီသို့ ပြောင်းရွှေ့လိုက်၏။ ဝေဒနာနောက်သို့

စိတ်ကို အစဉ်မပြတ် ကပ်လိုက်ထား၏။ ထိုစဉ် သွေးကြောမျှင် ကလေးများကို ချွန်ထက်သော အပ်အစင်းပေါင်း ကုဋေကုဋာနှင့် ထိုးဆွနေသကဲ့သို့ ခံစားရပြန်သည်။ ထိုမှတစ်ဖန် နှာခေါင်း ထိပ်ဖျားဆီသို့ ဝေဒနာသည် ရောက်လာ၏။ နှာရိုဝက်ခန့် ကြာသည့်အခါ ဝေဒနာနောက်သို့ စိတ်ကို လိုက်ပါစေရာ နောက်ဆုံး ဝေဒနာသည် မျက်စိ နှစ်လုံးစလုံးအတွင်းသို့ အက်စစ်များ လောင်းထည့်လိုက်သကဲ့သို့ ခံစားလိုက်ရသည်။ ဝေဒနာ ဆုံးသွားဟန်ရှိ၏။ နာကျင်မှု မရှိတော့။ ကျွန်တော်သည် မျက်စိဝေဒနာကို ဥပေက္ခာပြုလျက် အိပ်ပျော်သယောင်ယောင် ဖြစ်သွား၏။ အိပ်ရာမှ နိုးသည့်အခါ မျက်အိမ်အတွင်းမှ ပူနွေး သော မျက်ရည်ပေါက်ကြီးများ စီးကျလာ၏။ မျက်စိနာကျင်မှု ဝေဒနာလည်း အလျဉ်းမရှိ၊ ပျောက်ကင်းသွားလေသည်။ ဟုတ်မှ ဟုတ်ပါလေစဟု ကိုယ့်ကိုကိုယ် မယုံနိုင်လောက်အောင် ဖြစ်မိ၏။

အိပ်ရာမှထ၍ မျက်နှာသစ်လိုက်သည့်အခါ မျက်နှာပြင် တစ်ခုလုံး ပူရှိန်းရှိန်း ဖြစ်သွား၏။

ထိုအချိန်မှစ၍ ကျွန်ုပ်တော်၏ မျက်စိဝေဒနာသည်လည်း ယနေ့တိုင် နာကျင်ကိုက်ခဲခြင်း မရှိတော့သည့်အပြင် စာရေး စာဖတ်ရာတွင် မျက်မှန်တပ်ဆင်ရန်ပင် မလိုတော့ပေ။ ဤ ဆေးစွမ်းကောင်းမှာ ဘုရားပေးသော ဝေဒနာ နုပဿနာ မျက်စဉ်း တစ်စက်ကြောင့်ဟူ၍သာ ယုံကြည်မိပါတော့သည်။

(မျက်စိ အလှူရှင်များတွင် ပါဝင် လှူဒါန်းခဲ့သည့် မြတ်ပန်းဝေ ဘာသာရေး မဂ္ဂဇင်းတာဝန်ခံ အယ်ဒီတာ ဦးဝင်းတင်နှင့် ဇနီး ဒေါ်ခင်မြတင်တို့အား ဤဆောင်းပါးဖြင့် ဂုဏ်ပြုအပ်ပါသည်။)

◆ ◆ ◆



## အသုဘကမ္ဘာနှင့် စီးပြန်းခြင်း

စာရေးသူသည် ရဟန်းဒါယကာ ဦးစောဟန်၊ ရဟန်းဒါယိကာမ ဒေါ်တင်မြင့်တို့၏ ကောင်းမှုဖြင့် ၁၃၅၃-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၁) ရက်နေ့ နံနက် (၉) နာရီ (၁၀) မိနစ် အချိန်တွင် ဗဟန်းမြို့နယ် အလယ်တောရ စံပြ စာသင်တိုက် ဆရာတော် ဦးသီလစာရာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ လူ့ဘဝမှ ရဟန်းဘဝသို့ ကူးပြောင်းရောက်ရှိစတွင် ထိုင်ရမလို၊ ထရမလို၊ ဟိုဟာလုပ်ရမလို သည်ဟာ လုပ်ရမလိုနှင့် ယောင်ချာချာ ဖြစ်နေ၏။

လူ့ဘဝတွင် လူကျင့်ဝတ် ရှိသကဲ့သို့ ရဟန်းဘဝတွင်လည်း ရဟန်းကျင့်ဝတ် ရှိ၏။ စာရေးသူသည် လူ့ဘဝတွင် နေထိုင်စဉ်က လူ့ကျင့်ဝတ်၊ လူ့ဝတ္တရားများကို သေသေချာချာ ဂဃနဏ မသိသည်ကို ဝန်ခံပါ၏။ မိမိကိုယ်တိုင် ကျင့်သုံး

ရမည့် ကိုယ်ကျင့်တရားကို အရှင်ဇနကာဘိဝံသ၏ 'ကိုယ်ကျင့် အဘိဓမ္မာ'စာအုပ်တွင် ဖတ်ရှု၍ သိရှိခဲ့သည်။ စာရေးသူ သိသမျှ အကြောင်းအရာများကို လုံးစေ့ပတ်စေ့ မလိုက်နာ၊ မကျင့်သုံး နိုင်ခဲ့ပေ။ ထို့အတူ ရဟန်းဘဝသို့ ရောက်ရှိပြန်သည့်အခါ ရဟန်းတို့ လိုက်နာ စောင့်ထိန်းရမည့် (၂၂၇) သွယ်သော သိက္ခာပုဒ်တို့ကို ထပ်မံ ဖတ်ရှုလေ့လာရပြန်၏။

မသိ၍ မကျင့်သူတို့ကဲ့သို့ သိ၍ မကျင့်သောသူ အဖြစ် မျိုး၊ သတိလက်လွတ် ဖြစ်သည့်အခါမျိုးနှင့် ကြုံသဖြင့် မကြာ ခဏ အာပတ်ဖြေခဲ့ရသည်။ သို့သော် စာရေးသူအနေဖြင့် သိရှိ ထားသော အကုသိုလ်တရား အမှုကိစ္စများ မဖြစ်စေရန် ကြိုး စား၍ စောင့်စည်း ထိန်းသိမ်းခဲ့ပါသည်။ ရိုးသားစွာ ဝန်ခံရ လျှင် သိသမျှ၊ လေ့လာထားသမျှ အကုသိုလ်အမှုကိုသာ ဆို လိုပါသည်။ အကြောင်းမှာ အကုသိုလ် (မကောင်းမှု) ဟူသော ဝေါဟာရစကား၏ အဓိပ္ပာယ်မှာ ကျယ်ဝန်း နက်ရှိုင်းခြင်း ကြောင့် ဖြစ်ပေသည်။

အကုသိုလ်ကို ရှောင်၍ ကုသိုလ်ကို ဆောင်၏။ နံနက် ပိုင်းအချိန်တွင် ဘုရားဆွမ်းတော်ကပ်၏။ အချိန်ရသမျှ ဗုဒ္ဓ၏ ဂုဏ်တော်များကို ရွတ်ဆိုပွားများသည်။ နေ့စဉ်နှင့်အမျှ နေ့ဆွမ်း ကပ်သည့် ဒကာ၊ ဒကာမများရှိသည့်တိုင် ဆွမ်းခံကြွ၏။ ဆွမ်း ဟင်းလောင်းလှူသည့် ဒကာ၊ ဒကာမတို့အား မေတ္တာပို့ ဆု

တောင်းပေး၏။ ကျောင်းသို့ ရောက်လျှင် သပိတ်တစ်လုံးလုံး ဆွမ်းတော်ကပ်၏။ တစ်ဖန် ဆွမ်းမစားမီ စားပွဲထိုင်သည်နှင့် မေတ္တာပို့ပြီးမှ ဆွမ်းစား၏။ ဆွမ်းကျန်၊ ဟင်းကျန်များကို ခွေးနှင့် ကျေးငှက်တိရစ္ဆာန်တို့အား ကျွေးမွေးကာ အမျှပေးဝေ၏။

နေ့ခင်းပိုင်းတွင် အာနာပါနကမ္မဋ္ဌာန်းကို ရှုမှတ်၏။ ရံဖန် ရံခါ ဝင်လေထွက်လေမှတ်ရင်း အိပ်ပျော်သွားတတ်၏။ အိပ် ရာမှ နိုးနိုးချင်း ပြန်၍ ရှုမှတ်ပြန်၏။ ဘာသာရေးနှင့် ပတ်သက် ၍ မသိနားမလည်သော အကြောင်းအရာများကို ကျောင်းထိုင် ဘုန်းကြီးထံ မေးမြန်းမှတ်သားသည်။

ညနေပိုင်းတွင် ရွှေတိဂုံသို့ ဘုရားဖူးသွား၏။ ည (၇) နာရီတွင် စာရေးသူ သီတင်းသုံးရာ သိမ်သစ်ကျောင်းတွင် ဘုရားဝတ်ပြုရ၏။

ဤသည်တို့မှာ စာရေးသူ၏ ရဟန်းဘဝတွင် ပြုကျင့်သည့် နိစ္စဓူဝ အမှုကိစ္စများပင် ဖြစ်၏။ တစ်နေ့သော် စာရေးသူ သိနားလည်သမျှ ပဋ္ဌာပိုဏ်ဆွမ်းဘုဉ်းပေးခြင်း၊ စကားမပြောဘဲ ဝစီပိတ်နေခြင်း၊ ကြံတောသုသာန်သို့ တစ်ပါးတည်း ကြွ၍ အသုဘ ကမ္မဋ္ဌာန်း စီးဖြန်းခြင်းအမှုတို့ကို ပြုခဲ့လေသည်။

အသုဘ ကမ္မဋ္ဌာန်းအကြောင်းရေးသည့်အခါ (၁၁) နှစ်သား အရွယ်က အသုဘကမ္မဋ္ဌာန်း အားထုတ်ခဲ့သည်ကို အမှတ်ရမိသည်။ မိခင်၊ ဖခင်များ၏ ပံ့ပိုးမှုဖြင့် ခနွောကျောင်းတွင်

ပထမဦးစွာ အာနာပါန ကမ္မဋ္ဌာန်း ရှုမှတ်သည်။ တစ်ပတ်ခန့် ကြာသည့်အခါ အသုဘ ကမ္မဋ္ဌာန်းကို ပြောင်းလဲအားထုတ်ရသည်။ စစ်ကိုင်းတိုင်း မြောင်မြို့တွင် တည်ရှိသည့် ခန္ဓာကျောင်းသည် မြို့အဝင်ဝရှိ တောရကျောင်းကလေး ဖြစ်၏။ ကျောင်း၏ တောင်ဘက်ကျကျတွင် ခန္ဓာသချိုင်းရှိ၏။ သို့အတွက် အသုဘကမ္မဋ္ဌာန်း စီးဖြန်းရန် တကူးတက အဝေးသို့ သွားရန် မလို။ ယာနုစ်ကွက် သုံးကွက်ခန့်သာ သွားရ၏။

ထိုအချိန်က ခန္ဓာသုသာန်ကို အဖေနှင့် ကျွန်တော် သွားခြင်းဖြစ်သည်။ ကျွန်တော် တစ်ယောက်တည်းဆိုလျှင် သွားရဲချင်မှ သွားရဲမည်၊ သည်အချိန်မှာ ကျွန်တော့် အဖေသည် ကျွန်တော့်အား ရဲစွမ်းသတ္တိ ရှိစေရန် စိတ်ခွန်အားကို ဖန်တီးပေးခဲ့သည့် ဖန်တီးရှင် ဖြစ်သည်။ ကျွန်တော့်အနီးမှာ အဖေ ရှိနေသဖြင့် ကျွန်တော် ဘာကိုမျှ မကြောက်တော့ပေ။

အညာနွေ၏ နေ့လယ်ခင်းကား ပူပြင်းလှသည်။

သုသာန်သို့ ရောက်တော့ လူလေးငါးဦးခန့် ဇရပ်အတွင်း၌ ရောက်နေ၏။ အချို့ကား ဇရပ်အခင်းကို တံမြက်စည်း လှည်းသူ၊ ဖျာခင်းသူနှင့် အလုပ်ရှုပ်နေသည်။ အဖေက ကျွန်တော့်ကို ထနောင်းပင်ငယ်ရိပ်ဝယ် ချွေးသိပ်စေ၏။ ထနောင်းရိပ်ကား အေးမြလှသည်။

မကြာမီ အသုဘဆိုင်းသံကို ကြားရ၏။

ပထမဦးစွာ ရောက်လာသည်မှာ ကြေးစည်ထုသူ နှစ်ဦးပင် ဖြစ်၏။ ယင်းနောက်မှ ဘုန်းတော်ကြီးများ၊ ကန်တော့ပွဲ ရွက်သူများပင်။

လှပခမ်းနားစွာ ဆင်ယင်ထားသည့် အသုဘ ခုတင်ကို ရေ့နောက်ဝဲယာ လူဆယ်ဦး ထမ်းလာကြ၏။ အသုဘမှာ မြေမြှုပ်မည်ဖြစ်၍ ကျောင်းအနီးသို့ ထမ်းလာကာ ရှေ့တိုးနောက်ဆုတ် လုပ်ခြင်း၊ လှည့်ပတ်ခြင်းတို့ ပြု၏။ ဘုန်းတော်ကြီးများက သရဏဂုံတင်၍ ရေစက်ချပေး၏။ ထို့နောက် အသုဘ အလောင်းကို လာရောက်ကြည့်ရှုကြရာ အခေါင်းကို လှပ်ပေးထား၏။ အသုဘရှုသည့် သဘောပင်။ ကြည့်၍ ပြန်သွားကြ၏။ သားသမီးများလည်း နောက်ဆုံး နှုတ်ဆက်ခြင်းဖြင့် ငိုကြွေးကြ၏။

ကျွန်တော်တို့ သားအဖ အရိပ်ခိုနေသည့် နေရာနှင့် မြေမြှုပ်ရန် တူးထားသည့်ကျင်းမှာ အလွန်နီး၏။ ပထမပိုင်းတွင် အဖေက ကျွန်တော့်ကို ဘာမျှမပြောဘဲနေ၏။ အခေါင်းဖုံးဖွင့်သည်နှင့် နွေနေ၏ အပူရှိန်ကြောင့် အပုပ်နံ့က ထွက်လာ၏။ လူသေအလောင်းကို လူအများ ဝိုင်းအုံကြည့်နေ၍ မမြင်ရသေးသော်လည်း အဖေက အနံ့ (အပုပ်နံ့) ကို ရှူ၍ မှတ်ထားရန် ပြော၏။ လူရှင်းသွားသည့်အခါ အလောင်းကို သေချာစွာ ကြည့်ခိုင်း၏။ နေပူဒဏ်ကြောင့် လူသေအလောင်း

မှာ အမည်းရောင်၊ အနီရောင်အကွက်တို့ ဖြစ်ပေါ်လျက် ရှိရွဲနေဟန်ရှိ၏။ အဖေက ကျွန်တော့်ကို သေချာစွာ ကြည့်ခိုင်း၏။

လူသေအလောင်းကို မြေမြှုပ်လိုက်၏။

တဖြည်းဖြည်း လူရှင်းသွားသည့်အခါ အဖေက စတင်၍ ကျွန်တော့်ကို...

'သား...ခုနက အနံ့နဲ့ လူသေအလောင်းကို စိတ်ထဲမှာ အာရုံမှာ ပေါ်အောင် ပြန်စဉ်းစား" ဟူ၍ ပြောလျက် ထနောင်းပင်ငယ်ကလေးအောက်တွင် ထိုင်ခိုင်း၏။ မျက်စိကို စုံမှိတ်ထားစေ၏။ ထို့နောက် အဖေက...

"အဖေတို့ သားတို့လဲ အဲသည်လို သေရမှာ၊ ခုနက မြင်ရတဲ့ လူသေကောင်ရဲ့ ပုံသဏ္ဍာန်နဲ့အနံ့ကို စိတ်ထဲမှာ ပေါ်လာတဲ့ အချိန်ကစပြီး ငါသေရတော့မယ်လို့ စိတ်ထဲမှာ မှတ်နေ၊ ကြားလား သား၊ အဆက်မပြတ် မှတ်နေ"

ထိုစဉ်က အဖေခိုင်းသည့်အတိုင်း ကျွန်တော်လုပ်သည်။ စိတ်ထဲမှာလည်း 'ငါသေရတော့မယ်' ဟု အဆက်မပြတ် မှတ်နေ၏။ ပထမပိုင်းတွင် အနံ့နှင့် အလောင်းကောင်၏ ပုံသဏ္ဍာန်ကို အာရုံဖြင့် ခံစားရလိုက်၊ မရလိုက် ဖြစ်နေ၏။

အရှိန်ရလာသည့်အခါ ကျွန်တော်၏ နှာခေါင်းမှ လူသေအပုပ်နံ့ကို ရှူရှိုက်နေရသကဲ့သို့ ခံစားရသည်။ ထို့အတူ မျက်စိအာရုံတွင် ကျွန်တော် ကြည့်လိုက်ရသော လူသေ

အလောင်းကိုသာ မြင်နေရသည်။ စိတ်က 'ငါ သေရတော့မယ်၊ ငါသေရတော့မယ်" ကြိမ်ဖန်များစွာ ရေရွတ်နေ၏။ ထိုစဉ် ကျွန်တော်သည် ဖျာတစ်ချပ်ပေါ်တွင် ထိုင်နေလျက် ကောင်းကင်သို့ ပျံတက်သွား၏။ ရုတ်တရက် ချက်ချင်း ပြုတ်ကျ၏။ ထို့အတူ မိချောင်းကြီးက ကျွန်တော့်အား ပါးစပ်ကြီးဟ၍ ကြည့်နေပြန်သည်။ နောက်တစ်ဖန် ဘီလူးပုံလိုလို လူရုပ်ဆိုးကြီးပုံလိုလို တွေ့မြင်နေရ၏။ ထိုဘီလူးသရဲဆန်သော ပုဂ္ဂိုလ်ကြီးက ကျွန်တော့်အား တင်းပုတ်ကြီးနှင့် ထုမည် လုပ်နေ၏။ ကျွန်တော့် အတွေ့အကြုံအရ ဘုန်းကြီး သင်ပေးထားသည့် အာနာပါန အားထုတ်စဉ်ကအတိုင်း အမှတ်ကို ဆက်မှတ်နေမိသည်။

"ငါ သေရတော့မယ်"

"ငါ သေရတော့မယ်" ဟု အဖေ သင်ပေးထားသည့်အတိုင်း စိတ်ထဲက မှတ်နေရင်း အာရုံ၏ မူလအမှတ်ကို ပြန်မှတ်၏။ အာရုံသစ်ကို သတိရတိုင်း အာရုံဟောင်းတို့ ချုပ်ငြိမ်းသွား၏။ မှတ်နေရင်းပင် အဖေလာခေါ်သဖြင့် အမှတ်ကို ဖျက်၍ အဖေနှင့် ဘုန်းကြီးကျောင်းသို့ ပြန်လာ၏။ ကျွန်တော်၏ အမှတ်နှင့် အတွေ့ဖြစ်ပေါ်မှုကို ဘုန်းကြီးကို လျှောက်သည့်အခါ ဆက်ကြိုးစားဟု ပြောခဲ့သည်။

ငယ်ရွယ်စဉ်က အဖေသည် သင့်လျော်သည့် အမှတ်ကလေးကို သင်ပေးသဖြင့် သိသည့်အတိုင်း၊ သင်ကြားပေးသည့်အတိုင်းသာ အားထုတ် မှတ်သားခဲ့ရသည်။ အသုဘကမ္မဋ္ဌာန်း စီးဖြန်းရန် အသုဘဆယ်ပါးဖြစ်သည့် –

(၁) နဂိုရုပ်အဆင်းအတိုင်း မဟုတ်ဘဲ ဖူးယောင်ကာ ပုပ်ပွနေသည့် ခန္ဓာကိုယ်အလောင်းကောင်။

(၂) ဖြူနီညိုမည်း၍ ပုပ်ပွနေသည့် ခန္ဓာကိုယ်အလောင်းကောင်။

(၃) ပြည်များ ယိုစီးနေသည့် ခန္ဓာကိုယ်အလောင်းကောင်။

(၄) နှစ်ပိုင်းသုံးပိုင်း ပြတ်နေသည့် ခန္ဓာကိုယ်အလောင်းကောင်။

(၅) ငှက်တိရစ္ဆာန်များ ကိုက်ဖဲ့စားသောက်ထားသည့် ခန္ဓာကိုယ်အလောင်းကောင်။

(၆) ကိုယ်လက်အင်္ဂါများ တစ်ခုစီကွဲပြားနေသည့် ခန္ဓာကိုယ်အလောင်းကောင်။

(၇) ဓား၊ လှံ လက်နက်တို့ဖြင့် လှီးဖြတ်ထိုးခုတ်ထားသည့် ခန္ဓာကိုယ်အလောင်းကောင်။

(၈) သွေးများပေကျံနေသည့် ခန္ဓာကိုယ်အလောင်းကောင်။

(၉) လောက်များ ပြည့်နှက်နေသည့် ခန္ဓာကိုယ်အလောင်းကောင်။

(၁၀) အရိုးများသာရှိသည့် ခန္ဓာကိုယ်အလောင်းကောင်များ၏ ပုံသဏ္ဌာန်အမျိုးမျိုးကို (မိမိရှုလိုသည့် အလောင်းပုံသဏ္ဌာန်) ရှာဖွေရှုမှတ်ရန် လိုပါသည်။

စာရေးသူအနေဖြင့် အသုဘ(၁၀)မျိုးမှ ကြိုက်နှစ်သက်ရာ ဟူ၍ ရွေးချယ်ထားခြင်းမရှိပေ။ ထိုနေ့က ဆွမ်းစားပြီး အသုဘ ကမ္မဋ္ဌာန်း ပွားများအားထုတ်ရန် ကြဲတောသုသာန်သို့ တစ်ပါး တည်း ကြွခဲ့သည်။ ကြဲတောသချိုင်းတွင် သင်္ဂြိုဟ်မည့် အသုဘမှာ (၁၇)ဦးရှိသည်ကို မီးသင်္ဂြိုဟ်မည့်စာရင်းအရ သိရ၏။ အဆောင် (၁)မှစ၍ သင်္ဂြိုဟ်ရန် ပြင်ဆင်ထားသည့် အလောင်းငါးလောင်း ကို စာရေးသူ လိုက်ကြည့်၏။ ယင်းအလောင်းငါးလောင်း အနက်မှ အသားမည်းမည်း၊ နှာခေါင်းရှည်ရှည်နှင့် ထောင်ပိုင်ကြီး (ထောင်မှူး)၏ ကြောက်စရာကောင်းလှသည့်အလောင်းကို မျက်စိ မှာ မူလအလောင်းကောင်အတိုင်း မြင်သည်အထိ "ပရိကမ္မ နိမိတ်"ထင်အောင် မှတ်ခဲ့၏။ (ယင်းအလောင်းကောင်ကြီး၏ ကြောက်မက်ဖွယ်ပုံစံမှာ ယခုတိုင် မျက်စိထဲမှ မထွက်သေးပါ) ထို့နောက် မီးသင်္ဂြိုဟ်စက်ရှိရာသို့ သွားကြည့်သည်။ မီးဖိုအတွင်း အခေါင်းထိုးသွင်း၍ တံခါးပိတ်လိုက်သဖြင့် ဖြစ်ပျက်မှု ပုံသဏ္ဌာန် ကို သေချာစွာ မမြင်ရ၍ နှစ်လောင်းခန့်သာ ကြည့်မိ၏။

ထို့နောက် လူသူရှင်းသည့် အုတ်ဂူများ အများအပြားရှိရာ သို့ သွား၏။ ကုက္ကိုလ်ပင်ရိပ်ကောင်းကောင်းရှိသည့် ဂူပေါ်တွင် ဒုကုဋ်ကိုတင်ကာ တင်ပျဉ်ခွေလိုက်၏။ ရေခဲတိုက်အတွင်းမှာ ထည့်ထားသည့် အလောင်းကောင်များမှ သိသာသော အပုပ်နံ့ မရသော်လည်း ထူးခြားသည့် အနံ့အသက်များက နှာခေါင်းတွင်

စွဲထင်လာ၏။ ပထမဦးစွာ စာရေးသူသည် အာနာပါနကမ္မဋ္ဌာန်းကို ရှုမှတ်၏။ ထို့နောက် ငယ်စဉ်က အားထုတ်ခဲ့ဖူးသည့်အတိုင်း ထောင်ပိုင်ကြီး၏ အလောင်းကောင်ကြီးကို မျက်စိအာရုံတွင် ထင်မှတ်စေကာ 'ငါသေရတော့မယ်'ဟု စိတ်တွင် အကြိမ်ကြိမ် မှတ်နေ၏။

အချိန်အတန်ငယ်ကြာသည့်အခါ ဆနွင်းမှိုင်းနံ့လိုလို အနံ့ရ၏။ စိတ်အာရုံတွင် ထင်မှတ်လာသည့် အနံ့သည် နှာခေါင်းမှတစ်ဆင့် အသိစိတ်သို့ ရောက်လာ၏။ မူလအမှတ်ဖြစ်သည့် 'ငါသေရတော့မယ်'ဟု ကြိုးစား၍မှတ်ရာ ထိုအနံ့သည် ပျောက်သွား၏။ တစ်ဖန် ခြေသံလိုလို ကြားရပြန်သည်။ ခွေးခြေသံနှင့်မတူ၊ လူလမ်းလျှောက်လာသည့်အသံနှင့်သာ တူ၏။ နေ့ခင်းကြောင်တောင်မှာ သရဲခြောက်သလို ဖြစ်သည်။ ဂူအကြိုအကြားသို့ သာမန်လူလည်း လာမည် မဟုတ်ပေ။ ခြေသံနှင့်အတူ ရေမွှေးနံ့ကို ရ၏။ စာရေးသူသည် ရဟန်းဝတ်နှင့်ဖြစ်၍ ကြောက်စိတ်က စိုးစဉ်းမျှမရှိ။ သိလိုစိတ်ဖြင့် မျက်စိကို ဖွင့်ကြည့်ချင်လာ၏။ စိတ်ကို ထိန်းချုပ်လိုက်၏။ ကြည့်လိုစိတ်ကို 'ငါသေရတော့မယ်'ဟူသော အမှတ်ဖြင့် အစားထိုးလိုက်၏။ လူဖြစ်စေ၊ သရဲတစ္ဆေဖြစ်စေ ဂရုစိုက်ရန် မလိုဟု သန္နိဋ္ဌာန်ချကာ မူလအတိုင်း အာရုံမပျက် မှတ်နေသည့်အခါ အနံ့များ၊ အသံများအားလုံးကို မသိတော့ပေ။

ခြေသံကြားရသကဲ့သို့၊ လေတိုက်သံကဲ့သို့ မဟုတ်သော သစ်ရွက်ခြောက်များ မြည်သံ၊ သစ်ကိုင်းလှုပ်သံများကို ကြားရသည်။ ပွင့်လင်းစွာဝန်ခံရလျှင် 'ငါသေရတော့မယ်' အမှတ်မှ မေတ္တာပြောင်းလဲပို့မိပါသည်။ စာရေးသူသည် အာနာပါနကမ္မဋ္ဌာန်း၊ အသုဘကမ္မဋ္ဌာန်း၊ မရဏာနုဿတိကမ္မဋ္ဌာန်းတို့ကို ပွားများအား ထုတ်၍ အုတ်ဂူပေါ်မှ ထလိုက်သည့်အခါ ရဟန်းအမ အုတ်ဂူ ဖြစ်နေပြီး ရှေ့ဘက်နှင့် ဝဲယာဘက်တွင်လည်း ရဟန်းအမ အုတ်ဂူများ ဖြစ်နေသည်မှာ ထူးခြားလှ၏။ သတိထားကြည့်မိသော်လည်း အမှတ်မထင်သာနေ၍ စာရေးသူ သီတင်းသုံးရာ အလယ်တောရကျောင်းသို့ ခြေလျှင် ပြန်ကြွလာ၏။ နောက်တစ်နေ့ နံနက်တွင် တောင်ဒဂုံမှ ဆွမ်းစားပင့်သဖြင့် ကြွရ၏။ ဆွမ်းစားပြီး လက်ဖက်ရည် အချိုပွဲများ ကပ်နေစဉ် စိတ်က မနေနိုင်။ မြောက်ဒဂုံသို့ သွားလိုစိတ် ပေါ်လာ၏။ စိတ်ကို မထိန်းနိုင်သည့်အခါ ကျန်ဦးပဥ္စင်းများ တားသည့်ကြားက နေပူကျဲထဲပင် မြောက်ဒဂုံသို့ ကြွ၏။ စာရေးသူ၏အသိ (ယခင် ရဟန်းဝတ်စဉ်က ရဟန်းအမ) လမ်းထဲသို့အရောက် ဆိုက်ကားပေါ်တွင် အမျိုးသမီးတစ်ဦး ပက်လက်အနေအထားနှင့် အမျိုးသားတစ်ဦးက ပွေ့ထားလျက် အမြန်နှင်းလာသည်။ စာရေးသူလည်း 'ကျန်းမာ ချမ်းသာပါစေ'ဟု မေတ္တာပို့လိုက်၏။

အနီးရောက်သည့်အခါ စာရေးသူသွားမည့် အသိ ရဟန်းအမ ဖြစ်နေ၏။ စာရေးသူလည်း အိမ်သို့ သွားကြည့်၏။ အိမ်က သော့ခတ်ထား၏။ စာရေးသူလည်း ဆိုက်ကားတစ်စီးငှားကာ ဆေးရုံသို့လိုက်၏။ ဒဂုံ(မြောက်ပိုင်း)ဆေးရုံမှ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအထိ စာရေးသူ လိုက်ပါပို့ဆောင်ရင်း ဗုဒ္ဓ၏ဂုဏ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်ပေး၏။

ရန်ကုန်ဆေးရုံကြီးတွင် ဆေးရုံတင်ထားစဉ် စာရေးသူလည်း လူမမာမေးရောက်၏။ နောက်ဆုံးအခေါက်တွင် လူနာအား 'ပရိတ်ကြီး (၁၁)သုတ် နာမလား'မေးရာ ခေါင်းညိတ်ပြသဖြင့် ပရိတ်ကြီး (၁၁)သုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ပေး၏။ နောက်တစ်ရက်တွင် စာရေးသူလည်း ဆေးရုံသို့ မရောက်ဖြစ်ခဲ့ပေ။ ထိုရက်က စာရေးသူ၏ ရဟန်းအမ လူမမာ သေဆုံးသွားသည်ဟူသော သတင်းကြားရ၏။ ဤသည်တို့ကား စာရေးသူ၏ အသုဘကမ္မဋ္ဌာန်း ရှုမှတ်စဉ်နှင့် အပြီးကာလ တစ်စိတ်တစ်ဒေသတွင် တွေ့ကြုံရသော ဖြစ်ရပ်ဆန်းကလေးများပင်။

◆ ◆ ◆



# ဂုဏ်တော်ကာန်ချီး

နှင့်

# အံ့ဖွယ်ကိုယ်တွေ့ဖြစ်ရပ်များ

## မောင်ရွှင်ခန့်